# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုး ရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ် ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲ ဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေ ကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)**


၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၃၁)


# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး H. E. Dr. Ito Sumardi အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



**တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး H. E. Dr. Ito Sumardi အား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေ ရင်းနှီးပွင့်လင်းစွာဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံ အွန်တေရီယို ပြည်နယ်ဝန်ကြီးချုပ်ဟောင်း Hon. Robert Rae အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ အပါအဝင် ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံ အွန်တေရီယို ပြည်နယ်ဝန်ကြီးချုပ်ဟောင်း Hon. Robert Rae အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်

**ဖုံးကွယ်နေသည့် အမှန်တရားတချို့ ပေါ်ထွက်လာချိန်**

စာ » ၆

**မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးကို ဘက်ပေါင်းစုံက ကူညီထောက်ပံ့သွားမယ့် မူဝါဒကို ကိုင်စွဲထား**

စာ » ၉




## ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊
၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး၊
၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊
၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊

မြန်မာ့အလင်း

# ပြည်ထောင်စုကြီး ထာဝစဉ် တည်တံ့ရေး

မျက်မှောက်ကမ္ဘာ့နိုင်ငံများကို လေ့လာပါက နိုင်ငံဖွဲ့စည်းမှုပုံစံ အမျိုးမျိုး၊ အစိုးရနှင့် အုပ်ချုပ်မှုစနစ်အမျိုးမျိုးတို့ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးတို့ ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းများ ကွဲပြားခြားနားကြသည့်အလျောက် ဒီမိုကရေစီစနစ်ဖြင့် သမ္မတဦးဆောင်သော အစိုးရ၊ ဝန်ကြီးချုပ်ဦးဆောင်သော အစိုးရအဖွဲ့တို့ဖြင့် အုပ်ချုပ်သောစနစ်ကို ကျင့်သုံးသည့်နိုင်ငံများ၊ ဘုရင်စနစ်ကို ကျင့်သုံးသည့် နိုင်ငံများ၊ စည်းမျဉ်းခံဘုရင်နှင့် ပါလီမန်စနစ်ကို ကျင့်သုံးသည့် နိုင်ငံများ၊ ဦးဆောင်ပါတီကြီးတစ်ခုတည်းဖြင့် နိုင်ငံကို အုပ်ချုပ်သည့် နိုင်ငံများ စသည်ဖြင့် ကွဲပြားကြသည်။ နိုင်ငံကို ဖွဲ့စည်းတည်ဆောက်ရာတွင်လည်း တစ်ပြည်ထောင်စနစ်၊ ပြည်ထောင်စုစနစ်စသည်ဖြင့် ကျင့်သုံးကြသည်။ **United**၊ **Union**၊ **Federal** စသည်ဖြင့် နိုင်ငံအမည်တပ်ထားသော နိုင်ငံများမှာ ပြည်ထောင်စုနိုင်ငံများဖြစ်ကြသည်။

ပြည်ထောင်စုနိုင်ငံများအနက် **United State of America** ခေါ် အမေရိကန်ပြည်ထောင်စုမှာ ကမ္ဘာ့အင်အားကြီးနိုင်ငံ၊ အကြီးဆုံးသော ပြည်ထောင်စုနိုင်ငံကြီးတစ်ခုပင် ဖြစ်သည်။ စတင်တည်ထောင်ခဲ့သည့် ၁၇၇၆ ခုနှစ်က ပြည်နယ်ပေါင်း ၁၃ ပြည်နယ်ရှိခဲ့ရာမှ ယခုအခါတွင် ပြည်နယ်ပေါင်း ၅၀ ရှိလာခဲ့ပြီး ဗဟိုအစိုးရရုံးစိုက်သည့် ဝါရှင်တန်ဒီစီ အပါအဝင်ဆိုပါက ၅၁ ပြည်နယ်ရှိနေပြီဖြစ်သည်။ သမ္မတလင်ကွန်းလက်ထက် ၁၈၆၁ ခုနှစ်တွင် တောင်ပိုင်းပြည်နယ်များ ခွဲထွက်ခွင့်လှုပ်ရှားခဲ့ရာမှ အမေရိကန်ပြည်တွင်းစစ်ကြီး ဖြစ်ပွားခဲ့ရသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၁၆၀ ခန့်က အမေရိကန်သည် ၎င်း၏ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် ဤသို့လျှင် ရုန်းကန်ကြိုးပမ်းခဲ့ရသည့် သမိုင်းရှိခဲ့သည်။

**United Kingdom** ခေါ် ဗြိတိန်ဘုရင့်နိုင်ငံတော်သည်လည်း အင်္ဂလန်၊ ဝေးလ်၊ စကော့တလန်နှင့် မြောက်ပိုင်း အိုင်ယာလန်နယ်မြေတို့ကို စုစည်းထားခြင်းဖြစ်သည်။အိုင်ယာလန်တို့၏ လွတ်လပ်ရေးလှုပ်ရှားမှု၊ စကော့တလန်၏ ခွဲထွက်ရန် ဆန္ဒခံယူမှု စသည်တို့နှင့် တွေ့ကြုံခဲ့ရပြီး စုစည်းထားသည့် ဘုရင့်နိုင်ငံတော်ကြီး အစုအစည်းမပျက်စေရေးအတွက် ကြိုးပမ်းခဲ့ကြရကြောင်းလည်း လေ့လာခဲ့ရဖူးသည်။ ပြည်ထောင်စုများ စုစည်းနေထိုင်ကြခြင်း၏ အဓိကအကြောင်းရင်းမှာ အင်အားခိုင်မာတောင့်တင်းရေးအတွက် ဖြစ်သည်။ မိမိတို့၏အမျိုးအနွယ်တည်တံ့ရေး၊ ဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရေးနှင့်ညီညွတ်မှုတစ္စာ သာယာဝပြောရေးအတွက်လည်း ဖြစ်သည်။ သို့ဖြစ်သည့်အလျောက် ကမ္ဘာ့အင်အားကြီး ပြည်ထောင်စုနိုင်ငံများသည်ပင်လျှင် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ မပြိုကွဲစေရေးအတွက် သမိုင်းကြောင်းတစ်လျှောက် ကာကွယ်စောင့်ရှောက်ခဲ့ကြရသည်ကို တွေ့ရှိရမည် ဖြစ်သည်။

၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုးများစွာ စုစည်းနေထိုင်ကြသည့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည်လည်း ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ် နိုးကြားစွာဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိကြရန်မှာ ယနေ့ကာလအတွက် အရေးတကြီးလိုအပ်ချက်တစ်ရပ် ဖြစ်သကဲ့သို့ အနာဂတ်အတွက်လည်း အဓိက လိုအပ်ချက်တစ်ရပ် ဖြစ်နေသည်။ (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့၏ အမျိုးသားရေးဦးတည်ချက်များဖြစ်ကြသော -

၁။ ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ်နိုးကြားရှင်သန်ရေး၊
၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင်တည်ဆောက်ရေး၊
၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊
၄။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး တို့သည်လည်း တစ်မျိုးသားလုံးက မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ကြရမည့် လုပ်ငန်းလမ်းညွှန်များပင် ဖြစ်ပါကြောင်း။ ။

## ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**မြင်းမူ ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ တွင်းတော်ကျေးရွာ ခွင့်ပြုအတိုးရငွေကျပ် ၉ ဒသမ ၀ သန်းဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းနှင့် ဆိတ်လူးအိုင် ကျေးရွာခွင့်ပြုအတိုးရငွေကျပ် ၅ ဒသမ ၇ သန်းဖြင့် ဂျင်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီများက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၅ ရက်တွင် ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပြီးလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၀၇၇

# မြန်မာနိုင်ငံကင်းထောက်အဖွဲ့ နိုင်ငံတွင်းငြိမ်းချမ်းရေးသံတမန် ညှိနှိုင်းရေးမှူးများသင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့နှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်တို့ ပူးပေါင်းပြီး **"ငြိမ်းချမ်းရေးကို ဖန်တီးကြပါစို့"** ဆောင်ပုဒ်ဖြင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ နိုင်ငံတွင်း ငြိမ်းချမ်းရေးသံတမန် ညှိနှိုင်းရေးမှူးများသင်တန်း (Myanmar MoP Local Coordinators Training) ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပရာ ပြည်ထောင်စု ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်နာယက ဒေါက်တာတင်မျိုးဝင်း တက်ရောက်ပြီး အဖွင့် အမှာစကားပြောကြားသည်။

### လိုအပ်ချက်ကို ဖြည့်ဆည်း

ဖွင့်ပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နာယက ဒေါက်တာတင်မျိုးဝင်းက ငြိမ်းချမ်းရေးရှိမှ ငြိမ်းချမ်းရေးကိုအခြေခံပြီး တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးရာအဖြာဖြာကို တိုးတက် ဖွံ့ဖြိုးလာရန် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ယခုငြိမ်းချမ်းရေး သံတမန်သင်တန်းသည် ကင်းထောက်အဖွဲ့ဝင်များအတွက် အထူးလိုအပ်နေပြီး ကမ္ဘာ့နိုင်ငံများအားလုံးသည် ငြိမ်းချမ်းရေးကို မလိုသည့် နိုင်ငံမရှိပါကြောင်း၊ နိုင်ငံတကာနှင့်ဆက်စပ်နေပြီး ငြိမ်းချမ်းရေးရရန် လိုအပ်ချက်သုံးချက်မှာ မေတ္တာ၊ ကိုယ်ချင်းစာမှုနှင့် ယုံကြည်မှုများပင် ဖြစ်ပါကြောင်း၊ ကင်းထောက်ကတိဖြစ်သည့် သူတစ်ပါးအား အချိန်မရွေး ကူညီပါမည်ဆိုသည့် မေတ္တာအခြေခံမှသာ ယုံကြည်မှုတည်ဆောက်၍ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် အာရှပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့တို့မှ လာရောက်ကူညီ သင်တန်းပို့ချပေးသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးကို စိတ်ပါဝင်စားသူများလေလေ၊ တိုင်းပြည်အတွက် အကျိုးရှိလေလေဖြစ်ပါကြောင်း၊ တိုင်းပြည်အတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အတွက် ကမ္ဘာ့ကင်းထောက်အဖွဲ့ကြီးနှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ သင်တန်းနည်းပြဆရာများနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့တို့ကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

### စုပေါင်းဓာတ်ပုံရိုက်

ထို့နောက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့၏ ဖွံ့ဖြိုးရေးဌာနနှင့် ငွေကြေးဆိုင်ရာ ညွှန်ကြားရေးမှူး Mr.S.Prassanna Shrivastava (Director, Development Support and Finance) က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကိုလည်းကောင်း၊ ဒုတိယ ကင်းထောက်ချုပ် ဦးသာစိန်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားအပြီးတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံငြိမ်းချမ်းရေးကော်မရှင် အထောက်အကူပြု အဖွဲ့ဝင်များ၊ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကမ္ဘာ့ကင်းထောက် အဖွဲ့ချုပ် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ ဩစတြေးလျ၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား နိုင်ငံများမှ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာများ၊ မြန်မာနိုင်ငံ ကင်းထောက်ကြီးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

### သင်ကြားပို့ချပေးမည်

သင်တန်းတွင် နိုင်ငံတကာမှ သင်တန်းနည်းပြဆရာများက ပိုမိုကောင်းမွန်သော ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်း အညွှန်းမှုဘောင်များ၊ ငြိမ်းချမ်းရေးသံတမန်ဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ ချိတ်ဆက်ဆောင်ရွက်မှုများ၊ စီမံချက်ဆောင်ရွက်မှု အစီအစဉ်များ၊ ဒေသအလိုက်လုပ်ငန်း ဖြန့်ဝေဆောင်ရွက်မှုအစီအစဉ်များ၊ ကွင်းဆင်းလေ့လာရေးအစီအစဉ်များကို ဖေဖော်ဝါရီ ၁၁ ရက်အထိ ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုယ်စားပြု အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများ၊ တက္ကသိုလ်ကင်းထောက် ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၇-၂-၂၀၁၈

### ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

### စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် | (လက်လီဈေး) |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ . ၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ . ၄ |
| ထိုင်း | တစ်ဘတ် | ၄၂ . ၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ . ၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၈)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ယခင်အစည်းအဝေး (၂/၂၀၁၆) ဆုံးဖြတ်ချက်များ ရှင်းလင်းတင်ပြကာ အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာကော်မတီများအလိုက် ဆောင်ရွက်လျက်ရှိသည့် ဥပဒေကြမ်းများ၊ တိုင်ကြားစာများ၊ တွေ့ရှိချက်အစီရင်ခံစာများနှင့် သုံးသပ်အကြံပြုဆွေးနွေးချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က သက်ဆိုင်ရာကော်မတီများအနေဖြင့် ကဏ္ဍအလိုက် ဆောင်ရွက်သွားရမည့် ကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များနှင့် ပြင်ဆင်ဆောင်ရွက်သွားရမည့် လုပ်ငန်းများအားရှင်းလင်းပြောကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်စေရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းချက်များကို အာဆီယံဝန်ကြီးများက ထောက်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၇

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ၌ ဖေဖော်ဝါရီ ၆ ရက်က ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။**




ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၅ ရက်တွင် စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dr. Vivian Balakrishnan က တည်ခင်းဧည့်ခံသည့် အလုပ်သဘောညစာစားပွဲသို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ လည်းကောင်း အခြားအာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

**အတည်ပြုဆုံးဖြတ်**

အစည်းအဝေးတွင် ဝန်ကြီးများသည် ၂၀၁၈ ခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌ စင်ကာပူနိုင်ငံမှ ရွေးချယ်အဆိုပြုထားသည့် "ကြံ့ခိုင်နိုင်စွမ်းနှင့် တီထွင်ဆန်းသစ်မှု ဘာသာရပ်"ခေါင်းစဉ်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကြံ့ခိုင်နိုင်စွမ်းရှိပြီး တီထွင်ဆန်းသစ်သော အာဆီယံဖြစ်ထွန်းလာရေးအတွက် အာဆီယံနိုင်ငံခေါင်းဆောင်များ၏ မျှော်မှန်းချက်ချမှတ်ရေး၊ အာဆီယံအဆင့်မြင့်နည်းပညာမြို့တော်များကွန်ရက် တည်ထောင်ရေး (ASEAN Smart Cities Network) နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဆိုင်ဘာလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အဆိုပြုချက်များအပါအဝင် အာဆီယံဥက္ကဋ္ဌ စင်ကာပူနိုင်ငံ၏ ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေး၌ (၃၁) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ခဲ့သော ကိစ္စရပ်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရေး ကိစ္စနှင့် နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ အရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ရခိုင်ပြည်နယ်အတွင်း နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားရေးအတွက် မြန်မာနိုင်ငံဘက်တွင် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား အလွတ်သဘော ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသို့ ရှင်းလင်းပြောကြားရာ၌ ပြည်ထောင်စုဝန်ကြီးက လက်ရှိ ရခိုင်ပြည်နယ်၏ လူသားချင်းစာနာမှု အခြေအနေမှာ ယခင်ကဲ့သို့ လူ့အသိုက်အဝန်းနှစ်ရပ်အကြား ပဋိပက္ခဖြစ်ပွားခြင်းကြောင့် မဟုတ်ဘဲ မြန်မာနယ်စပ်ရဲတပ်စခန်း ၃၀ အား အကြမ်းဖက်သမားများက ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်မှုများကြောင့် စတင်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ရခိုင်ပြဿနာမှာ ဘာသာရေးကိစ္စမဟုတ်ဘဲ တရားမဝင်လူဝင်မှုကိစ္စ၊ တရားဥပဒေစိုးမိုးရေးကိစ္စ၊ သဘာဝအရင်းအမြစ် ပြိုင်ဆိုင်ရယူလိုမှုကိစ္စနှင့် ဆင်းရဲနွမ်းပါးမှုတို့ပါဝင်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြဿနာဖြစ်ကြောင်း၊ မြန်မာအစိုးရအနေဖြင့် ယင်းပြဿနာအား ဖြေရှင်းရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်နေစဉ် ARSA အကြမ်းဖက်အုပ်စုက နိုင်ငံတကာက အာရုံစိုက်လာအောင် အကြမ်းဖက်မှုဖြင့် လှုံ့ဆော်မှုများ၊ သတင်းမီဒီယာများမှတစ်ဆင့် မဟုတ်မမှန်သတင်းများ ဖြန့်ချိရေးလုပ်ငန်းများဖြင့် ပြဿနာကို ပိုမိုဆိုးရွားအောင် ဖန်တီးလာခြင်းဖြစ်ကြောင်း၊ အာဆီယံအနေဖြင့် မြန်မာနိုင်ငံအစိုးရ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးမှု မြှင့်တင်ရေးနှင့် ဒေါက်တာ ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များ အကောင်အထည်ဖော်ရေးတို့တွင် လိုအပ်သည့်နေရာမှ ကူညီပံ့ပိုးနိုင်ပါကြောင်းနှင့် ရှုပ်ထွေးနေသည့် ပြဿနာအား မီးလောင်ရာလေပင့်လုပ်ရပ်များ၊ လူမှုအသိုက်အဝန်းနှစ်ခုအကြား ပိုမိုကွဲပြားစေမည့် ကြိုးပမ်းဆောင်ရွက်မှုများကို အားမပေးကြရန် ထည့်သွင်းပြောကြားခဲ့သည်။

**အာဆီယံဝန်ကြီးများထောက်ခံ**

အစည်းအဝေးအပြီးတွင် အာဆီယံဥက္ကဋ္ဌက ထုတ်ပြန်ခဲ့သည့် ကြေညာချက်၌ ရခိုင်ပြည်နယ်အတွင်း မြန်မာနိုင်ငံအစိုးရ၏ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အစီအစဉ်အား ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရက ဦးဆောင်ဆောင်ရွက်နေသည့် နေရပ်စွန့်ခွာသူများအား မခွဲခြားဘဲ ကူညီပံ့ပိုးမှုပေးရေး လုပ်ငန်းစဉ်များတွင် အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဗဟိုဌာန (AHA Centre) မှ လက်ရှိပါဝင်ဆောင်ရွက်နေမှုများကိုလည်း ကြိုဆိုကြောင်း၊ နေရပ်စွန့်ခွာထွက်ပြေးသူများ ပြန်လည်ပို့ဆောင်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးနိုင်ခြင်းနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးချက်များ အကောင်အထည်ဖော်ရေးအတွက် အကြံပေးဘုတ်အဖွဲ့ တည်ထောင်နိုင်ခြင်းတို့ကိုလည်း ကြိုဆိုကြောင်း၊ ရခိုင်ပြည်နယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်စေရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းချက်များကိုလည်း အာဆီယံဝန်ကြီးများက ထောက်ခံကြောင်း ထည့်သွင်းဖော်ပြခဲ့သည်။ **သတင်းစဉ်**

# ပြည်ထောင်စုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ရေး ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် PANNA Institute မှ Program Director ဒေါ်ထိုက်ထိုက်အောင်နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် PANNA Institute နှင့် ပတ်သက်၍ လက်ရှိ ဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းတင်ပြခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာန PANNA Institute နှင့် ဖက်ဒရယ်နိုင်ငံများဖိုရမ် မြန်မာနိုင်ငံရုံးတို့ ပူးပေါင်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရိုင်၊ မြို့နယ်များမှ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ကြီးဌာနအသီးသီးရှိ ဝန်ထမ်းများအား ပြည်ထောင်စုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ရေးအခြေအနေ၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ရေးဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## နေရာကျဲကျဲ မိုးရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကချင်ပြည်နယ်တွင် ယနေ့ နေရာကျဲကျဲ မိုးရွာနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကျဲကျဲ မိုးရွာနိုင်သည်။ **မိုး/ဇလ**

# နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား စစ်သင်္ဘောများ အပြန်အလှန်လည်ပတ်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

စင်ကာပူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဖိတ်ကြားချက်အရ စင်ကာပူလေကြောင်းပြပွဲ (Singapore Airshow 2018) တက်ရောက်ရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက် ညပိုင်းတွင် စင်ကာပူနိုင်ငံသို့ ရောက်ရှိကြသည်။


တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် Changi Exhibition Centre ၌ကျင်းပသည့် စင်ကာပူလေကြောင်းပြပွဲသို့ ရောက်ရှိပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာကြသည်။ **(ယာပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt. Gen. Perry Lim နှင့် Ministry of Defence Chalet၊ Changi Exhibition Centre ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ မလက္ကာရေလက်ကြား ပင်လယ်ပြင်လုံခြုံရေးနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား စစ်သင်္ဘောများ အပြန်အလှန်လည်ပတ်ရေး၊ စစ်ဘက်ဆေးပညာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ခင်းကျင်းပြသထားသည့် တိုက်ခိုက်ရေးလေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် သယ်ယူပို့ဆောင်ရေးလေယာဉ်များကို လည်းကောင်း၊ လေယာဉ်ပျံသန်းမှုပြသခြင်းကို လည်းကောင်း ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရွှေ့ပြောင်းအလုပ်သမားများ၏ မိသားစုလွှဲပို့ငွေများမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၇

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ အသစ်ပြန်လည်ဖွဲ့စည်းထားသော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။** (အောက်ပုံ)



ပြည်ထောင်စုဝန်ကြီးက ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်သည့် အေဂျင်စီများသည် အများယုံကြည်အားကိုးပြီး လေးစားထိုက်သူ၊ ကိုယ်ကျိုးစွန့်ပြီး အများအကျိုး ထမ်းဆောင်နိုင်သူ၊ ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူများဖြစ်ရန် လိုအပ်ပါကြောင်း၊ ပွဲစားများ၏ လိမ်ညာခြင်း၊ အခကြေးငွေ ပိုမိုကောက်ခံခြင်းများ မခံရစေရန်နှင့် အလုပ်အကိုင်များ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလုပ်အကိုင်အခွင့်အလမ်း (Job Fair)များကို လစဉ်တာဝန်ယူကျင်းပစေလိုကြောင်း၊ ပြည်ပနိုင်ငံများသို့ အထွေထွေလုပ်သားစေလွှတ်ခြင်းမှတစ်ဆင့် ကျွမ်းကျင်လုပ်သား စေလွှတ်နိုင်ရေးအတွက် လေ့ကျင့်ရေးသင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဖွဲ့ချုပ်အနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကိုရှေးရှုပြီး သိက္ခာရှိသော အဖွဲ့ချုပ်အဖြစ် ရပ်တည်သွားစေလိုကြောင်းနှင့် ပြည်ပရောက် ရွှေ့ပြောင်းအလုပ်သမားများ၏ မိသားစုလွှဲပို့ငွေများမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေရန်၊ အလုပ်သမားများ၏ မျှော်လင့်ချက်ကို ကူညီပံ့ပိုးပေးရန်လိုပါကြောင်း၊ အေဂျင်စီများ၏ အကျိုးစီးပွားများကိုလည်း ဖြစ်ထွန်းစေလိုကြောင်း၊ ထို့အပြင် အသင်းချုပ်ကြီးအနေဖြင့် အေဂျင်စီများမှ အားကိုးအားထားပြုနိုင်သည့် အသင်းအဖွဲ့ကြီးတစ်ခု ဖြစ်စေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည်များကို တင်ပြဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြား၊ ရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းရင်းသားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှုပေးခြင်းနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အထောက်အပံ့ပြု ဆောင်ရွက်နေ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် စင်ကာပူနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Ms. Vanessa Chan အား ယနေ့ မွန်းလွဲ ၂ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ခြင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှုပေးခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အထောက်အပံ့ပြု ဆောင်ရွက်နေပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံ ဆွေးနွေးခြင်းဖြင့် ဆောင်ရွက်နိုင်သောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဆွေးနွေးပွဲသို့ အားလုံးပါဝင်တက်ရောက်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်နေပါကြောင်း၊ သံအမတ်ကြီးက ယခင်ရက်များတွင် ရခိုင်ပြည်နယ်သို့ သွားရောက်၍ မြေပြင်အခြေအနေကို ကြည့်ရှုပြီးဖြစ်သဖြင့် မြန်မာနိုင်ငံက နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံနိုင်ရေး ဆောင်ရွက်နေမှုများ၊ ဖြစ်ရပ်မှန်အခြေအနေများကို သိရှိမည်ဟု ယုံကြည်ပါကြောင်း၊ အဆိုပါအစီအစဉ်ကို နိုင်ငံတကာအသိုက်အဝန်းသို့ အသိပေးစေလိုပါကြောင်း ပြောကြားသည်။

သံအမတ်ကြီးက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားများအတွက် ဆောင်ရွက်နေမှုများကိုသိရှိရ၍ ဝမ်းမြောက်ပါကြောင်း၊ ရခိုင်ပြည်နယ်ကိစ္စသည် ပြည်တွင်းရေးဖြစ်သည့်အတွက် မိမိတို့နိုင်ငံက ဝင်ရောက်၍ စွက်ဖက်မှုပြုလုပ်မည် မဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သာ ဖြေရှင်းရမည့် ကိစ္စသာဖြစ်ပါကြောင်း၊ စင်ကာပူနိုင်ငံအနေဖြင့် ရန်ကုန်မြို့ရှိ မြန်မာ-စင်ကာပူ သင်တန်းကျောင်းတွင် IAI အစီအစဉ်ဖြင့် သင်တန်းများဖွင့်လှစ်၍ သင်ကြားပေးနေပါကြောင်း၊ ဝန်ကြီးဌာနက ပါဝင်တက်ရောက်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၁၇- ၂၀၁၈ ပညာသင်နှစ် အခြေခံပညာနှစ်ဆုံးစာမေးပွဲ နိုင်ငံတစ်ဝန်း၌ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် နှစ်ဆုံးစာမေးပွဲကို ဖေဖော်ဝါရီ ၇ ရက်တွင် စတင်ကျင်းပသည်။

ယခုနှစ်တွင် သင်ရိုးညွှန်းတမ်းအသစ်ဖြင့်သင်ကြားသော ပထမတန်းကို စာသင်ခန်းအတွင်း ပုံမှန်စစ်ဆေးမှုပြုလုပ်၍ စစ်ဆေးအကဲဖြတ်ခြင်းပြုလုပ်ရန် သတ်မှတ်ထားကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ သိရသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဒုတိယတန်း၊ တတိယတန်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းနှင့် နဝမတန်းများ၏ ကျောင်းတွင်းနှစ်ဆုံးစာမေးပွဲများကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၆ ရက်အထိ တစ်ရက်လျှင် တစ်ဘာသာနှုန်းဖြင့် စာသင်ချိန် တစ်ချိန်စာသာ စစ်ဆေးမည်ဖြစ်သည်။

ယခုပညာသင်နှစ်၏ အခြေခံပညာအတန်းများဖြစ်သည့် စတုတ္ထတန်းနှင့် အဋ္ဌမတန်းများ၏ နှစ်ဆုံးစာမေးပွဲစစ်ဆေးခြင်းများကို လာမည့် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၆ ရက်အထိနှင့် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၇ ရက်မှ ၁၆ ရက်အထိ တစ်ရက်လျှင် တစ်ဘာသာ စစ်ဆေး ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် အခြေခံပညာအဆင့်၌ KG သီးသန့် ၇၉၅၉၆ ဦး အပါအဝင် မူလတန်းတွင် ၄၅၀၇၁၂ ဦး၊ အလယ်တန်းတွင် ၃၃၂၉၀၀၊ အထက်တန်းတွင် ၁၃၁၂၂၆ ဦး အပါအဝင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၁၄၃၃၈ ဦး တက်ရောက်ပညာသင်ကြားခဲ့ကြောင်း ပညာရေးမှူးရုံးမှ ကျောင်းဖွင့်ရာသီက သတင်းထုတ်ပြန်ချက်အရ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌လည်း အခြေခံပညာကျောင်း ၄၁၈၆ ကျောင်းတွင် ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်အတွက် စာမေးပွဲများ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအနက်မှ တက္ကသိုလ်ဝင်တန်း၊ အဋ္ဌမတန်းနှင့် စတုတ္ထတန်း ကျောင်းသား ကျောင်းသူများမှအပ ကျန်ကျောင်းသား ကျောင်းသူများ၏ ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်အတွက် အတန်းတင်စာမေးပွဲများကို တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အသီးသီးမှ ကျောင်းများတွင်လည်း ယနေ့နံနက်ပိုင်းက အေးချမ်းစွာ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ၏ ၂၀၁၇- ၂၀၁၈ ပညာသင်နှစ် ဒုတိယတန်း၊ တတိယတန်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းနှင့် နဝမတန်းများ၏ နှစ်ဆုံးစာမေးပွဲများကို တစ်ပြိုင်နက်တည်း စတင်ကျင်းပခဲ့ရာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများနှင့် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများက စာမေးပွဲကို အေးချမ်းစွာ ဖြေဆိုခဲ့ကြကြောင်း သိရသည်။

မတ် ၇ ရက်တွင် စတင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာပြည်တစ်ပြည်လုံး၌ ကျောင်းတွင်းဖြေဆိုသူ ၅၁၈၀၀၆ ဦးနှင့် ကျောင်းပြင်ပ ဖြေဆိုသူ ၃၂၆၂၃၁ ဦး စုစုပေါင်း ၈၄၄၂၃၇ ဦးတို့ ဖြေဆိုကြမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ကျောင်းတွင်းဖြေဆိုသူ ၇၂၈၉၀ နှင့် ကျောင်းပြင်ပဖြေဆိုသူ ၄၈၄၄၀ စုစုပေါင်း ၁၂၁၃၃၀ တို့ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ သိရသည်။

**သတင်း-ဉမ္မာသန့်၊ အေးမြ(မန္တလေး)**

❇ *ကျော်ဖုံးမှ*

လေ့လာဆန်းစစ်မှုများ ပြုလုပ်ကြစေလိုကြောင်း ပြောကြားသည်။

**အဆင့်မြင့်ပညာရပ်များ သင်ယူနိုင်**

အဆိုပါ မင်းတပ်တက္ကသိုလ် တည်ဆောက်နိုင်မည့်မြေနေရာကို မင်းတပ်မြို့ပေါ်နှင့် မင်းတပ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူ မြေယာပိုင်ရှင်များက စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်ပြီး မင်းတပ်တက္ကသိုလ် (သို့မဟုတ်) ကောလိပ်ဖွင့်လှစ်ခွင့်ရရှိမည်ဆိုပါက ချင်းပြည်နယ်တောင်ပိုင်းရှိ မင်းတပ်မြို့၊ မတူပီမြို့၊ ကန်ပက်လက်မြို့၊ ပလက်ဝမြို့၊ ရေဇွာမြို့၊ လိုင်လင်းပီမြို့၊ ဆမီးမြို့နှင့် မကွေးတိုင်းဒေသကြီးရှိ ထီးလင်းမြို့၊ ဂန့်ဂေါမြို့၊ ဆောမြို့နှင့် ကျောက်ထုမြို့နယ်များအတွင်းရှိ ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာရပ်များကို လွယ်ကူစွာ သင်ယူနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့သည် မင်းတပ်ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးကုသမှု ခံယူလျက်ရှိနေကြသူများအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် မင်းတပ်ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်ဆောင်ဆောက်လုပ်ပြီးစီးမှုနှင့် အလျား ၁၄၄ ပေနှင့် အနံ ၄၃ ပေရှိ ရှစ်ခန်းတွဲ နှစ်ထပ် RC ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မင်းတပ်မြို့မဈေးသစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ မတူပီပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်



ယာယီရှင်းလင်းဆောင်၌ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းတို့က ရှင်းလင်းတင်ပြကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မင်းတပ်မြို့မဈေးသစ် တည်ဆောက်ရေးလုပ်ငန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါဈေးသည် ၂၀၁၆ ခုနှစ်တွင် မီးလောင်ပျက်စီး ဆုံးရှုံးခံခဲ့ရသဖြင့် ပြည်ထောင်စုရန်ပုံငွေနှင့် အမျိုးသားသဘာဝဘေး ရန်ပုံငွေတို့ဖြင့် ပြန်လည်တည်ဆောက်နေခြင်းဖြစ်ပြီး ဈေးသစ်သည် အလျားပေ ၁၅၀ နှင့် အနံ ၁၂၇ ပေရှိကာ RC နှစ်ထပ်ခွဲ အမျိုးအစားဖြစ်ကြောင်း သိရသည်။

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသူ တစ်ဦးအား ထောက်ပံ့ငွေပေးအပ်ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစဉ်။** သတင်းစဉ်

**လမ်းအဆင့်မြှင့်တင်ခြင်းကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မင်းတပ်-ကန်ပက်လက်လမ်းတာချဲ့ခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းကို ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကန်ပက်လက်မြို့ Win Unity ဟိုတယ်သို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနနှင့် VSO တို့အကြား သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနနှင့် Voluntary Service Overseas (VSO)တို့အကြား သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲက ပညာရေးဝန်ကြီးဌာနရုံးအမှတ် (၅၂)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့ အခမ်းအနားသည် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန၏ စွမ်းဆောင်ရည်မြှင့်တင် တည်ဆောက်မှုလုပ်ငန်းဆောင်ရွက်နိုင်ရန် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနနှင့် Voluntary Service Overseas (VSO) တို့အကြား အပြန်အလှန် နားလည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံရှိ ကလေးသူငယ်များအတွက် အကျိုးဖြစ်စေမည့် ပညာရေးကဏ္ဍအတွက် ထောက်ပံ့ပေးသော Voluntary Service Overseas (VSO) နှင့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနတို့အကြား သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း၊ အားလုံးပါဝင်နိုင်သည့် အရည်အသွေးရှိသော ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဖြစ်ပေါ်လာစေရန် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ ပညာသင်ယူသူများအနေဖြင့်၎င်းတို့၏ ဘဝတစ်သက်တာ သင်ယူမှုနှင့် အလုပ်အကိုင် မျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရေးအတွက် အရည်အသွေးအာမခံမှုရှိပြီး အသိအမှတ်ပြုထားသော ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးအစီအစဉ်များဖြင့် သင်ယူတတ်မြောက်လာနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲနှင့်




Voluntary Service Overseas (VSO- Myanmar) မှ Country Director Ms.Joyce Laker တို့က သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးရခြင်း အကြောင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြပြီး နားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းတိုင်းရင်းသားများ ရိုးရာအကပဒေသာကပွဲနှင့် အစားအစာရောင်းချပွဲ ရန်ကုန်၌ စည်ကားစွာကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

(၇၁)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ရှမ်းတိုင်းရင်းသားများ ရိုးရာအကပဒေသာကပွဲနှင့် အစားအစာ ရောင်းချပွဲကို ယနေ့ညပိုင်းက ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ရှမ်းတိုင်းရင်းသားများနှင့်အတူ ရန်ကုန်မြို့နေ တိုင်းရင်းသားညီအစ်ကို ပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ညနေ ၆ နာရီတွင် ရှမ်း၊ ပအိုဝ်း၊ လားဟူ၊ ခနော်၊ အင်း၊ တအာင်း (ပလောင်)၊ ကိုးကန့်တို့မှ တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖျော်ဖြေရေးအဖွဲ့များက တိုးနရား၊ ကိန္နရီ၊ ကိန္နရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော (၇၁)နှစ်မြောက် ရှမ်းပြည်နယ်နေ့ သဝဏ်လွှာကို



ရှမ်းပြည်နယ်နေ့ ဖြစ်မြောက်ရေး ကော်မတီ (ရန်ကုန်) ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်မြင့်ခိုင်က ဖတ်ကြားပြီး ဥက္ကဋ္ဌ စဝ်သီတာထွေးက ရှမ်းပြည်နယ်နေ့ဖြစ်ပေါ်လာပုံအကြောင်းကို ပြောကြားသည်။

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်ကို ကျင်းပရာ တိုက်ကြီး ရှမ်းယဉ်ကျေးမှုအဖွဲ့၊ ခနော်တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၊ ထုင့်မောဝ်းအသင်း၊ သီပေါအသင်း၊ အင်းသားအသင်းယဉ်ကျေးမှုအဖွဲ့၊ လားဟူယဉ်ကျေးမှုအဖွဲ့၊ လားရှိုးအသင်း၊ ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)၊ ကျောက်မဲအသင်း၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှု အဖွဲ့(ရန်ကုန်)၊ တအာင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)၊ ရှမ်းတိုင်းရင်းသား တေးသံရှင်များနှင့် Myanmar Idol အစီအစဉ်မှ အဆိုတော်များက တေးသီချင်းများကို သီဆိုပေးပြီး ရိုးရာအကများကို အဖွဲ့လိုက် အလှည့်ကျဖျော်ဖြေ တင်ဆက်ကြသည်။

ယနေ့ အခမ်းအနားတွင် ရိုးရာစားသောက်ဆိုင်များ၊ အဝတ်အထည်ဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များကို ဖွင့်လှစ်ရောင်းချခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ -တင်စိုး(မြန်မာ့အလင်း)**

# ဖုံးကွယ်နေသည့် အမှန်တရားတချို့ ပေါ်ထွက်လာချိန်

**အယ်ဒီတာတစ်ဦး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာနိုင်ငံဘက်မှ နေရပ်စွန့်ခွာ ထွက်ပြေးလာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ နှစ်နိုင်ငံ သဘောတူညီချက်များအရ မြန်မာနိုင်ငံဘက်မှ ပြန်လည်လက်ခံရန် အဆင်သင့်ဖြစ်နေချိန်၊ ဘင်္ဂလားဒေ့ရှ်ဘက်တွင်မူ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်ကို ဇန်နဝါရီလ ၂၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးနောက် ဒုက္ခသည်များ ပြန်လည်ပို့ဆောင်မည့်အစီအစဉ်ကို ရွှေ့ဆိုင်းလိုက်သည်။

**ယာယီလက်ခံမည့်စခန်းများ ဖွင့်ကာစောင့်ဆိုင်း**

ရေလမ်း၊ ကုန်းလမ်းတို့မှ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ယာယီလက်ခံမည့် စခန်းများဖွင့်ကာ မြန်မာဘက်မှ အသင့် စောင့်ဆိုင်းနေပြီဖြစ်သည့်တိုင် တစ်ဖက်နိုင်ငံတွင်မူ လိုအပ်ချက်များရှိနေမှုနှင့် ပြင်ဆင်ရန်များ ရှိနေမှုတို့ကြောင့်ဟုဆိုကာ နှစ်နိုင်ငံသဘောတူညီခဲ့သည့် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ဒုက္ခသည်တစ်ဦးတစ်ယောက်ကိုမျှ ပြန်လည်မပို့နိုင်ခဲ့။ ဒီအခြေအနေများမှာပင် မြန်မာနိုင်ငံဘက်က နေရပ်စွန့်ခွာသူ အရေအတွက်အနည်းငယ်တို့က ဘင်္ဂလားဒေ့ရှ်ဘက်သို့ ဆက်လက်သွားရောက်နေကြဆဲဖြစ်ကာ နိုင်ငံတကာအသိုင်းအဝိုင်းကမူ ပြန်လည်လက်ခံရေးအစီအစဉ်များနှင့် စပ်လျဉ်း၍ ၎င်းတို့ ပြဋ္ဌာန်းထားသည့် တောင်းဆိုချက်များဖြင့် မြန်မာနိုင်ငံအပေါ် ဆက်လက်ဖိအားပေးမှု ပြုလုပ်လျက်ရှိနေသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဖေဖော်ဝါရီ (၃-၄)ရက်က ကမ္ဘာကျော် အမေရိကန်သတင်းစာကြီး တစ်စောင်ဖြစ်သည့် The New York Times ၏ မျက်နှာဖုံးတွင် ဖော်ပြထားသည့် သတင်းဓာတ်ပုံ၏ ပုံစာသည်လည်းကောင်း၊ အတွင်းစာမျက်နှာ ကမ္ဘာ့ရေးရာကဏ္ဍတွင် ဖော်ပြခဲ့သည့် သတင်းဆောင်းပါးသည် လည်းကောင်း၊ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မောင်တောဒေသအရေးနှင့် စပ်လျဉ်း၍ ကမ္ဘာ့မီဒီယာ (အထူးသဖြင့် အနောက်နိုင်ငံမီဒီယာ)များမှ ရေးသားဖော်ပြနေကျပုံစံများနှင့် မတူဘဲ မူကွဲနေခဲ့သည်။ ရေးသူမှာ နယူးယောက်တိုင်းမ်သတင်းစာ၏ ဗန်ကောက်အခြေစိုက် အရှေ့တောင်အာရှ ဗျူရိုအကြီးအကဲ သတင်းစာဆရာမ ဟန်နာဘီးချ် ဖြစ်သည်။


LEDA JOURNAL
LEDA, BANGLADESH

Blurring fact and fiction in Rohingya camps risks undermining their case

BY HANNAH BEECH

The four young sisters sat in a huddle, together but alone.

Their accounts were dramatic: Their mother had died when their home was burned by soldiers in Rakhine State in western Myanmar. Their father was one of thousands of Rohingya Muslims who had disappeared into official custody and were feared dead.

Somehow, the sisters — ages 12, 8, 5 and 2 — made their way to refuge in Bangladesh. An uncle, who had been living for years in the Rohingya refugee camps in Bangladesh, had taken them in, adding the girls to his own collection of hungry children.

"My parents were killed in Myanmar," said the eldest girl, Januka Begum. "I miss them very much."

I was reporting on children who had arrived in the camps without their families. An international charity, which had given financial support to the uncle, brought me to meet the girls.

Within an hour, I had a notebook filled with the kind of quotes that pull at heart-strings. Little of it was true.

After three days of reporting, the truth began to emerge. Soyud Hossain, the supposed uncle who had taken the girls in, was actually their father. He had three wives, two in Bangladesh and one in Myanmar, he admitted. The children were from his youngest wife, the one in Myanmar.

In any refugee camp, tragedy is commodified. Aid groups want to help the neediest cases, and people quickly real-ize that the story of four orphaned sis-

မောင်တောဒေသအရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာမီဒီယာများတွင် ရေးရိုးရေးစဉ် ဖြစ်ရပ်များ(ယင်းဖြစ်ရပ်များမှာလည်း ဒုက္ခသည်ဆိုသူများ၏ နှုတ်ထွက်ပြောစကားသက်သက်မျှသာ)နှင့် မြန်မာ့တပ်မတော်မှ ကျူးလွန်ခဲ့သည်ဆိုသော အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ၊ အဓမ္မပြုကျင့်မှုများ၊ ကျေးရွာများကို မီးရှို့မှုများ စသည့် စွပ်စွဲချက်များ မှန်ကန်မှု ရှိ၊ မရှိ စတင်စူးစမ်းလာသည့် အနေအထားကို ဟန်နာဘီးချ်၏ သတင်းဆောင်းပါးတွင် တွေ့ရှိရသည်။ တစ်နည်းအားဖြင့် သူ၏ သတင်းဆောင်းပါးသည် တစ်ဖက်နိုင်ငံရောက် ဒုက္ခသည်ဆိုသူများ၏ အတွင်းရေး ဇာတ်လမ်းအချို့လည်း ဖြစ်သည်။ သာမန်အားဖြင့်ဆိုလျှင် သတင်းထောက်များ

**■ မောင်တောဒေသအတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များနှင့် နောက်ဆက်တွဲ ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ သတင်းများရေးသားကြရာတွင် နိုင်ငံတကာသတင်းဌာနများမှ သတင်းသမားများ လျစ်လျူရှုခဲ့သော အချက်အလက်များစွာရှိခဲ့**

**■ မောင်တောဒေသ ပဋိပက္ခများ၏ သမိုင်းကြောင်း နောက်ခံ၊ ဒေသခံ တိုင်းရင်းသားများ ခံစားခဲ့ကြရသည့် ပျက်စီးဆုံးရှုံးနစ်နာမှုများ၊ ဒေသခံ တိုင်းရင်းသားများ၏ ခံစားချက်များ စသည်တို့မှာ မည်သည့်သတင်းဌာန၏ စိတ်ဝင်တစား အလေးထားမှုကိုမှ မခံရ**

အနေဖြင့် ဒုက္ခသည်စခန်းတာဝန်ခံများက ရွေးချယ်ပေးတွေ့လေ့ရှိကြသည့် ဇာတ်နာအောင် ပြောတတ်သူများထံမှ ကြားရသမျှကိုပင် အချက်အလက်မှန်များအဖြစ် သတင်းလုပ်ကာ မီဒီယာပေါ်တင်ကြမြဲ။

**ရုပ်ပုံကားချပ်တစ်ခုသည်လည်း သတင်းတစ်ပုဒ်ဖြစ်**

သို့ဖြင့် ဒုက္ခသည်ကလေးတစ်ဦးက ရေးဆွဲပြသည့် ရုပ်ပုံကားချပ်တစ်ခုသည်လည်း သတင်းတစ်ပုဒ်ဖြစ်လာခဲ့သလို သားသည်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၏ ဘေးဒုက္ခကို ရင်ဆိုင်ကြုံတွေ့နေရဟန် ဓာတ်ပုံ၊ ရုပ်ရှင်ပုံတို့ကလည်း မြင်ရ၊ ကြားရသူတို့၏ စိတ်နှလုံးကို ဆွဲကိုင်လှုပ်ခါစေနိုင်သော အကောင်းဆုံး သက်သေများ ဖြစ်လာခဲ့ကြသည်။ သို့ရာတွင် ယင်းအသွင်သဏ္ဌာန်တို့၏ နောက်ကွယ်မှ ဖုံးကွယ်နေသော အမှန်တရားများကို တူးဆွဖော်ထုတ်ရန်မှု မည်သည့် မီဒီယာကမျှ စိတ်ဝင်စားခြင်း မရှိခဲ့ကြ။

ဟန်နာဘီးချ်သည်ပင်လျှင် နယူးယောက်တိုင်းမ်မှ အယ်ဒီတာ၏ တာဝန်ပေးချက်အရ ဘင်္ဂလားဒေ့ရှ်မှ ဒုက္ခသည်စခန်းသို့ သွားရောက်ကာ အတွင်းကျကျ လေ့လာစုံစမ်းရေးသားခဲ့ခြင်းဖြစ်သည်။ သူ့ကို တာဝန်ပေးခဲ့သည့် အယ်ဒီတာက မြန်မာလုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ရက်စက်ကြမ်းကြုတ်သည့် လုပ်ရပ်များအကြောင်း၊ ဒုက္ခသည်များ ခံစားကြရသည့် ဒုက္ခဇာတ်လမ်းများအကြောင်းတို့ မည်မျှ မှန်ကန်မှု ရှိ၊ မရှိ သိလိုခဲ့သည် ဟု ဆိုသည်။ မည်သို့ပင်ဆိုစေ ဟန်နာဘီးချ်၏ သတင်းဆောင်းပါးမှ တစ်ဆင့် ဒုက္ခသည်စခန်း၏ သဘောသဘာဝအချို့ကို မိမိတို့ သိရှိခွင့်ရခဲ့သည်။

**သူ့ထက်ငါ ဇာတ်နာသည်ထက် နာပြ**

ကူညီကယ်ဆယ်ရေး အဖွဲ့အစည်းများ၏ ပေးကမ်းဝေငှမှုကို ဦးစားပေးရရှိနိုင်ရန်အတွက် သူ့ထက်ငါ ဇာတ်နာသည်ထက် နာပြနေကြသူများ၊ ငိုနေသည့်ကလေးများကို ချီထားသော သားသည်မိခင်များကို အသုံးချကာ ကယ်ဆယ်ရေးပစ္စည်းများရရန် ကြိုးပမ်းကြပုံများကိုလည်း ရုပ်ရှင်မြင်ကွင်း တစ်ခုသဖွယ် တွေ့မြင်လာရသည်။

သူ၏ သတင်းဆောင်းပါးမှ ဇာတ်ကောင်တစ်ကောင်မှာ ဘင်္ဂလားဒေ့ရှ် ဒုက္ခသည် စခန်းတွင် နှစ်ပေါင်းများစွာ နေထိုင်ကာ ဘင်္ဂလားဒေ့ရှ်ဘက်တွင် ဇနီးနှစ်ဦးနှင့် မြန်မာ ဘက်တွင် ဇနီး တစ်ဦးရှိသော ဆိုယွတ်ဟူစိန်ဆိုသူ တစ်ဦးဖြစ်သည်။ သူက မြန်မာဘက်မှ ဇနီးဖြစ်သူ မွေးသည့် သမီး လေးဦးကို မိဘမဲ့တူမများအဖြစ် ဒုက္ခသည်စခန်းတွင် လိမ်လည်စာရင်းသွင်းထားသူဖြစ်ပြီး မိန်းကလေးများ၏ မိဘနှစ်ဦးမှာ မြန်မာနိုင်ငံတွင် အသတ်ခံခဲ့ရကြောင်း လုပ်ဇာတ်ခင်းထားခဲ့သည်။ ဆိုယွတ်ဟူစိန်မှာ ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းတွင် နှစ်ရှည်လများ နေထိုင်ပြီး ဇနီးသုံးယောက်ယူထားခဲ့သည့်အပြင် မြန်မာနိုင်ငံဘက်တွင်ရှိနေသည့် အသက် ၁၂ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကိုပင် မျက်စိကျကာ လက်ထပ်လိုနေသေးသူ ဖြစ်သည်ဟုလည်း ဆိုသည်။

ဟန်နာဘီးချ်၏ သတင်းဆောင်းပါးတွင် ပါဝင်သည့် နောက်ထပ် ဇာတ်ကောင်တစ်ကောင်မှာ နူးရ်ရှုတ်အမည်ရှိ အသက် ကိုးနှစ်အရွယ် ယောက်ျားလေးတစ်ဦးဖြစ်သည်။ သူ့မိဘများကို မြန်မာစစ်သားများက အိမ်အနီးရှိ သစ်ပင်တွင် ကြိုးဆွဲချ သတ်ခဲ့ကြောင်း၊ သူကိုယ်တိုင်ကမူ ပလတ်စတစ်ပုံးတစ်ပုံးဖြင့် မြစ်ကိုဖြတ်ကူးလာခဲ့ကြောင်း ဇာတ်လမ်းဆင်ပြောပြသည်။ သူ၏ အဘိုးနှင့် အဘွားလည်း မြန်မာစစ်တပ်က သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်ဟု ဆိုသည်။

သို့ရာတွင် စစ်စစ်ပေါက်ပေါက် မေးသောအခါ သူ့စကားတို့ ရှေ့နောက်မညီတော့။ လိမ်ညာပြောဆိုမှုတို့လည်း ပေါ်လာသည်။ နူးရ်ရှုတ်နေခဲ့သည်ဆိုသည့်ရွာမှ ရွာသားများကို ရှာဖွေမေးမြန်းရာတွင်မူ ၎င်းတို့ရွာတွင် ရွာသားတစ်ဦးတစ်လေမျှ သတ်ဖြတ်ခံရမှုမရှိကြောင်း တညီတညွတ်တည်း ဖြေကြားခဲ့သည်ဟု ဆောင်းပါးရှင်က ဆိုသည်။ စင်စစ် နူးရ်ရှုတ်အမည်ရှိ ကိုးနှစ်အရွယ် ထိုကလေးသည် မြန်မာနိုင်ငံဘက်မှ ဖြစ်သည်ဟု ဆိုရန်ပင် မသေချာ။

**ပဋိပက္ခများ၏ သမိုင်းကြောင်းနောက်ခံ**

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များနှင့် နောက်ဆက်တွဲဖြစ်ရပ်များနှင့် စပ်လျဉ်း၍ သတင်းများရေးသားကြရာတွင် နိုင်ငံတကာသတင်းဌာနများမှ သတင်းသမားများ လျစ်လျူရှုခဲ့သော အချက်အလက်များစွာ ရှိခဲ့သည်။ မောင်တောဒေသ ပဋိပက္ခများ၏ သမိုင်းကြောင်း နောက်ခံ၊ ဒေသခံတိုင်းရင်းသားများ ခံစားခဲ့ကြရသည့် ပျက်စီးဆုံးရှုံးနစ်နာမှုများ၊ ဒေသခံတိုင်းရင်းသားများ၏ ခံစားချက်များ စသည်တို့မှာ မည်သည့်သတင်းဌာန၏ စိတ်ဝင်တစား အလေးထားမှုကိုမှ မခံရ။

ထို့အပြင် လတ်တလောဖြစ်ရပ်များအပေါ်မှာပင်လျှင် ဘက်လိုက်ရေးသားမှုများ ရှိသည်ဟု မြန်မာပြည်သူများက ရှုမြင်ထားကြသည်။ နိုင်ငံတကာ မီဒီယာများ၏ လက်စွမ်းပြမှုများကြောင့် ရခိုင်ဒေသအကြမ်းဖက်မှုဟုဆိုလျှင် ကမ္ဘာ့အမြင်၌ မူလအကြမ်းဖက်သူများမှာ မှိန်ပျောက်ကွယ်သွားပြီး "မြန်မာစစ်တပ်နှင့် ဗုဒ္ဓဘာသာ လူရမ်းကားများ"ကြောင့်ဟု မြင်လာကြသည်။ အနောက်နိုင်ငံများမှ နိုင်ငံရေး အသိုင်းအဝိုင်း၊ ပညာရှင်အသိုင်းအဝိုင်း၊ မီဒီယာအသိုင်းအဝိုင်းများသို့ ဘင်္ဂါလီ အရေး တက်ကြွလှုပ်ရှားသူများက အချိန်ကာလများစွာကပင် ကြိုတင် လော်ဘီလုပ်ခဲ့ပြီးဖြစ်သည့် အားလျော်စွာ အချိန်ကိုက်ပေါ်ပေါက်လာသည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် များနောက်တွင် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ထက်ကြပ်မကွာ လိုက်ပါလာခဲ့ကြပြီး ဒီမိုကရေစီစနစ် ခိုင်မြဲအောင် ထူထောင်ခါစ မိမိတို့နိုင်ငံကို ဖိအားပေါင်းစုံ ပေးခဲ့ကြခြင်းဖြစ်သည်။

စင်စစ်အားဖြင့် ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက် တိုက်ခိုက်မှုများ၊ သတ်ဖြတ်မှုများ၊ ထွက်ပြေးတိမ်းရှောင်မှုများ စသည်တို့မှာ ပြဿနာတစ်ရပ်၏ အပေါ်ယံမျှသာဖြစ်သည်။ ပင်လယ်ထဲမျောနေသော ရေခဲတုံးကြီး၏ ရေပေါ်ပေါ်နေသော ထိပ်ပိုင်းမျှသာဖြစ်ပြီး မမြင်ရသည့် အောက်ပိုင်းမှာမူ အဆပေါင်းများစွာ ကြီးမားသည့် ထုထည်ကြီး ရှိနေသကဲ့သို့ပင် ဖြစ်သည်။ မောင်တောဒေသဖြစ်စဉ်များကို အမှန်အတိုင်း ပကတိဖြစ်စဉ်အတိုင်း သိရန်၊ နောက်ကွယ်မှ ကြိုးကိုင်စေစားနေသည့် အင်အားစုများကို ဖော်ထုတ်နိုင်ရန်အတွက်ဆိုလျှင်မူ အမှန်တကယ်သိလိုသော ဆန္ဒနှင့် လက်ကုန်နှိုက် တူးဆွနိုင်မှသာ ဖြစ်နိုင်လိမ့်မည်။

**အချိန်များစွာနောက်ကျပြီးမှ ပေါ်ပေါက်လာ**

ယခု ဟန်နာဘီးချ်ရေးသားခဲ့သည့် နယူးယောက်တိုင်းမ် သတင်းစာပါ သတင်းဆောင်းပါးသည်ပင် အချိန်များစွာ နောက်ကျပြီးမှ ပေါ်ပေါက်လာသည့် အယ်ဒီတာတစ်ဦး၏ သံသယနှင့် သိလိုစိတ်ကို အရင်းခံကာ ပေါ်ထွက်လာရခြင်းဖြစ်သည်။ မိမိတို့အလိုရှိရာ ရှုထောင့်မှ ချဉ်းကပ်ပြီး သတင်းတစ်ပုဒ်ကို လိုသလိုရေးနိုင်သည့် ဥဒါဟရဏ်တစ်ခုလည်း ဖြစ်သည်။

မိမိတို့နိုင်ငံအနေဖြင့်မူ "အလုပ်ဖြင့်သက်သေပြမည်"ဟူသည့် မူအတိုင်း လုပ်စရာရှိသည့်အလုပ်တို့ကို အရှိန်အဟုန်မပျက် လုပ်ကိုင်လျက်ရှိသည်။ ချီးမွမ်းခြင်း၊ ရှုတ်ချခြင်း၊ ကူညီပေးခြင်း၊ ဖိအားပေးခြင်း စသည်ဖြင့် မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းတို့က မည်သို့ပင် ပြုကြစေကာမူ မိမိတို့၏ အင်အားအစစ်အမှန်ဖြစ်သော ပြည်တွင်း အင်အား၊ စည်းလုံးညီညွတ်မှုအင်အားဖြင့်သာ အရာရာကို ရင်ဆိုင်ကြရမည်ဟု တင်ပြလိုပါကြောင်း။ ။

# နေပြည်တော်၌ Comprehensive University တစ်ခုဖွင့်လှစ်ရန် စီစဉ်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နေပြည်တော်၌ Comprehensive University တစ်ခုဖွင့်လှစ်ရန် စီစဉ်လျက်ရှိပြီး မြေနေရာရရှိရန် နေပြည်တော်ကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ အစည်းအဝေးတွင် ပြောကြားသည်။

**လွှတ်တော်သို့ တင်ပြ**

ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် နေပြည်တော် ပတ်ဝန်းကျင်ဒေသရှိ ကျောင်းသား ကျောင်းသူများနှင့် အသက်မွေးဝမ်းကျောင်းပညာကို သင်ယူလိုကြသော ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူရေးကို အထောက်အကူဖြစ်စေရန်အတွက် အတတ်ပညာပေါင်းစုံ၊ ပညာရပ်ပေါင်းစုံ၊ အသက်မွေးဝမ်းကျောင်းပညာပေါင်းစုံ၊ လုပ်ငန်းခွင် အတတ်ပညာပေါင်းစုံ အစရှိသည့် ဒေသ၏ လိုအပ်ချက်ကို ကိုက်ညီဖြည့်ဆည်းပေးနိုင်မည့် Comprehensive University တစ်ခုဖွင့်လှစ်ရန် စီစဉ်လျက်ရှိပါကြောင်း လွှတ်တော်သို့ တင်ပြခဲ့သည်။

**ရှင်းလင်းတင်ပြ**

ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးတင်လှ၏ **နေပြည်တော်တွင် အဆင့်မြင့်တက္ကသိုလ်တစ်ခုကို နိုင်ငံ၏လိုအပ်ချက်၊ မြို့တော်အင်္ဂါ၏ လိုအပ်ချက်နှင့် ပညာရေးဝန်ကြီးဌာန၏ လိုအပ်ချက်အားလျော်စွာ ဖွင့်လှစ်တည်ထောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ထိုသို့ရှင်းလင်းတင်ပြခဲ့ခြင်းဖြစ်သည်။

**ညှိနှိုင်းဆောင်ရွက်လျက်ရှိ**

ထို့ပြင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက Comprehensive University နှင့် လိုက်လျောညီထွေမှုရှိမည့် မြေနေရာ အကျယ်အဝန်း၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူကောင်းမွန်မှု၊ မြေနေရာ အခြေအနေပေးမှု အစရှိသည့် အင်္ဂါရပ်များနှင့် ပြည့်စုံသောနေရာ ရရှိရန် နေပြည်တော်ကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေနေရာ သတ်မှတ်ပြီးပါက တက္ကသိုလ်ဖွင့်လှစ်နိုင်ရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်သော ဘဏ္ဍာငွေကို တွက်ချက်တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေခွင့်ပြုချက်ရသည့် အချိန်မှစ၍ တက္ကသိုလ်တည်ထောင်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

❑ **မြေနေရာ သတ်မှတ်ပြီးပါက တက္ကသိုလ်ဖွင့်လှစ်နိုင်ရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်သော ဘဏ္ဍာငွေကို တွက်ချက်တင်ပြသွားမည်ဖြစ်၊ ဘဏ္ဍာငွေ ခွင့်ပြုချက်ရသည့် အချိန်မှစ၍ တက္ကသိုလ် တည်ထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မည်ဖြစ်။**

ယနေ့အစည်းအဝေးတွင် **မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ မိုင်းရယ်မြို့နယ်ရှိ အခြေခံပညာကျောင်း ၁၉ ကျောင်းတွင် ပညာသင်နှစ် နှစ်ဝက်ခန့်ခြောက်လတာ ကျောင်းအုပ်များလစ်လပ်နေခြင်းကို ပညာရေးဝန်ကြီးဌာနမှ မည်ကဲ့သို့စီစဉ် ဆောင်ရွက်ထားကြောင်း သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ် ၃ ရက်တွင် ရာထူးတိုးခန့်ထားခြင်းနှင့် ပြောင်းရွှေ့ခန့်ထားခြင်းများ ဆောင်ရွက်ခဲ့ရာ မိုင်းရယ်မြို့နယ်အတွင်း မူလတန်းကျောင်းအုပ် ၁၁ ဦး၊ အထက်တန်းပြ လေးဦး၊ အလယ်တန်းပြ ၂၃ ဦး၊ မူလတန်းပြ ၇၄ ဦး စုစုပေါင်း ၁၁၂ ဦး ဖြည့်ဆည်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ဆောင်ရွက်ရန်ရှိသည့် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး နေရာများကိုလည်း တစ်ပြည်လုံး အတိုင်းအတာဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိပါကြောင်း၊ အလယ်တန်း ကျောင်းအုပ်နေရာများတွင် ဖြည့်ဆည်း ခန့်ထားနိုင်ရန်အတွက် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ရေးဖြေစာမေးပွဲများကျင်းပခြင်းနှင့် လူတွေ့စစ်ဆေးခြင်း၊ ရွေးချယ်နေရာချထားခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၏ **ကျောင်းသားဦးရေ ၆၅ ဦးအောက် နည်းပါးသော မူလတန်းကျောင်းများမှ ကျောင်းဆရာ၊ ဆရာမ ဝန်ထမ်းများကို ခွင့်ယူ၍ လစ်လပ်နေသော မူလတန်းကျောင်းများသို့ ဝန်ထမ်းအင်အား ယာယီဖြည့်တင်းမှုပြုလုပ်ရန် လုပ်ပိုင်ခွင့်ကို မြို့နယ်အဆင့်ပညာရေးမှူးများသို့ လုပ်ပိုင်ခွင့်ပေးရန် အစီအစဉ် ရှိ၊မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကျောင်းသားအင်အားအရ ဆရာပိုနေသော အခြေခံပညာကျောင်းများရှိပါက ၎င်းကျောင်းများမှ ဆရာ၊ ဆရာမများကို ဆရာလိုအပ်နေသော အခြေခံပညာကျောင်းများသို့ ယာယီ သွားရောက်ကူညီသင်ကြားပေးခြင်းများကို ကျောင်းအုပ်စုအလိုက် စီမံဆောင်ရွက်ပေးရန် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများအားလုံးသို့ ညွှန်ကြားပြီးဖြစ်ကြောင်း ဖြေကြားသည်။

**မေးခွန်းများပြန်လည်ဖြေကြား**

ထို့ပြင် နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ၏ **နန်းယွန်းမြို့နယ်တွင် ဆရာ၊ ဆရာမများ မရှိသဖြင့် သင်ကြားရေးလုပ်ငန်းများ မလုပ်ဆောင်နိုင်သည့် ကျေးလက် အခြေခံပညာကျောင်းများ၌ ဆရာ၊ ဆရာမများ လုံလောက်စွာခန့်ထား၍ ပညာသင်ကြားပေးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **"လက်ရေးတိုပညာမှာ" လက်ရှိ တိုးတက်လာသော ကွန်ပျူတာခေတ်၊ မီဒီယာခေတ်တွင် ပျောက်ကွယ်နေပြီဖြစ်ကြောင်း တွေ့ရ၍ လက်ရေးတိုပညာ ပျောက်ကွယ်မသွားစေရေး တာဝန်ရှိသူများမှ ပြန်လည်ဖော်ထုတ်သင်ကြားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ **ထားဝယ်မြို့နယ် ကျောက်ရပ်ရွာ အခြေခံပညာမူလတန်းကျောင်းကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့ကိုလည်း ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေက **ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊ ဒေသခံဌာနေ တိုင်းရင်းသားတို့၏ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသော လူမှုဘဝကိုထူထောင်နိုင်ရန် ဒေသခံတိုင်းရင်းသားတို့၏ လိုအပ်ချက်များကို ရေတိုရေရှည် စီမံကိန်းများ ပွင့်လင်းမြင်သာစွာ ချမှတ်၍ ထိရောက်သော အကောင်အထည်ဖော် ဆောင်ရွက်မှုများကိုပြုလုပ်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

အဆိုတင်သွင်းရာတွင် ဦးအောင်သောင်းရွှေက တိုင်းရင်းသားပြည်သူများ၏ အသက်၊ အိုးအိမ်လုံခြုံရေး၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ရေတို၊ ရေရှည်စီမံကိန်းများ ပွင့်လင်းမြင်သာစွာ ချမှတ်ကာ ထိရောက် စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ပါကြောင်း။

**ဆွေးနွေးတင်ပြ**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၈၅)တွင် "နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း တာဝန်ဖြစ်သည်ဟု လည်းကောင်း၊ ပုဒ်မ(၂၁)(ဂ)တွင် ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတို့၏ တာဝန်ဖြစ်သည်ဟု လည်းကောင်း ဖော်ပြထားသည့်အတွက် နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်သူများနှင့်ပူးပေါင်းပြီး အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နယ်မြေကာကွယ်စောင့်ရှောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် အထူး လိုအပ်လျက်ရှိနေပါကြောင်း၊ ယခု ဒီမိုကရေစီခေတ် အစိုးရသစ်လက်ထက်တွင် အဆိုပါဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရအဆက်ဆက်၏ ဆောင်ရွက်ခဲ့မှုများမှ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ပြီး လက်ရှိအခြေအနေနှင့် အနာဂတ်အတွက်ရှေးရှုပြီး ရေရှည်တည်တံ့ခိုင်မြဲသော ထူထောင်ရေးလုပ်ငန်း ဖြစ်အောင် အကောင်းဆုံးဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းကြရန် အသိပေးကြေညာထားသည်။

**ကျော်သူထက်**

# ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ ကာရာအိုကေလုပ်ငန်းလိုင်စင်အသစ်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းမှ ဝင်ငွေ စုစုပေါင်း ကျပ် ၄၁ ဒသမ ၁ သန်းပေးသွင်းထားဟု သိရ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် (ဧပြီလမှ ဒီဇင်ဘာလ)အထိ ကာရာအိုကေလုပ်ငန်းလိုင်စင်အသစ် ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းမှ ဝင်ငွေအဖြစ် စုစုပေါင်း ငွေကျပ် ၄၁ ဒသမ ၁ သန်းပေးသွင်းထားပြီး ဘဏ္ဍာရေးနှစ်ကုန်ဆုံးပါက ငွေကျပ် ၅၄ ဒသမ ၈ သန်းခန့် ပေးသွင်းနိုင်မည်ဖြစ်ကြောင်း ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက ပြောကြားသည်။

ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာ၏ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားသော ကာရာအိုကေလုပ်ငန်းပေါင်း မည်မျှရှိပါသနည်း၊ လုပ်ငန်းလိုင်စင်အား ပြန်ကြားရေးဝန်ကြီးဌာနမှ မည်သည့်စည်းကမ်းချက်များနှင့်အညီ ထုတ်ပေးပါသနည်း၊ လိုင်စင်ခွန်အား မည်မျှသတ်မှတ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်မှ တိုင်းဒေသကြီး ကာရာအိုကေ လုပ်ငန်းများအတွက် အခွန်မည်မျှရရှိခဲ့သည်ကို သိရှိလိုကြောင်း မေးခွန်းမေးမြန်းမှုအပေါ် ဝန်ကြီးက ထည့်သွင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်း ၁-၂-၂၀၁၈ ရက်နေ့အထိ ခွင့်ပြုထားသော ကာရာအိုကေလုပ်ငန်းလိုင်စင် စုစုပေါင်း ၃၂၆ ခုရှိကြောင်း၊ တိုးတက်လာသည့် ခေတ်နှင့်အညီ ပြည်သူများ လက်ခံလာသည့် ဗီဒီယို ကာရာအိုကေသီဆိုခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးတွင် စည်းကမ်းတကျ တစ်ပြေးညီလုပ်ကိုင်နိုင်ရေးအတွက် ၁၁-၈-၂၀၀၀ ရက်နေ့တွင် ပြုလုပ်သော ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီ၏ ၂/၂၀၀၀ အစည်းအဝေးတွင် စည်းကမ်းချက် ၁၇ ချက်ကို အခြေခံ စိစစ်၍ ဆွေးနွေး ဆုံးဖြတ်ခဲ့ပါကြောင်း၊ ကာရာအိုကေလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ရာတွင် လုပ်ငန်းလိုင်စင်ကြေးအဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ တစ်ပြေးညီ သတ်မှတ်ထားသည့် နှုန်းထားဖြစ်သော ကာရာအိုကေစက်တစ်လုံးလျှင် ငွေကျပ် သုံးသောင်း၊ သက်တမ်းတိုးမြှင့်ခအဖြစ် ငွေကျပ် နှစ်သောင်း ကောက်ခံလျက်ရှိပါကြောင်း၊ ကာရာအိုကေလုပ်ငန်းမှရရှိသည့် လုပ်ငန်းလိုင်စင်ကြေး အသစ် သက်တမ်းတိုးမြှင့်ခနှင့် ရက်လွန်ဒဏ်ကြေးများကို တိုင်းဒေသကြီးအစိုးရ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းလျက်ရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် (ဧပြီလမှ ဒီဇင်ဘာလအထိ) ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေကို ကာရာအိုကေလုပ်ငန်းလိုင်စင်အသစ်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းမှ ဝင်ငွေအဖြစ် စုစုပေါင်း ငွေကျပ် ၄၁ ဒသမ ၁ သန်းပေးသွင်းထားပြီး ဘဏ္ဍာရေးနှစ်ကုန်ဆုံးပါက ကာရာအိုကေလုပ်ငန်းများမှ ရငွေအဖြစ် ငွေကျပ် ၅၄ ဒသမ ၈ သန်းခန့် ပေးသွင်းနိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# ဆမီးတိုက်နယ်ဆေးရုံသစ် ဆောက်လုပ်ရန် မြေနေရာအသစ်နှင့် နှစ်ထပ်လူနာဆောင် ဆောက်လုပ်ပေးရန် လျာထားပြီးဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၁၄ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသား လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခုကို လွှတ်တော် ဥက္ကဋ္ဌက အသိပေးတင်ပြခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။




အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဇော်တင်း၏ **ချင်းပြည်နယ် ဟားခါး မြို့နယ်တွင် ပေ (၁၂၀ × ၉၀) ဘက်စုံသုံး မိုးလုံ လေလုံ အားကစားအဆောက်အအုံအသစ်တစ်ခု ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ချင်းပြည်နယ်တွင် အားကစားတိုးတက်မြင့်မား စေရေးအတွက် မြို့နယ်များတွင် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်စေရန် အဆောက် အအုံများ တည်ဆောက်နေပါကြောင်း၊ ဟားခါး မြို့တွင် ဘက်စုံ ပေ(၁၂၀ × ၉၀) မိုးလုံလေလုံ အားကစားကွင်းအသစ်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာ နှစ်တွင် တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ရန်ပုံငွေ တောင်းခဲ့သော်လည်း မရခဲ့ပါကြောင်း၊ လက်ရှိ အားကစားကွင်းတွင် လစဉ်နေ့စဉ် လူမည်မျှလာ၍ မည်သည့်အားကစားများကို အများဆုံးပြုလုပ် သည်ကို လေ့လာခိုင်းမည်ဖြစ်ကြောင်း၊ အမှန် တကယ် အားကစားရုံတစ်ခုတည်းနှင့် လုံလောက်မှု မရှိလျှင် အားကစားရုံအသစ်ကို တည်ဆောက်ပေး မည်ဖြစ်ကြောင်း၊ လာရောက်ကစားသူနည်းပါက အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် မရှိပါ ကြောင်း ရှင်းလင်းဖြေကြားသည်။

## “တည်ဆဲဥပဒေများနှင့်မညီသည့် တရားမဝင် သယံဇာတ တူးဖော် ထုတ်လုပ်နေမှုများ၊ သစ်နှင့် သစ်တောထွက်ပစ္စည်း အမျိုးမျိုး၊ ရေသယံဇာတအမျိုးမျိုးတို့ကို ခိုးယူထုတ်လုပ်နေမှုများလည်း ရှိနေပါ ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၃၇) နှင့်အညီ သဘာဝ သယံဇာတများနှင့် ပတ်သက်သည့် တည်ဆဲဥပဒေများသည် အားနည်းချက် ရှိပါက ဥပဒေအသစ် ထပ်မံရေးဆွဲသင့်”

**လူနာဆောင်ဆောက်လုပ်ပေးမည်**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးတိုက်နယ်ဆေးရုံအား အဆောက်အအုံအသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆေးရုံတွင် လိုအပ်သည့် ဆရာဝန်အိမ်ရာ တစ်လုံး၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ နှစ်လုံးတို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တည်ဆောက်လျက် ရှိပါကြောင်း၊ ဆေးရုံတွင် လိုအပ်လျက်ရှိသည်များ ကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ သူနာပြု သုံးဦး ခန့်ထားပြီး နှစ်ဦး ထပ်မံတောင်းခံသော ကြောင့် ပြည်နယ်ဦးစီးမှူး ညှိနှိုင်းချက်အရ တစ်ဦး ကို လျာထားပါကြောင်း၊ ခတ်ခွဲလုပ်ငန်းဆိုင်ရာ ပစ္စည်းများကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ ခွဲစိတ်ဆောင် တိုးချဲ့ပေးရန်အတွက် ပေ (၃၀ × ၃၀) ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြုပြင် မွမ်းမံရန်ပုံငွေဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နှစ်ထပ် လူနာဆောင် ဆောက်လုပ်ပေးရန် တောင်းဆိုထားသော်လည်း မြေနေရာအသစ်နှင့် ဆေးရုံဆောက်လုပ်ရန် လျာထားပြီးဖြစ်၍ လောလောဆယ် ဆောက်ပေးနိုင်မှုမရှိသေးပါ ကြောင်း၊ ဆေးရုံအသစ်ဆောက်လျှင် နှစ်ထပ် လူနာဆောင်ကို ဆောက်လုပ်ပေးမည်ဖြစ် ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၃)မှ ဦးချစ်ထွေး၏ ဆုံကုန်းကြီး ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ပေးနိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည် ပြုပြီး ပေးပို့ထားသော **၁၉၄၈ ခုနှစ် ဆိပ်ကမ်း အလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အသိပေး တင်ပြသည်။

**ထိန်းသိမ်းလုပ်ဆောင်ရန်လိုအပ်**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၏ **ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတ များ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက် ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ကျော်စိုးဦးက မိမိတို့နိုင်ငံတွင် တည်ဆဲ ဥပဒေများနှင့်မညီသည့် တရားမဝင် သယံဇာတ တူးဖော်ထုတ်လုပ်နေမှုများ၊ သစ်နှင့် သစ်တော ထွက်ပစ္စည်းအမျိုးမျိုး၊ ရေသယံဇာတအမျိုးမျိုး တို့ကို ခိုးယူထုတ်လုပ်နေမှုများလည်း ရှိနေပါ ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၇) နှင့် အညီ သဘာဝသယံဇာတများနှင့် ပတ်သက်သည့် တည်ဆဲဥပဒေများသည် အားနည်းချက်ရှိပါက ဥပဒေအသစ် ထပ်မံရေးဆွဲသင့်ပါကြောင်း၊ မြန်မာ့ ပင်လယ်ပြင်တွင် တန်ဖိုးကြီးမားသည့် ရေပေါ် ရေအောက် သယံဇာတများစွာ ရှိပါကြောင်း၊ လုပသည့်ကျွန်းစုများ၊ ကမ်းခြေများ၊ သန္တာ ကျောက်တန်းများ၊ ရှားပါးငါးမျိုးစိတ်များ ပါဝင်နေ ပါကြောင်း၊ ငါးခိုးဖမ်းခြင်း၊ နည်းစနစ်မမှန်သည့် ငါးဖမ်းစနစ်များ အသုံးပြုခြင်း၊ သစ်နှင့် သစ်တော ထွက်ပစ္စည်းများကို နည်းပေါင်းစုံဖြင့် ခိုးယူနေခြင်း ကြောင့် နိုင်ငံပိုင်သယံဇာတများ ပျက်စီးဆုံးရှုံး နေရပါကြောင်း၊ သဘာဝသယံဇာတပစ္စည်းများ လေလွင့်ပျက်စီးဆုံးရှုံးနေခြင်းကို တားဆီး ကာကွယ်ရန်အတွက် ပြည်ထောင်စုအစိုးရ တစ်ခုတည်း ဆောင်ရွက်နိုင်မည် မဟုတ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့်အတူ ဒေသခံပြည်သူ လူထု၊ တပ်မတော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာန များပူးပေါင်း၍ သဘာဝသယံဇာတအရင်းအမြစ် များ ရေရှည်တည်တံ့စေရေးကို ထိန်းသိမ်း လုပ်ဆောင်ရန် လိုအပ်ပါကြောင်း အကြံပြု ဆွေးနွေးသည်။

ရခိုင်ပြည်နယ်မဲဆန္ဒနယ်မှ ဦးမြင့်နိုင်က မိမိပြည်နယ်တွင်ထွက်ရှိသည့် သယံဇာတများမှာ သဘာဝဓာတ်ငွေ့၊ ရေနံ၊ ကျွန်းသစ်နှင့် သစ်မာများ၊ ငါးသယံဇာတများအပြင် “မာဘေ”အလှဆင် ကျောက်တို့ ဖြစ်ပါကြောင်း၊ ရေနံသည် အနည်းငယ် သာ ထွက်ရှိပြီး ငါးသယံဇာတများအနေဖြင့် ဘင်္ဂလားပင်လယ်အော်ကို ပိုင်ဆိုင်ထားသော် လည်း ငါးဖမ်းသင်္ဘောကြီးများဖြင့် အမြောက် အမြား ဖမ်းဆီးနေကြသည်ကို သိရပါကြောင်း၊ ဒေသခံ ရခိုင်သင်္ဘောများသည် အနည်းငယ်သာ ရှိပါကြောင်း၊ သဘာဝထွက်ရှိသည့် ငါးဖမ်းခြင်းကို အကန့်အသတ်နှင့် ထိန်းသိမ်းသင့်ပါကြောင်း၊ ကျွန်းသစ်နှင့် သစ်မာများသည် လက်ရှိတွင် မရှိ သလောက်ရှားပါးနေပြီဖြစ်ပါကြောင်း၊ တောရိုင်း များနှင့် ဝါးအနည်းငယ်သာ ရှိပါကြောင်း၊ ယင်း တို့ကိုလည်း ထိန်းသိမ်းရန် လိုအပ်မည်ဖြစ်ပါ ကြောင်း၊ “မာဘေ”အလှဆင်ကျောက်ကို နေပူ တောင်မှ ထွက်ရှိပြီး လက်ရှိတွင် ဗီယက်နမ်နှင့် မြန်မာ ဖက်စပ်ကုမ္ပဏီတစ်ခုမှ အကြီးစားတူးဖော် မှုပြုလုပ်နေသည်ဟု သိရပါကြောင်း၊ ယင်းတို့ကို သုံးသပ်၍ ထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် သဘာဝသယံဇာတမှ ထွက်ရှိ နေသမျှကို ထင်သလိုထုတ်လုပ်နေမည်ဆိုပါက တစ်ချိန်ချိန်တွင် သဘာဝသယံဇာတများ ကုန်ခန်း သွားနိုင်ပါကြောင်း၊ ဝင်ငွေနှင့် GDP များ တိုးနေသော်လည်း သဘာဝမှ သယံဇာတများ ကုန်ခန်းသွားလျှင် နောင်မျိုးဆက်များအတွက် ရင်လေးစရာများ ကြုံလာနိုင်သည့်အတွက် ယင်း အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါ်မမလေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်သီဟ နှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခင်မောင်မြင့်တို့က ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်း အဝေး ၁၅ ရက်မြောက်နေ့ကို ဖေဖော် ဝါရီ ၈ ရက် တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးသန့်(သတင်းစဉ်)**

# ပြည်သူ့ဝန်ထမ်းအကယ်ဒမီ လေ့ကျင့်ရေးဗဟိုသင်တန်းကျောင်း တည်ဆောက်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**



ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် Japan International Cooperation Agency (JICA)၊ Industrial Development and Public Policy Department မှ Senior Advisor to the Director General , Mr. Hayashi Hiroyuki နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲ တွင်လည်းကောင်း၊ ဟောင်ကောင် အခြေစိုက် GOVERNANCE PARTNERS YANGON မှ CO-FOUNDER , MR. JOHN MAK နှင့် အဖွဲ့အား ညနေ ၄ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်း အဝေးခန်းမ-၁ ၌ သီးခြားစီတွေ့ဆုံသည်။

Japan International Cooperation Agency (JICA)၊ Industrial Development and Public Policy Department မှ Senior Advisor to the Director General , Mr. Hayashi Hiroyuki နှင့် တွေ့ဆုံစဉ် Japan International Cooperation Agency (JICA) မှ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ရုံးပရိဝုဏ်အတွင်း တည် ဆောက်ပေးမည့် နေပြည်တော် ပြည်သူ့ ဝန်ထမ်းအကယ်ဒမီလေ့ကျင့်ရေး ဗဟို သင်တန်းကျောင်း တည်ဆောက်ရာတွင် လိုအပ်သည့် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များနှင့် Training Center တည်ဆောက်ပြီးနောက် သင်ကြားမည့် ကာလတို၊ ကာလရှည် နိုင်ငံတကာ လေ့ကျင့်ရေးသင်တန်းများနှင့် ပြည်တွင်း လေ့ကျင့်ရေးသင်တန်းများတွင် လိုအပ် သည့် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း ၍ ဆွေးနွေးပြောကြားသည်။

ဟောင်ကောင်အခြေစိုက် GOVERNANCE PARTNERS YANGON မှ CO-FOUNDER , MR. JOHN MAK နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်း ခွင်တွင် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင် ရေးကို ရေရှည်စဉ်ဆက်မပြတ် အရှိန် အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းများ အတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်း အဝေးပွဲများကျင်းပပြုလုပ်ရာတွင် ကူညီ ထောက်ပံ့ပေးရေး၊ နိုင်ငံ့ဝန်ထမ်းကဏ္ဍ ကို အထောက်အပံ့ပေးနိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းများ၏ ဦးစားပေးလိုအပ် ချက်များအပေါ် မူတည်၍ ဟောင်ကောင် နိုင်ငံရှိ နိုင်ငံ့ဝန်ထမ်းများ၏ အတွေ့အကြုံ များနှင့် အလေ့အထကောင်းများကို မျှဝေပေးနိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်း များ၏ အခွင့်အရေးများ၊ လုပ်ငန်းခွင်တွင် လုပ်ငန်းစွမ်းဆောင်ရည် ကောင်းမွန်လာ စေရန် အခွင့်အလမ်းများ၊ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အဓိက အကြောင်းအရာများ၊ PUBLIC POLICY၊ MANAGEMENT IN HONG KONG၊ BUSINESS SECTOR နှင့် TRANSPORTATION ကဏ္ဍတို့အား သွားရောက် လေ့လာရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

# ငါးသယံဇာတရေရှည်တည်တံ့စေရေး ချင်းတွင်းမြစ်အထက်ပိုင်းရှိ နေရာသုံးခု၌ ငါးမဖမ်းရဇုန်များ သတ်မှတ်ဆောင်ရွက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ငါးသယံဇာတရေရှည်တည်တံ့စေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ် အထက်ပိုင်းရှိ နေရာသုံးခုတွင် ငါးမဖမ်းရဇုန်များသတ်မှတ်၍ ဒေသခံပြည်သူများ ဦးဆောင်ကာ ထိန်းသိမ်းရမည့် အစီအစဉ်ကို ငါးလုပ်ငန်းဦးစီးဌာနနှင့်အတူ သားငှက် ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)၊ FishBio အဖွဲ့နှင့် လိပ်မျိုးဆက် ရှင်သန် ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးတွင်းကာလမှစ ဆောင်ရွက်**

ယခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ချင်းတွင်းမြစ်အထက်ပိုင်း ရှိ ပဒူမုန်းကျေးရွာ၊ နမ်းတင်းဖောင်းဆိုင်ကျေးရွာ၊ ဟိန်စွန်းကျေးရွာ၊ လင်းဖားကျေးရွာ၊ ကောင်းဟိန်းကျေးရွာ၊ စွယ်ခေါင်းငေါ်ကျေးရွာနှင့် ထွက်ဝကျေးရွာတို့တွင် ငါးသယံဇာတ များ ရေရှည်တည်တံ့စေရေး၊ ထိန်းသိမ်းရေးလုပ်ငန်းတို့အတွက် ငါးမဖမ်းရဇုန်များ သတ်မှတ်ကာ ဆောင်ရွက်ရန် စီစဉ်ခဲ့သော်လည်း ယခုနှစ်တွင် ကျေးရွာ သုံးရွာ၏ သတ်မှတ်နေရာသုံးခုတွင်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ နေရာများမှာ လင်းဖားကျေးရွာ၊ ပဒူမုန်းကျေးရွာနှင့် ထွက်ဝကျေးရွာအနီးရှိ မြစ် ချောင်းများတွင် ငါးမဖမ်းရဇုန်များ သတ်မှတ်ကာ ယခုနှစ် မိုးတွင်းကာလမှစ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ငါးမဖမ်းရဇုန်များကို ဒေသခံပြည်သူများက ဦးဆောင်ကာ ကော်မတီများ ဖွဲ့ခြင်း၊ ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းတို့ကို ပူးပေါင်းအဖွဲ့များက နည်းပညာများ ကူညီပေးသွားမည်ဖြစ်သည်။ ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၅ ရက် အထိ ရေချိုငါးသယံဇာတများ ရေရှည်တည်တံ့စေရေး အဆိုပါကျေးရွာ ခုနစ်ရွာရှိ ဒေသခံပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံရဲ့ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး ဘက်ပေါင်းစုံက ကူညီထောက်ပံ့သွားမယ့် မူဝါဒကို ကိုင်စွဲထား

**မြန်မာနိုင်ငံ၌ ဖေဖော်ဝါရီ ၇ ရက်မှ ၈ ရက်အထိ ရောက်ရှိနေသည့် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အထူးအကြံပေး Mr.Kentraro SONOURA နှင့် ဆက်သွယ်မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-**



**မေး။ ။ ဂျပန်နိုင်ငံက မြန်မာနိုင်ငံနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်မှုတွေကို လုပ်ဆောင်နေပါသလဲ။**

ဖြေ။ ။ ဂျပန်နိုင်ငံဟာ နှစ်ပေါင်းရှည်ကြာစွာ ချစ်ကြည်ရင်းနှီးလာခဲ့တဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ်အမြစ်တွယ်ခိုင်မာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွေမှာ ဂျပန်အစိုးရနဲ့ ပုဂ္ဂလိကတို့ပူးပေါင်းပြီး ဘက်ပေါင်းစုံကနေ အကူအညီပေးနေတာ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်မတိုင်ခင် မြန်မာနိုင်ငံသူနိုင်ငံသားတွေရဲ့ လူမှုဘဝအပြောင်းအလဲတွေ လက်တွေ့ခံစားနိုင်ဖို့အတွက် ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ သယ်ယူပို့ဆောင်ရေးနဲ့ လျှပ်စစ် စတဲ့ကဏ္ဍသုံးခုကို အထူးအလေးထားပြီး ထောက်ပံ့ကူညီတဲ့မူဝါဒကို ချမှတ်ထားပါတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ရင်း နိုင်ငံတွင်းနဲ့ ပတ်ဝန်းကျင်နိုင်ငံတွေရဲ့ ချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်ရေးဟာ အလွန်အရေးပါတဲ့ ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။ ပထမဦးဆုံး ရန်ကုန်ပတ်ဝန်းကျင်ရဲ့ လမ်းပန်းဆက်သွယ်ရေးနဲ့ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးကို ထိထိရောက်ရောက် တိုးတက်ဖို့အတွက် ရန်ကုန်မြို့ပတ်ရထားလမ်းပြုပြင်ရေးကို ရှေ့ဆက်လုပ်ဆောင်နေတဲ့အပြင် မြို့တွင်းရထားလမ်းသစ် ဖောက်လုပ်ရေးဆိုင်ရာ လေ့လာဆန်းစစ်မှုတွေကို စတင်လုပ်ဆောင်တော့မှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသနဲ့ မြို့ပြ၊ ပြည်ပနိုင်ငံများနဲ့ ချိတ်ဆက်လုပ်ဆောင်မှုတွေကို တိုးမြှင့်ဖို့အတွက် ရန်ကုန်-မန္တလေး ရထားလမ်းပြုပြင်ရေးနဲ့ ရန်ကုန်-မန္တလေးအကြား ရေကြောင်းသွားလာမှု အဆင့်မြှင့်တင်ရေးကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ မြန်မာနိုင်ငံအပါအဝင် မဲခေါင်ဒေသတစ်ခုလုံးရဲ့ ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် အီလက်ထရွန်နစ်အကောက်ခွန်စနစ်ကို အသုံးပြုပြီး ထိုင်းနိုင်ငံနယ်စပ်နဲ့ ရန်ကုန်မြို့ကို ဆက်သွယ်ပေါင်းစည်းနိုင်မယ့် အရှေ့အနောက် စီးပွားရေးစင်္ကြံ (East-West Economic Corridor) ဆောက်လုပ်ရေးစီမံကိန်းများကို ထောက်ပံ့လာခဲ့ပါတယ်။ နှစ်နိုင်ငံအစိုးရနဲ့ ပုဂ္ဂလိကပူးပေါင်းမှုရဲ့ သင်္ကေတဖြစ်တဲ့ သီလဝါအထူးစီးပွားရေးဇုန်ဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ခြင်း၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးခြင်းများအပြင် မြန်မာနိုင်ငံရဲ့စီးပွားရေးကို ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းနဲ့ ချိတ်ဆက်ပေးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ ကနဦးလမ်းစအဖြစ်နဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍကနေပါဝင်နိုင်ဖို့ မျှော်လင့်ထားပါတယ်။

နောက်ကဏ္ဍတစ်ခုဖြစ်တဲ့ အမျိုးသားပြန်လည်သင့်မြတ်မှုဖော်ဆောင်ရေးဟာ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို တည်တည်ငြိမ်ငြိမ်ရှေ့ဆက်ပြီး ဒေသတစ်ခုလုံးရဲ့ အေးချမ်းသာယာရေးကို ဖော်ဆောင်နိုင်ဖို့အတွက် အရေးကြီးတဲ့ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ ဂျပန်နိုင်ငံဟာ ဂျပန်အစိုးရရဲ့ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Yohei SASAKAWA နဲ့ အတူ သက်ဆိုင်ရာ ငြိမ်းချမ်းရေးခေါင်းဆောင်တွေရဲ့ ဆွေးနွေးပွဲတွေကို မြှင့်တင်ရေးနဲ့ ကရင်ပြည်နယ်အပါအဝင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိထားတဲ့ဒေသတွေရဲ့ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဖွံ့ဖြိုးရေးထောက်ပံ့မှုကနေတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အားပေးကူညီလျက်ရှိပါတယ်။

ဒီမိုကရေစီစနစ် အမြစ်တွယ်ခိုင်မာစေရေးအတွက် တပ်မတော်ဟာအရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်ပါတယ်။ ဂျပန်နိုင်ငံဟာ ဒီမိုကရေစီစနစ်အောက်မှာရှိတဲ့ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ရဲ့ အတွေ့အကြုံတွေကို ကိုးကားနိုင်ဖို့အတွက် ဂျပန်နိုင်ငံသို့ ပညာတော်သင် ကျောင်းသားများကို ခေါ်ယူခြင်း၊ တပ်မတော်ထိပ်တန်းအရာရှိများအချင်းချင်း နှီးနှောဖလှယ်ခြင်း၊ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ကူညီမှုနဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်မှုများအတွက် တုံ့ပြန်စွမ်းရည် မြှင့်တင်ရေးဆိုင်ရာ အကူအညီများပေးခြင်း စတဲ့ တပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနဲ့ နှီးနှောဖလှယ်မှုများကို လုပ်ဆောင်လျက်ရှိပါတယ်။

ဒီတစ်ခေါက် မြန်မာပြည်ခရီးစဉ်မှာဆိုရင် ဒီနေ့မှာပဲ ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တို့က မြန်မာ့တပ်မတော်မှာ ကျင်းပမယ့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီမှုနဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာကူညီကယ်ဆယ်ရေးနှီးနှောဖလှယ်ပွဲ (HA/DR Seminar) ဖွင့်ပွဲအခမ်းအနားကို တက်ရောက်မှာ ဖြစ်ပါတယ်။

**မေး။ ။ ဂျပန်နိုင်ငံအနေနဲ့ အိန္ဒိယ-ပစိဖိတ်ဒေသတစ်ခုလုံးနဲ့ ပတ်သက်ပြီး ဘယ်လို ပူးပေါင်းဆောင်ရွက်မှုတွေကို လုပ်ဆောင်နေပါသလဲ။**

ဖြေ။ ။ ဂျပန်နိုင်ငံဟာ ယခုအချိန်အထိ တရားဝင် ဖွံ့ဖြိုးတိုးတက်မှု ထောက်ပံ့ရေးအစီအစဉ် (ODA) တွေကိုအသုံးပြုပြီး တည်ငြိမ်အေးချမ်းရေးနဲ့ ကြွယ်ဝချမ်းသာရေးအတွက် တက်တက်ကြွကြွကူညီလာခဲ့တာ ဖြစ်ပါတယ်။ အာဆီယံအပါအဝင် အိန္ဒိယ-ပစိဖိတ်ဒေသဟာ လူဦးရေထူထပ်ကာ စီးပွားရေးဖြစ်ထွန်းနိုင်စွမ်း များစွာရှိပြီး ကမ္ဘာ့ပင်မအချက်အချာအကျဆုံးနေရာလို့ ပြောလို့ရပါတယ်။ ဂျပန်နိုင်ငံဟာ တရားဥပဒေစိုးမိုးရေးကိုအခြေခံတဲ့ လွတ်လပ်ပြီး ပွင့်လင်းတဲ့ အိန္ဒိယ-ပစိဖိတ်ဒေသကို ဒေသတစ်ခုလုံးရဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းရေးကိုဆောင်ကြဉ်းပေးမယ့် **"နိုင်ငံတကာပိုင်နေ"**အဖြစ် အကောင်အထည်ဖော်ရန်အတွက် "လွတ်လပ်ပြီးပွင့်လင်းတဲ့ အိန္ဒိယ-ပစိဖိတ်မဟာဗျူဟာ"ကို အားထည့်လုပ်ဆောင်လာခဲ့တာ ဖြစ်ပါတယ်။

အသေးစိတ် တိတိကျကျပြောရမယ်ဆိုရင် (၁) ရေကြောင်း ခရီးကိုလွတ်လပ်အေးချမ်းစွာသွားလာနိုင်ရေး၊ တရားဥပဒေစိုးမိုးမှု ပျံ့နှံ့ရေးနဲ့ အခြေခံခိုင်မာရေး၊ (၂) နိုင်ငံတကာစံချိန်စံညွှန်းနဲ့ ကိုက်ညီတဲ့ "အရည်အသွေးမြင့် အခြေခံအဆောက်အအုံများ"ကို ဆောက်လုပ်ခြင်းကတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်သွားပြီး စီးပွားရေးဆိုင်ရာ ကြွယ်ဝချမ်းသာမှုများရရှိစေရေး၊ (၃) ပင်လယ်ပြင် ဥပဒေအာဏာသက်ရောက်ရေးနဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကဏ္ဍတွေမှာ စွမ်းဆောင်ရည်တည်ဆောက်ရေး အကူအညီများပေးအပ်ခြင်းဖြင့် ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရေး စတဲ့ မဏ္ဍိုင်သုံးရပ်ပဲ ဖြစ်ပါတယ်။

အထူးသဖြင့် ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံအပါအဝင် အိန္ဒိယ-ပစိဖိတ်ဒေသ နိုင်ငံအသီးသီးနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ပင်လယ်ဆိပ်ကမ်းတွေ၊ ရထားလမ်းတွေ၊ ကားလမ်းတွေ စတာတွေရဲ့ရုပ်ပိုင်းဆိုင်ရာ ချိတ်ဆက်လုပ်ကိုင်မှုများအပြင် လူလူချင်းချိတ်ဆက်ဆောင်ရွက်ခြင်းနဲ့ နည်းစနစ်ပိုင်းဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်ခြင်း တိုးတက်လာစေမယ့်လုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လာခဲ့ပါတယ်။ ဂျပန်-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးမှာ ကနဦး ချိတ်ဆက်ဆောင်ရွက်မှုတွေကတစ်ဆင့် ဦးစားပေးဆောင်ရွက်သင့်တဲ့ စီမံကိန်းတွေနဲ့ ကိစ္စရပ်တွေကို ဆွေးနွေးညှိနှိုင်းပြီး စီမံကိန်းပုံစံချခြင်းကို ဆက်လက်လုပ်ဆောင်ခဲ့ကြပါတယ်။

အခြေခံအဆောက်အအုံတည်ဆောက်ရေးနဲ့ ပတ်သက်ပြီး အကျိုးအမြတ်ရရှိရေးနဲ့ လုံခြုံစိတ်ချရေး၊ လူ့အဖွဲ့အစည်းနဲ့ ပတ်ဝန်းကျင်ပြဿနာများကို ထည့်သွင်းစဉ်းစားပြီး သေချာခိုင်မာစွာ လုပ်ကိုင်ဆောင်ရွက်ကာ စီမံကိန်းကတစ်ဆင့် ပေါ်ပေါက်လာမယ့် အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ စွမ်းရည်ပျိုးထောင်မှုတွေကို အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ စီမံကိန်းလက်ခံတဲ့ နိုင်ငံရဲ့ဘဏ္ဍာရေးဟန်ချက်ညီမျှရေး၊ စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများ ညီညွတ်မျှတရေးအပြင် လိုအပ်ချက်အပေါ်မူတည်ပြီး လွတ်လပ်စွာ အသုံးပြုခွင့်ရှိရမယ့် နိုင်ငံတကာစံချိန်စံညွှန်းနဲ့ ကိုက်ညီတဲ့ အရည်အသွေးမြင့် အခြေခံအဆောက်အအုံများ တိုးပွားလာရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံမှာလည်း စောစောကပြောသွားတဲ့ သီလဝါအထူးစီးပွားရေးဇုန်နဲ့ အရှေ့အနောက်စီးပွားရေးစင်္ကြံ တိုးတက်ရေးစီမံကိန်းတွေဟာ အဲဒီအကျိုးရလဒ်တွေကို ခံစားနိုင်မယ့် စီမံကိန်းတွေဖြစ်မယ်လို့ ထင်ပါတယ်။

ဒါ့အပြင် ပင်လယ်ရပ်ခြား သယ်ယူပို့ဆောင်ရေးလမ်းကြောင်းမှာ ဘေးအန္တရာယ်ကင်းရှင်းစေပြီး တရားဥပဒေစိုးမိုးရေးကိုအခြေခံတဲ့ လွတ်လပ်ပြီး ပွင့်လင်းတဲ့ ပင်လယ်ပြင်ဥပဒေကို လိုက်နာစောင့်ထိန်းကာ ပင်လယ်ပြင် ဥပဒေအာဏာ သက်ရောက်ရေးနဲ့၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီမှုနဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာကူညီကယ်ဆယ်မှုများအတွက် (HA/DR) စွမ်းရည်တည်ဆောက်ရေးအထောက်အပံ့များကို ပေးအပ်လာခဲ့တာ ဖြစ်ပါတယ်။

**မေး။ ။ "လွတ်လပ်ပြီး ပွင့်လင်းတဲ့ အိန္ဒိယ-ပစိဖိတ်မဟာဗျူဟာ"အရ မြန်မာနိုင်ငံကဘယ်လိုအနေအထားက ပါဝင်မှာပါလဲ။**

ဖြေ။ ။ ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံနဲ့ သမိုင်းစဉ်ဆက် ရင်းနှီးချစ်ကြည်တဲ့နိုင်ငံဖြစ်ပြီး လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်မှာ သမိုင်းဝင်အပြောင်းအလဲကို ကြုံတွေ့ခံစားခဲ့ရတဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးကို ဘက်ပေါင်းစုံက ကူညီထောက်ပံ့သွားမယ့် မူဝါဒကို ကိုင်စွဲထားပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်အမြစ်တွယ်ခိုင်မာပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ခြင်းဟာ မဲခေါင်ဒေသနဲ့ အာဆီယံဒေသကို အစပြုလို့ အိန္ဒိယ-ပစိဖိတ်ဒေသတစ်ခုလုံးရဲ့ တည်ငြိမ်အေးချမ်းရေး၊ ကြွယ်ဝချမ်းသာရေးနဲ့ တိုက်ရိုက်ဆက်စပ်နေတယ်လို့ ယူဆမိပါတယ်။

အရှေ့တောင်အာရှနဲ့ တောင်အာရှဒေသရဲ့ ပေါင်းဆုံရာနေရာမှာတည်ရှိတဲ့ မြန်မာနိုင်ငံဟာ "လွတ်လပ်ပြီး ပွင့်လင်းတဲ့ အိန္ဒိယ-ပစိဖိတ်မဟာဗျူဟာ" ပေါ်ပေါက်လာဖို့ အဓိကသော့ချက်နိုင်ငံဖြစ်ပြီး ဂျပန်နိုင်ငံက မြန်မာနိုင်ငံကို အထူးအလေးထားလျက်ရှိပါတယ်။ အဲ့ဒီမဟာဗျူဟာက မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အပြည့်အဝအကျိုးပြုနိုင်ဖို့အတွက် စောစောကတင်ပြခဲ့တဲ့ အချက်သုံးချက်အတိုင်း ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဲ့ဒီလို လုပ်ဆောင်သွားရင်း အနောက်ဘက်မှာ အိန္ဒိယ၊ အရှေ့အလယ်ပိုင်း၊ အာဖရိက၊ နောက်ပြီး အရှေ့ဘက်မှာ မဲခေါင်နိုင်ငံအသီးသီး၊ တောင်တရုတ်ပင်လယ်ကိုဖြတ်ပြီး ပစိဖိတ်သမုဒ္ဒရာကို ဆက်စပ်တဲ့ လမ်းကြောင်းတွေမှာ လူ၊ ကုန်ပစ္စည်းသွားလာစီးဆင်းမှုကို ချောမွေ့ပြေပြစ်စေပြီး ဒေသတစ်ခုလုံးရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဂျပန်နိုင်ငံမှာတော့ မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုအပေါ် မျှော်လင့်ချက်အလွန်မြင့်မားနေပြီး နောက်ပိုင်းမှာလည်း မြန်မာနိုင်ငံနဲ့အတူတကွ တိုးတက်သွားနိုင်ဖို့ မျှော်လင့်လျက်ရှိပါတယ်။

**သတင်းအဖွဲ့**



ရထားခဲပေါက်မှု လျော့ကျရေး အသိပညာပေးဟောပြောပွဲကို သထုံမြို့နန်းခဲကွက်သစ် ၂ လမ်း ကာလီမာန်မယ်တော်ဘုရားကျောင်း၌ ဖေဖော်ဝါရီ ၆ ရက်က ပြုလုပ်ရာ ရထားရဲတပ်ဖွဲ့ အမှတ်-၁၅ တပ်ခွဲ၊ တပ်စု-၁ သထုံမှ ရဲအုပ်မြတ်ထွေးနှင့် တာဝန်ရှိသူများက ဟောပြောနေစဉ်။

၁၃၈


## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အတင့်အသင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**




ဓာတ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

# ရခိုင်ပြည်နယ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ် (World Bank)တို့ ပူးပေါင်း၍ ရခိုင်ပြည်နယ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Parkroyal Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)ကို ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ အစိုးရအနေဖြင့်လည်း ရခိုင်ပြည်နယ်တွင် နေထိုင်သည့် မည်သူ့ကိုဖြစ်စေ လူမျိုးဘာသာ ခွဲခြားမှုမရှိဘဲ အထောက်အပံ့ပေးအပ်ရန်အတွက် UEHRDမှတစ်ဆင့် အကူအညီများလက်ခံနေသည်ကို ကြေညာထားပြီး ဖြစ်ပါကြောင်း။

အရေးအကြီးဆုံးမှာ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်မှစ၍ မောင်တောဒေသမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့သူများအတွက် ပြန်လည်လက်ခံရေးလုပ်ငန်းများကို မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ဆွေးနွေးခဲ့ကြပြီး Physical Arrangement သဘောတူညီမှုကို လွန်ခဲ့သောသီတင်းပတ်အနည်းငယ်အတွင်း ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ ထိုသဘောတူညီချက်အပေါ်တွင် အခြေခံပြီး မြန်မာနိုင်ငံတွင် အမှန်တကယ်နေထိုင်ခဲ့သည့် မိမိဆန္ဒအလျောက် နေရပ်ပြန်လာမည့်သူများကို လက်ခံရန် ပြန်လည်ကြိုဆိုရေးစခန်းနှစ်ခုနှင့် ကြားစခန်းတစ်ခုထားရှိ၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း။

ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် အမိုးအကာများ၊ ရေနှင့်သန့်ရှင်းရေးသုံးပစ္စည်းများ၊ အစားအစာနှင့် အစားအစာမဟုတ်သော အခြားပစ္စည်းများကိုလည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ ကြိုတင်ပြင်ဆင်ခဲ့ပါကြောင်း၊ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက်လည်း ဘေးကင်းလုံခြုံစိတ်ချရသည့်နေရာများတွင် ပြန်လည်နေရာချထားပေးရန် စီစဉ်ထားပြီး ဖြစ်ပါကြောင်း။

ယနေ့အလုပ်ရုံဆွေးနွေးပွဲကို ရခိုင်အရေးကဲ့သို့ ဖြေရှင်းဆောင်ရွက်ခဲ့ရသည့် နိုင်ငံတကာအတွေ့အကြုံများကို လေ့လာသုံးသပ်ရန်၊ စီမံကိန်းရေးဆွဲခြင်း၊ ငွေကြေးဆိုင်ရာများနှင့်ပတ်သက်၍ သိရှိနားလည်ရန်နှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သတ်မှတ်ရန်ဆိုသည့် ရည်ရွယ်ချက်သုံးရပ်နှင့်အတူ ရခိုင်ပြည်နယ်အရေးတွင် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို သိရှိစေလို၍ ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ရခိုင်အရေးနှင့် ပတ်သက်၍ အစိုးရ၏ လက်ရှိတုံ့ပြန်ဆောင်ရွက်နေမှုများအပေါ် နားလည်မှုရှိလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် ကောင်းမွန်သည့်ရလဒ်များ ပေါ်ထွက်လာစေရန်အတွက် ပွင့်ပွင့်လင်းလင်း တက်တက်ကြွကြွ ပါဝင်ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်က ရခိုင်ပြည်နယ်အရေး စိန်ခေါ်မှုများအား တုံ့ပြန်ခြင်းနှင့်ပတ်သက်၍ UEHRD ၏ မဟာဗျူဟာနှင့် ဖွဲ့စည်းပုံတို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိဏ်းက ရခိုင်ဒေသ ကယ်ဆယ်ရေး၊ ပြန်လည်ပို့ဆောင်ရေး၊ ပြန်လည်နေရာချထားရေးများနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ၊ အမျိုးသားအဆင့် ဆွေးနွေးခဲ့သည့် သတင်းအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥရောပသမဂ္ဂ(EU)မှ Mr. THOMAS HOCKLEY နှင့်ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) မှ Mr. PETER BACHELON နှင့် ကမ္ဘာ့ဘဏ်မှ Mr. Scan Bradley တို့က အကျပ်အတည်း ဖြစ်ရပ်နောက်ပိုင်း အတွေ့အကြုံများအရ အကဲဖြတ်မှုမူဘောင်၊ စီမံခန့်ခွဲခြင်းနှင့် ဘဏ္ဍာရေးကဏ္ဍများ လိုအပ်ခြင်း စသည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အကြောင်းအရာအလိုက် စီမံကိန်းရေးဆွဲခြင်းနှင့် အဖွဲ့အစည်း ဖွဲ့စည်းခြင်းများအပေါ် အုပ်စုဖွဲ့ဆွေးနွေးကြပြီး ရရှိလာသောဆွေးနွေးချက်များကို အုပ်စုတစ်စုချင်းစီအလိုက် ပြန်လည်ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ရခိုင်ပြည်နယ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၈ ရက်ထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများအတွက် ခြေတုပေးအပ်ပွဲအခမ်းအနားကျင်းပ




**စစ်တွေ ဖေဖော်ဝါရီ ၇**

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့် LDSC ( LATTER-DAY SAINT CHARITIES) တို့ ပူးပေါင်းပြုလုပ်သော ရခိုင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများအတွက် ခြေတုပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်တွေမြို့ ပညာလင်္ကာရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာဂိန္ဒက သြဝါဒကထာ ချီးမြှင့်တော်မူပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်း ဦးဆောင်ပြီး မြန်မာနိုင်ငံအတွင်း မသန်စွမ်းသူများအတွက် ကူညီထောက်ပံ့ဆောင်ရွက်နေမှုနှင့် ရခိုင်ပြည်နယ်အတွင်း ကူညီဆောင်ရွက်ပေးနေမှုများကို ဂုဏ်ပြု ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် LDSC မှ Country Director Mr.Chris က ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့် ပူးပေါင်းကာ ရခိုင်ပြည်နယ်အတွင်း မသန်စွမ်းသူများအတွက် ခြေတုပြုလုပ်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက ရခိုင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများ၏ အခြေအနေနှင့် လိုအပ်ချက်စစ်တမ်း ကောက်ယူမှုရလဒ် သုတေသနတွေ့ရှိချက်နှင့် ခြေတုများ ပြုလုပ်လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက မသန်စွမ်းသူများအား ခြေတုများတပ်ဆင်ပေးကြပြီး ခြေတုရရှိသူများကိုယ်စား ဦးရွှေဇံအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)နှင့် LDSC (LATTER-DAY SAINT CHARITIES)တို့ ပူးပေါင်းပြီး ရခိုင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများအတွက် ခြေတု ၄၈ ခုကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ စစ်တွေမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများ၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)နှင့် LDSC ( LATTER-DAY SAINT CHARITIES) တို့မှ တာဝန်ရှိသူများနှင့် ခြေတုလက်ခံရယူကြသူများ၏ မိသားစုဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ငြိမ်းချမ်းရေး ကဗျာ၊ သီချင်း ရွတ်ဖတ်သီဆိုပွဲ ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၇**

(၇၁)ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ငြိမ်းချမ်းရေးကဗျာ၊ သီချင်းရွတ်ဖတ်သီဆိုပွဲကို ယနေ့ ညနေ ၅ နာရီ က ရန်ကုန်မြို့ မြို့တော်ခန်းမအနီးရှိ မဟာဗန္ဓုလ ပန်းခြံအတွင်း၌ ကျင်းပသည်။

ယနေ့အခမ်းအနားကို မြန်မာစာရေးဆရာကလပ်က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ရှေးဦးစွာ အကယ်ဒမီမြတ်လေး ရေးသားထားသည့် "ပန်းတိုင်းပွင့်ပါစေ"ငြိမ်းချမ်းရေး သီချင်းကို အလင်္ကာဝတ်ရည်အဖွဲ့နှင့်အတူ စာရေးဆရာများက သီဆို၍ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။ ထို့နောက် မြန်မာစာရေးဆရာကလပ်ဥက္ကဋ္ဌ ဆရာကောင်းသန့်က ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သခင်ကိုယ်တော်မှိုင်း၏ "ငြိမ်းချမ်းရေးသဝဏ်လွှာ မဟာကဗျာလေးချိုးကြီး"၊ ဆရာ ဒေါင်းနွယ်ဆွေ၏ "စစ်နှင့်ပြည်သူ"၊ ဆရာဒဂုန်တာရာ၏ "ချိုးဖြူသို့ ပန်ကြားချက် ငြိမ်းချမ်းရေးတေးသံ"စသည်တို့ အပါအဝင် ငြိမ်းချမ်းရေး ကဗျာများကို စာရေးဆရာ၊ ကဗျာဆရာများ ဖြစ်ကြသည့် သူရဇော်၊ ဆောင်းဝင်းလတ်၊ ဌေးအောင်ကို၊ မောင်သွေးသစ်၊ ဒေါက်တာခင်မောင်ညို၊ ဟိန်းလတ်၊ သန်းမြင့်အောင်၊ အောင်ဇော်ဦး (ကြို့ပင်ကောက်)၊ မေဇွန်အေး၊ မင်းချမ်းမွန်၊ သဲအောင်၊ အေးအေး(ဥက္ကလာ)၊ မောင်ခေတ်ထွန်း၊ မိလူသွေး၊ လဝန်းချိုချို၊ ပီတိ(ပေကြီး)တို့က တစ်ဦးချင်းရွတ်ဆိုကြသည်။

ယင်းနောက် နန်းတော်ရှေ့ဆရာတင် ရေးစပ်သီကုံးထားသည့် "လက်ရည်တပြင်တည်း"၊ တေးရေးဆရာမောင်မောင်သီ၏ "ပင်ချင်းယှက်၍ နွယ်ချင်းခက်သော်"၊ တေးရေး စန္ဒရားလှထွင်၏ "တို့ပြည်ထောင်စုသား" စသည်တို့ အပါအဝင် ငြိမ်းချမ်းရေးသီချင်းများကို စာရေးဆရာ၊ ကဗျာဆရာ၊ တေးသံရှင်များဖြစ်ကြသော ဆွေဆွေမြင့်၊ မစံပယ်၊ သရဝဏ်(ပြည်)၊ ရွှေယမင်းဦး၊ မေ(ပြင်ဦးလွင်)၊ မောင်သာချို၊ ထင်လင်းဦး၊ ဦးဘုန်း(ဓာတု)တို့က တစ်ဦးချင်း သီဆိုကြသည်။

ယနေ့ အခမ်းအနားနှင့်ပတ်သက်၍ မြန်မာစာရေးဆရာကလပ်(နာယက)ဂုဏ်ထူးဦးသိန်းနိုင်က "တိုင်းပြည်အတွက် ငြိမ်းချမ်းရေးဆိုတာ သိပ်အရေးကြီးပါတယ်၊ ငြိမ်းချမ်းရေးအသံစစ်စစ်နဲ့ ငြိမ်းချမ်းရေး ကဗျာစစ်စစ်ရွတ်ဆိုတဲ့ပွဲပဲ ဖြစ်ပါတယ်၊ အဲဒီလိုရွတ်ဆိုတဲ့အခါမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ကဗျာတွေကစတင်ပြီး ခေတ်ပေါ် ငြိမ်းချမ်းရေးကဗျာတွေ ပါဝင်ပါတယ်၊ ပရိသတ်ကလည်း စိတ်ဝင်စားကြပါတယ်၊ ကဗျာရွတ်တဲ့ ယဉ်ကျေးမှုက မြန်မာနိုင်ငံမှာ တော်တော်ခိုင်ခိုင်မာမာ အမြစ်တွယ်နေပါပြီ"ဟု ပြောသည်။

အလားတူ မြန်မာစာရေးဆရာကလပ် ဥက္ကဋ္ဌဆရာကောင်းသန့်က "ငြိမ်းချမ်းရေးခရီးကိုသွားတဲ့အခါမှာ ပထမခြေလှမ်းက အရေးကြီးပါတယ်၊ အဲဒီထဲမှာ ကျွန်တော်တို့လည်း တစ်ထောင့်တစ်နေရာက ပါဝင်ဖို့အတွက် ဒီပွဲကိုကျင်းပရတာ ဖြစ်ပါတယ်၊ ပြည်သူတွေအားလုံးက ငြိမ်းချမ်းရေးကို လိုလိုလားလားနဲ့ တောင်းဆိုကြရင် ငြိမ်းချမ်းရေးလုပ်ငန်းဖော်ဆောင်နေတဲ့သူတွေအနေနဲ့လည်း ပြည်သူ့အသံကို မျက်ကွယ်မပြုတော့ဘဲနဲ့ အားလုံးဟာ နားလည်မှုရှိပြီး ၂၁ ရာစု ပင်လုံညီလာခံကြီးမှာ အောင်အောင်မြင်မြင်နဲ့ငြိမ်းချမ်းရေးရမယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

မြန်မာစာရေးဆရာကလပ်အနေဖြင့် စာပေအကျိုးသယ်ပိုးခြင်း အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် ပထမဆုံးအစီအစဉ်အဖြစ် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ပြုလုပ်သည့် ငြိမ်းချမ်းရေးကဗျာ၊ သီချင်းရွတ်ဖတ်သီဆိုပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ စာပေနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ စာပေဝါသနာရှင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

**ဇော်ကြီး**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ သီပေါမြို့၊ နမ့်စန်မြို့နှင့် ဟားခါးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့၊ မိုင်းယန်းမြို့နှင့် တီးတိန်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# KIA မှ မြစ်ကြီးနားနှင့် ပူတာအိုကြား တံတားဖျက်ဆီးခဲ့မှုနှင့်ပတ်သက်၍ အမြန်ဆုံး ပြုပြင်ပေးရန် ကချင်ပြည်နယ်လွှတ်တော်သို့ အရေးကြီးအဆိုတင်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၇**

ကချင်ပြည်နယ် မြစ်ကြီးနား- ဆွမ်ပရာဘွမ်-ပူတာအိုကြားလမ်းပိုင်းရှိ တံတားများ ဖျက်ဆီးခဲ့သည့်နောက် ပူတာအိုဒေသအတွင်း ကုန်စျေးနှုန်းများ မြင့်တက်ခဲ့သည့်အတွက် ယင်းလမ်းပိုင်းကို အမြန်ဆုံးပြုပြင် တည်ဆောက်ပေးရန် ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ကချင်ပြည်နယ်လွှတ်တော်သို့ ဖေဖော်ဝါရီ ၇ ရက်က ပူတာအိုမြို့နယ် မဲဆန္ဒအမှတ်-၂ မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဒိန်ခန်ဖုန် (ခ) ခန်လင်က တင်သွင်းခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းပြတ်တောက်မှုကြောင့် လက်ရှိ ပူတာအိုမြို့နယ်နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများတွင် စက်သုံးဆီနှင့် အခြားသော ကုန်စျေးနှုန်းမြင့်တက်ခြင်းများ ကြုံတွေ့နေရကြောင်း၊ ထို့အတွက် ကာလကြာလာသည်နှင့်အမျှ ဒေသခံပြည်သူလူထုအတွက် အခက်အခဲများ များစွာကြုံတွေ့လာနိုင်သည့်အတွက် အရေးကြီးအဆိုကို တင်သွင်းရခြင်းဖြစ်ကြောင်း အဆိုရှင် ဦးဒိန်ခန်ဖုန် (ခ) ခန်လင်က ပြောသည်။

"အဆိုပါ လမ်းပိုင်းဖျက်ဆီးမှုကြောင့် လမ်းလုပ်သားတွေလည်း ပူတာအိုနဲ့ မြစ်ကြီးနားမြို့သို့ ထွက်ပြေးတိမ်းရှောင်နေရတယ်လို့ သိရပါတယ်၊ အဲဒီတံတားဖျက်ဆီးပြတ်တောက်မှုကြောင့် ဒုက္ခရောက်ကြတာဟာ လမ်းလုပ်သားတွေသာမဟုတ်ဘဲ ပူတာအိုမြို့နယ်အတွင်းရှိ ဒေသခံတွေလည်း များစွာဒုက္ခခံနေရတယ်"ဟု ၎င်းက အဆိုတင်သွင်းရာတွင် ပြောကြားခဲ့သည်။

လက်ရှိ ပူတာအိုဒေသတွင် ဓာတ်ဆီဈေးနှုန်းမှာ တစ်ပုလင်းကို ငွေကျပ် သုံးထောင်မှ ငါးထောင်အထိရှိပြီး ဆန်ဈေးနှုန်းများလည်း တစ်အိတ်ကို ငါးသောင်းအထက်ရှိကြောင်းနှင့် အခြားကုန်ပစ္စည်းဈေးနှုန်းမှာလည်း မြင့်တက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်ငါးခုမှ ဒေသခံများအတွက် အဓိက ကုန်သွယ်ရေးလမ်းကြောင်းမှာ မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအို လမ်းကြောင်းတစ်ခုတည်းကိုသာ အားထားနေရသည့်အတွက် ယင်းလမ်းပိုင်းကို အမြန်ဆုံးပြုပြင်ပြီး သွားလာနိုင်ရေးအတွက် ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ပေးသင့်ကြောင်း နောင်မွန်မြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးချန်တန်ခင်က ယင်းအဆိုကို ထောက်ခံဆွေးနွေးခဲ့သည်။

ယင်းအဆိုနှင့်ပတ်သက်၍ မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအိုလမ်းပိုင်းအတွင်း ဖျက်ဆီးခဲ့သည့် လမ်းပိုင်းများကို အမြန်ဆုံးပြုပြင်ပေးပြီး လုံလုံခြုံခြုံနှင့် သွားလာနိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်က ဖြေကြားခဲ့သည်။

အဆိုပါ အဆိုရှင်၏ သဘောထားအရ ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့တွင် လွှတ်တော်၌ မှတ်တမ်းတင် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့အနီး မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်း မိုင်တိုင် (၁၁၁) နေရာရှိ စီနင်ခချောင်းကူး၊ ဇနန်သံပေါင်ဘေလီတံတားသို့ KIA အဖွဲ့များ ရောက်ရှိလာပြီး ချဉ်းကပ်လမ်းနှင့်တံတားပေါ်ရှိ ယာဉ်သွားလမ်း ပေ ၂၀ ခန့်အား တံတားဆောက်လုပ်ရေး ဆောင်ရွက်နေသော မန်းပြည်တံခွန်ကုမ္ပဏီပိုင် ဘက်ဟိုးယာဉ်ဖြင့် ဖျက်ဆီးစေခြင်း၊ ဘက်ဟိုးယာဉ်၊ ကျောက်ခွဲစက်သုံးလုံးနှင့် မီးစက်တစ်လုံးတို့အား မီးရှို့ဖျက်ဆီးခြင်း၊ ဘိလပ်မြေဖျော်စက်တစ်လုံးနှင့် ကွန်ကရစ်ဖောက်စက်တစ်လုံးတို့အား ချောင်းအတွင်းသို့ တွန်းချခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ အလားတူ ဇနန်တံတားနှင့်တစ်မိုင်ခန့်အကွာရှိ သံပေါင်ဘေလီအမှတ် (၁/၁၁၀)ကို ဖျက်ဆီးခဲ့ကြောင်း ဇန်နဝါရီ ၂၈ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်ခဲ့သည်။ **မင်းမင်းဦး**



# ပူတာအို-မြစ်ကြီးနား ကားလမ်း အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန် ဒေသခံများ လိုလားလျက်ရှိ

**ပူတာအို ဖေဖော်ဝါရီ ၇**

ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ 

ကောင်းမွန်စေရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် လမ်းသစ်များ ဖောက်လုပ်ခြင်း၊ တံတားများတည်ဆောက်ပေးခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းများ ရှိသော်လည်း ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၈ ရက်က ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့အနီးရှိ တံတားနှစ်စင်းအား KIA လက်နက်ကိုင်အဖွဲ့များက ဖျက်ဆီးခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်ခဲ့ရသည်။

ဖြစ်စဉ်ကြောင့် ပူတာအိုခရိုင်အတွင်းရှိ မြို့များနှင့် ကျေးရွာများတွင် လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်၍ စားနပ်ရိက္ခာများနှင့် လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါး ပြတ်တောက်မှုများဖြစ်ပေါ်ကာ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဒေသခံပြည်သူများ တွေ့ကြုံနေကြရပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများနှင့် ပတ်သက်၍ ပူတာအိုဒေသခံပြည်သူ ရဝမ်တိုင်းရင်းသားဦးဖုန်ဆားက "ပူတာအိုလမ်းပိုင်း ကောင်းလာတာမြင်ရတော့ စိတ်ချမ်းသာတယ်၊ ပျော်ရွှင်နေရပါတယ်လို့ ရှိပါသေးတယ်၊အခုတော့ KIA လက်နက်ကိုင်တွေက တံတားကို မိုင်းခွဲဖျက်ဆီးပစ်တယ်၊ နောက်ပြီး လမ်းတွေကိုလည်း ဖျက်ဆီးပစ်တယ်၊ ဘာမှမကောင်းတော့ဘူး၊ ကားမပြောနဲ့ ဆိုင်ကယ်တောင်သွားမရတော့ဘူး"ဟု ပြောသည်။

အလားတူ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သဖြင့် ဒေသတွင်းကုန်စည်စီးဆင်းမှု ရပ်တန့်သွားမှုကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများနှင့် ပတ်သက်၍ လီဆူတိုင်းရင်းသူ မအားညီက" ဓာတ်ဆီတစ်ပုလင်း ငွေကျပ် ၅၀၀၀ ဆိုတာ မကြားဖူးဘူးရှင့်၊ အခုတော့ ဓာတ်ဆီတစ်ပုလင်း ငွေကျပ် ၅၀၀၀၊ တချို့ဆိုင်တွေကတော့ ငွေကျပ် ၆၀၀၀ ရောင်းနေပြီး ဖုန်းဘေလ်ဆိုရင် လိုင်းမကောင်းလည်း တစ်ထောင်တန်ကို တစ်ထောင့်နှစ်ရာအထိ ပေးနေရတယ်၊ ကျန်တဲ့စားသောက်ကုန်တွေဆိုရင် စဉ်းစားကြည့်နိုင်ပါတယ်"ဟု ပြောသည်။

အဆိုပါ ပူတာအို-မြစ်ကြီးနားလမ်းအပိုင်းတွင် ယခုကဲ့သို့ မဖြစ်ပွားမီက မြစ်ကြီးနားမှ ပူတာအိုသို့ နာရီ ၂၀ ခန့်နှင့် ရောက်ရှိနိုင်သောကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း မှန်ကန်မြန်ဆန်လျက်ရှိကာ ကချင်ပြည်နယ် ပူတာအိုမြို့တွင် လီဆူတိုင်းရင်းသားတို့၏(ခေါ့ရှိ)နှစ်သစ်ကူးပွဲတော်နှင့် ပူတာအိုမြို့ လီဆူစာပေနှင့်ယဉ်ကျေးမှု နှစ် (၆၀) ပြည့် ပွဲတော်ကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ၂၀၁၈ နှစ်သစ်တွင် မြစ်ကြီးနား-ပူတာအိုကားလမ်းပိုင်းရှိ တံတားများ၊ လမ်းများ ဖျက်ဆီးခံခဲ့ရသောကြောင့် ဒေသခံပြည်သူများက ယင်းလမ်းပိုင်းများအား အမြန်ဆုံးပြန်လည်ပြုပြင်ပေးစေလိုကြကြောင်း ဒေသခံပြည်သူများမှတစ်ဆင့် သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဖမ်းဆီးထားသော လီဆူ ၂၁ ဦးအား အမြန်ဆုံး မလွှတ်ပေးပါက ဆန္ဒဖော်ထုတ်သွားမည်ဟုပြောဆို

**မြစ်ကြီးနား ဖေဖော်ဝါရီ ၇**

ကချင်ပြည်နယ် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို သွားလမ်းအတွင်းတွင် ကေအိုင်အို၊ ကေအိုင်အေ လက်နက်ကိုင်တပ်ဖွဲ့မှ ဖမ်းဆီးထားသော လီဆူ ၂၁ ဦးနှင့်ဒေသခံများအား အမြန်ဆုံးပြန်လွှတ်ပေးခြင်းမရှိပါက ဆန္ဒဖော်ထုတ်သွားမည်ဟု လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)မှ သိရသည်။

ကေအိုင်အို၊ ကေအိုင်အေ လက်နက်ကိုင်တပ်ဖွဲ့သည် ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် ကဝါးပန်ကျေးရွာအနီးရှိ ဆွမ်ပရာဘွမ် ပြည်ထောင်စုလမ်းမကြီးပေါ်မှ လီဆူ ၁၉ ဦးနှင့် မေခမြစ်ကြောင်းတစ်လျှောက်ရှိ သဲဝိုင်ရွာမှ လီဆူနှစ်ဦးတို့အား ဇန်နဝါရီ၂၈ ရက်က ဖမ်းဆီးခဲ့ကြောင်း လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)မှ သိရသည်။

"တရားဝင်ထုတ်ပြန်စာကို စာတိုက်ကနေ ပို့ထားပါတယ်၊ ကျွန်တော်တို့က နိုင်ငံရေးအဖွဲ့အစည်းဖြစ်တဲ့အတွက် ဒီလို အဖမ်းခံရတာကို သဘောထားတင်ပြတောင်းဆိုမယ်၊ စာနဲ့ ပါးစပ်နဲ့ အလုပ်လုပ်တာပေ့ါဗျာ၊ နိုင်ငံရေးစားပွဲပေါ်မှာ လုပ်ရတာဖြစ်တဲ့အတွက် ဒီအတိုင်း ပြည်သူအတွက်၊ အမျိုးသားရေးအတွက်ကြည့်ပြီး တောင်းဆိုမယ်၊ မရရင် ဆန္ဒဖော်ထုတ်မယ်၊ ဘယ်လက်နက်ကိုင်အဖွဲ့အစည်းမဆို ဒါပြည်သူအနေနဲ့ မိမိသဘောဆန္ဒအလျောက် ဝင်ရောက်တာကို ကျွန်တော်တို့ ဘာမှအတွန့်တက်ပြီး ပြောစရာမရှိပါဘူး၊ ဒါပေမယ့် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်တာတို့၊ အတင်းအဓမ္မ လူသစ်စုဆောင်း စစ်သားလုပ်ခိုင်းပြီး ရှေ့တန်းမှာ အသေခံတိုက်ခိုင်းတာတို့၊ နောက်ပြီး ဖမ်းဆီးခေါ်ဆောင်တာ အကြောင်းပြပြီး ငွေညှစ်တောင်းယူ မတော်မတရားလုပ်တာတွေကို ကန့်ကွက်ရှုတ်ချပါတယ်"ဟု လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)မှ ဥက္ကဋ္ဌ ဦးရွှေမင်းက ပြောသည်။

အဆိုပါ ဖမ်းဆီးထားသော လီဆူ၂၁ ဦးအား အမြန်ဆုံး လွှတ်ပေးရန်နှင့် အခြားဒေသခံများအား တပ်သားအဖြစ် အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းကို ကန့်ကွက်ကြောင်း လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)က ကြေညာချက်အမှတ် (၁/၂၀၁၈)နှင့် ဖေဖော်ဝါရီ ၅ ရက်က သဘောထားကြေညာချက် ထုတ်ပြန်ထားသည်။

ထိုထုတ်ပြန်ကြေညာချက်ကို ကေအိုင်အို၊ ကေအိုင်အေတို့အပြင် ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများသို့ ထုတ်ပြန်ချက်စာ တရားဝင်ပေးပို့ထားကြောင်း သိရသည်။

ဖမ်းဆီးခံရသူများတွင် မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်နေ အမျိုးသား ၁၂ ဦး၊ မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာနေသူ အမျိုးသားနှစ်ဦး၊ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာနေနှစ်ဦး၊ ပူတာအိုမြို့နေ အမျိုးသားငါးဦးတို့ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၂၈ ရက်တွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုမြို့များကို ဆက်သွယ်ပေးထားသည့် ပြည်ထောင်စုလမ်းမကြီးပေါ်မှ မိုင်တိုင် ၁၁၁ နေရာရှိ ဇနန်သံပေါင်ဘေလီတံတားနှင့် မိုင်တိုင် ၁၁၀ နေရာရှိ စီနင်ခချောင်းကူးတံတားနှစ်စင်းကို ကေအိုင်အို၊ ကေအိုင်အေမှ ဖျက်ဆီးလိုက်ခြင်းကြောင့် ပူတာအိုခရိုင်တစ်ခုလုံးတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး စားနပ်ရိက္ခာများ ပြတ်လပ်ခြင်း၊ ကုန်ဈေးနှုန်း အဆမတန်မြင့်တက်နေခြင်းတို့ကြောင့် ပြည်သူများ လူမှုဘဝအခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

**မင်းမင်းဦး**

# ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာ၌ ကစ္ဆပနဒီမြစ်ကမ်းပါးပြိုကျမှုကြောင့် ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ကျောက်တော် ဖေဖော်ဝါရီ ၇**

မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် ကစ္ဆပနဒီကမ်းဘေးရှိ အပေါက်ဝကျေးရွာ၌ ဖေဖော်ဝါရီ ၅ ရက် နံနက်က မြစ်ကမ်းပါးပြိုကျမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ပြည်သူများအား ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ဖေဖော်ဝါရီ ၇ ရက်က သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ် ၁၂ လုံး လုံးဝပြိုကျသွားခဲ့ပြီး လူနေအိမ် ကိုးလုံးအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရာ စုစုပေါင်း လူနေအိမ် ၂၁ လုံး အိမ်ထောင်စု ၂၁ စု မှ လူဦးရေ ၁၂၃ ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုး၊ အိမ်ထောင်စု ၁၂ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ခြောက်မျိုး ၊ အိမ်ထောင်စု ကိုးစုအတွက် ဆန်ရိက္ခာ ရက်သတ္တပတ်အတွက် ထောက်ပံ့ငွေကျပ် ၂၅၈၃၀၀ နှင့် အိမ်ဆောက်ပစ္စည်းဝယ်ယူရန်အတွက် ထောက်ပံ့ငွေကျပ် ၂၁၀၀၀၀၀ ကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်နန်းမိုးနွယ်နှင့် တာဝန်ရှိသူများက တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# နှစ် ၁၀၀ ခန့်သက်တမ်းရှိ ညောင်ပင်လဲကျပြီး ပိမိ၍ သုံးဦး သေ၊ လေးဦး ဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပသုတ်ကျွန်းကျေးရွာနေ ဦးအင်ပို(၅၈ နှစ်)၏ နေအိမ်ပေါ်သို့ ဖေဖော်ဝါရီ ၆ ရက် ည ၁၁ နာရီ ၅၅ မိနစ်က ညောင်ပင်လဲကျပိမိ၍ လူသေဆုံး၊ ဒဏ်ရာရရှိမှုဖြစ်ပွားကြောင်း သိရသည်။ **(အပေါ်ပုံ)**

သတင်းအရ ကျွန်းစုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ရွာလယ်ပိုင်း ကွန်ကရစ်လမ်းဘေး ဘုန်းကြီးကျောင်းအနီး နှစ် ၁၀၀ ခန့် သက်တမ်းရှိ လုံးပတ် ပေ ၄၀၊ အမြင့် ပေ ၈၀ ခန့် ညောင်ပင်မှာ အပင်အောက်ခြေမှ ဆွေးမြည့်လဲကျစဉ် လမ်းတစ်ဖက်ရှိ ဦးအင်ပို၏ နေအိမ်ပေါ်သို့ ပိမိသဖြင့် နေအိမ်အတွင်း အိပ်ပျော်နေသည့် ဦးအင်ပို၊ ခွင့်ဖြင့် နေအိမ်သို့ ရောက်ရှိနေသော သမက်ဖြစ်သူ ရဲတပ်ကြပ် ဇော်မင်းလတ်(၄၂ နှစ်)၊ မြေးဖြစ်သူ မမီမီဇော်(လေးနှစ်)တို့တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားပြီး ဒေါ်လှကြည်(၅၆ နှစ်) အပါအဝင် လေးဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ကျွန်းစုမြို့မရဲစခန်း၌ သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ဖန်းမော်မြို့နယ် ကောင်းတုံကျေးရွာအနီးတွင် အဝေးထိန်းမိုင်းတစ်လုံး တွေ့ရှိ

**ဖန်းမော် ဖေဖော်ဝါရီ ၇**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ကောင်းတုံကျေးရွာအနီးရှိ ဗန်းမော်-မန္တလေးသွား ကားလမ်းမကြီးဘေး၌ အဝေးထိန်းမိုင်းတစ်လုံးတွေ့ရှိ၍ တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်က ဗန်းမော်မြို့နယ် ကောင်းတုံကျေးရွာ၏ အနောက်ဘက် သုံးဖာလုံခန့်အကွာရှိ ဗန်းမော်-မန္တလေးသွား ကားလမ်းမကြီး ဝဲဘက်ခြမ်း မိုင်တိုင်အမှတ် ၁၆၅/၇ နှင့် ၁၆၆ ကြား၌ ကျောင်းသားများက မသင်္ကာဖွယ်မိုင်းတစ်လုံး တွေ့ရှိသဖြင့် ကောင်းတုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးနိုင်ထံသို့ အကြောင်းကြားခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက စင်းခန်းနယ်မြေရဲစခန်းမှူး ရဲအုပ်ရွှေဝင်းမောင်ထံသို့ သတင်းပေးပို့ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခင်းဖြစ်နေရာသို့ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များ၊ စင်းခန်းနယ်မြေရဲစခန်းမှ ရဲစခန်းမှူး ရဲအုပ်ရွှေဝင်းမောင် ဦးစီးသော တပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းခဲ့သည်။

အဆိုပါ မိုင်းမှာ အမြင့် ရှစ်လက်မခန့်နှင့် လေးလက်မပတ်လည်ခန့် လေးထောင့်ပုံဖြစ်ပြီး မိုင်းနှင့် တွဲလျက် ဝိုင်ယာကြိုးစကို မြေကြီးပေါ်တွင် ချထားသည့် အဝေးထိန်းမိုင်းဖြစ်ကြောင်းနှင့် လူ၊ တိရစ္ဆာန်များ သေဆုံး ထိခိုက်မှုမရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဆိပ်ဖြူမြို့တွင် မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်မီးလောင်

**ဆိပ်ဖြူ ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ယောဝရပ်ကွက်တွင် ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်တစ်လုံး မီးလောင်ခဲ့သည်။

မီးလောင်ရာသို့ ဆိပ်ဖြူမြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်တစ်စီးနှင့် အတူ မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဝိုင်းဝန်း ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၃၉ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ယောဝရပ်ကွက်နေသူ ဦးသိန်းထွန်းအောင်၏ နေအိမ်တစ်လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

မီးလောင်မှုနှင့် ပတ်သက်၍ ဦးသိန်းထွန်းအောင်အား ဆိပ်ဖြူမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း မြို့နယ်မီးသတ်တပ်ဖွဲ့မှ သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

# တမူးမြို့ရှိ နမ့်ဖာလုံဈေး မီးလောင်မှုဖြစ်ပွား

**တမူး ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မြန်မာ-အိန္ဒိယနယ်စပ် အမှတ်-၂ ဂိတ်အနီးရှိ နမ့်ဖာလုံဈေး၌ ဖေဖော်ဝါရီ ၇ ရက် ည ၁၀ နာရီခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါမီးလောင်မှုကို နယ်မြေခံ မီးသတ်တပ်ဖွဲ့များနှင့် ဒေသခံအဖွဲ့အစည်းများ အပြင် အိန္ဒိယနိုင်ငံဘက်မှ မီးသတ်တပ်ဖွဲ့များ၊ ကလေးမြို့ရှိ မီးသတ်တပ်ဖွဲ့များက မီးသတ်ယာဉ်များဖြင့် ဝိုင်းဝန်းကူညီငြိမ်းသတ်လျက်ရှိရာ ည ၁၂ ကျော်အချိန်အထိ မီးလောင်မှုကို မထိန်းနိုင်သေးကြောင်း သိရသည်။

"ကျွန်တော်တို့ သိရတာ ၁၀ နာရီလောက်ကပဲ၊ ပေါက်ကွဲသံတွေတော့ ကြားနေရတယ်၊ အခု ၁၂ နာရီကျော်အထိတော့ မီးငြိမ်းသတ်နိုင်မှု မရှိသေးဘူး၊ အိန္ဒိယနိုင်ငံဘက်က မီးသတ်ယာဉ်တွေနဲ့ ဝိုင်းဝန်းငြိမ်းသတ်နေကြတာတော့ တွေ့ရတယ်၊ ကလေးမြို့က မီးသတ်တပ်ဖွဲ့ကိုလည်း အကူအညီတောင်းထားတယ်လို့ သိရတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။ လက်ရှိအခြေအနေအထိ မီးလောင်ရသည့်အကြောင်းရင်းကို မသိရသေးကြောင်း၊ မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းအရင်းကို တာဝန်ရှိသူများက ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကနဦးသတင်းအရ သိရသည်။ **ဝင်းနိုင်(တမူး)**

# တနိုင်းမြို့၌ ကေအိုင်အေအဖွဲ့ထောင်ထားသည့် မိုင်းနင်းမိ၍ ရွာသားတစ်ဦးဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကချင်ပြည်နယ် တနိုင်းမြို့ မိုင်းခွန်ကျေးရွာ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာ ကေအိုင်အေထိန်းချုပ်နယ်မြေ၌ ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က မိုင်းခွန်ရွာသစ်နေ ဝမ်ဒမ်ခေင်ဒီးဆာရ်(၃၀ နှစ်)သည် ပယင်းတူးရန် သွားရောက်စဉ် ကေအိုင်အေအဖွဲ့ထောင်ထားသည့် မိုင်းအား နင်းမိပေါက်ကွဲခဲ့ရာ ဝမ်ဒမ်ခေင်ဒီးဆာရ်တွင် ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် တနိုင်းမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ဓာတ်ဆီနှင့်ဒီဇယ်များ တရားမဝင်သယ်လာသောယာဉ်တစ်စီး ဖမ်းမိ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၇**

ဓာတ်ဆီနှင့် ဒီဇယ်တန်ဖိုး ကျပ်သိန်းနှစ်ရာ နီးပါးခန့်ကို တရားမဝင် သယ်ဆောင်လာသော ယာဉ်တစ်စီးအား ပွင့်ဖြူမြို့နယ် မဲဇလီကြိုးတံတားထိပ်တွင် ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း ပွင့်ဖြူမြို့မရဲစခန်းမှ သိရသည်။

သတင်းပေးချက်အရ ပွင့်ဖြူမြို့မရဲစခန်းမှ ဒုရဲအုပ်မျိုးသူနှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဇော်မင်းထွန်း(၂၆ နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက် ထွန်းထွန်းဝင်း(၂၂ နှစ်)နှင့် ယာဉ်ပိုင်ရှင် ညွန့်ရွှေ(၅၀ နှစ်)တို့ လိုက်ပါလာသော ယာဉ်အမှတ် ၆ဃ/ ---- ဟွန်ဒိုင်း ၁၂ ဘီး ဆီဘောက်ဆာယာဉ်အတွင်း၌ အခန်း တစ်ခန်းစီကန့်လျက် ဓာတ်ဆီဂါလန် ၃၀၀၀ နှင့် ဒီဇယ်ဂါလံ ၂၀၀၀ ခန့် (စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၂၀၀ နီးပါး)ကို ခွင့်ပြုချက် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ မပါဘဲ ထည့်သွင်းသယ်ဆောင်လာသည်ကို တွေ့ရ၍ တရားမဝင် ဓာတ်ဆီနှင့် ဒီဇယ် သယ်ဆောင်သူ ဇော်မင်းထွန်းပါ သုံးဦးအား ပွင့်ဖြူမြို့နယ် မြို့မရဲစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# တရားမဝင် ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိ

**တာချီလိတ် ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ တာချီလိတ်-မိုင်းဆတ်သွား ကားလမ်းပေါ်၌ ဖေဖော်ဝါရီ ၆ ရက်က ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ကျွန်းသစ်ခွဲသား ၁၅ တန်ခန့် သယ်ဆောင်လာသူ အမျိုးသား နှစ်ဦးကို ဖမ်းဆီးရမိသည်။

ဖေဖော်ဝါရီ ၆ ရက် ညနေ ၅ နာရီခန့်တွင် တာချီလိတ်မြို့ အနောက်ဘက် ငါးမိုင်ခန့်အကွာ တာချီလိတ်-မိုင်းဆတ်သွား ကားလမ်းပေါ်တွင် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လတ်နှင့်အဖွဲ့ နယ်မြေခံတပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ၁၀ ဘီးယာဉ်နှင့်အတူ အောင်ကြီး(၃၀ နှစ်)၊ စိုင်းအောင်(၃၂ နှစ်) တို့အား တွေ့ရှိရပြီး ယာဉ်ပေါ်တွင် တရားမဝင် ကျွန်းသစ်ခွဲသား ၁၅ တန်ခန့်အား တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

တရားမဝင် ကျွန်းသစ်ခွဲသားများ သယ်ဆောင်သူ အောင်ကြီးနှင့် စိုင်းအောင် ဆေခမ်းရပ်ကွက် တာချီလိတ်မြို့နေသူတို့ကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၈၉ စီး ၊ သွင်းကုန် ၁၀၂၁ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၇၉၃ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၅၂၀ သန်းခန့် စုစုပေါင်းတားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၃၁၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၆ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ညောင်ခါးရှည်အကျော် မြစ်ကျိုးလမ်းအနီးတွင် Mitsubishi Canter Truck မော်တော်ယာဉ်အား ရှောင်တခင်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့သကြား ၅၀ ကီလိုဂရမ် (၁၄၀ အိတ်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆ ဒသမ ၄၈၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရှမ်းပြည်နယ်နေ့အခမ်းအနားၜ ရှမ်းယူနိုက်တက်ဘောလုံးအသင်း ဆုချီးမြှင့်ခံရ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

(၇၁) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့ရှိ ကျောက်တိုင်ကွင်းၜ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ (၇၁)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဝန်ကြီးက ဖတ်ကြားသည်။ ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်အတွင်း ထူးချွန်စွာ ဆောင်ရွက်ခဲ့သူများအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ ပြည်နယ်အဆင့် စီမံထူးချွန် ပထမဆုကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ၊ ရှမ်းယူနိုက်တက် ဘောလုံးအသင်း (ယခင် ကမ္ဘောဇ ဘောလုံးအသင်း) တည်ထောင်သူ ဒေါ်နန်းလိုင်းခမ်း **(အပေါ်ပုံ)**၊ ပြည်နယ်အဆင့် စီမံထူးချွန် ဒုတိယဆုကို ရှမ်းယူနိုက်တက် ဘောလုံးအသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေနှင့် ရှမ်းယူနိုက်တက် ဘောလုံးအသင်းက ရရှိခဲ့သည်။ ယင်း အခမ်းအနားတွင် ပြည်နယ်အဆင့် စီမံထူးချွန်ဆုများ၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆုများ၊ စီးပွားထူးချွန်ဆု၊ စိုက်ပျိုးထူးချွန်ဆု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးထူးချွန်ဆု၊ မွေးမြူထူးချွန်ဆု၊ နိုင်ငံတကာပြိုင်ပွဲများနှင့် ပြည်တွင်း အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရခဲ့သည့် အားကစားသမားများအား ဆုများချီးမြှင့်ခဲ့ပြီး ထူးချွန်ဆုရရှိသူများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။



ရှမ်းယူနိုက်တက် ဘောလုံးအသင်းသည် ၂၀၁၇ ရာသီတွင် တစ်ရာသီအတွင်း ပြိုင်ပွဲ နှစ်ခုစလုံးၜ ဗိုလ်စွဲခဲ့ပြီး MNL အမှတ်ပေးပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် ချန်ပီယံဆုများ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက် ဘောလုံးအသင်းသည် မြန်မာ့ဘောလုံး အပျော်တမ်းစနစ်ကတည်းက ဘောလုံးအသင်းတည်ထောင်ကာ မြန်မာ့ဘောလုံး တိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ပြီး ပရော်ဖက်ရှင်နယ်စနစ် ကူးပြောင်းပြီးနောက်ပိုင်းတွင်လည်း မြန်မာ့ဘောလုံးလောက တိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်နှင့် လက်ရွေးစင် ကစားသမားများ မွေးထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-စိုးညွန့်**

# နှစ်ရာသီအခြေခံအားကစားသင်တန်းများ ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း၍ နွေရာသီအခြေခံအားကစားသင်တန်းများကို နွေရာသီကျောင်းပိတ်ရက်များတွင် အားကစားနည်း ၃၆ နည်းကို ရန်ကုန်မြို့ၜ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

အဆိုပါ အခြေခံအားကစားသင်တန်းများကို မတ် ၁၂ ရက်မှ ဧပြီ ၆ ရက်အထိ လည်းကောင်း၊ အဆင့်မြင့်သင်တန်းများကို ဧပြီ ၂၃ ရက်မှ မေ ၁၈ ရက်အထိ လည်းကောင်း မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အားကစားခန်းမနှင့် ခရိုင်၊ မြို့နယ်များရှိ ကွင်းရုံများတွင် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအခြေခံအားကစားနည်းများတွင် မြားပစ်၊ ပြေးခုန်ပစ်၊ ဘော့စ်ဘော၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘီလိယက်၊ စနူကာ၊ ကာယကြံ့ခိုင်မှု၊ ဘိုးလင်း၊ လက်ဝှေ့၊ စစ်တုရင်၊ ခြင်းလုံး၊ ခရစ်ကက်၊ စက်ဘီး၊ ဘောလုံး၊ ဂေါက်သီး၊ ကျွမ်းဘား၊ ဟော်ကီ၊ ဂျူဒို၊ ကရာတေးဒို၊ လေ့လှော်၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သိုင်း၊ ဘော်လီဘော၊ အလေးမ၊ အမျိုးသမီးအားကစား (အေရိုးဗစ်)၊ ဝူရှူး၊ ရွက်လှေ၊ မသန်စွမ်း၊ ကမ်ပို၊ နပန်း၊ ရိုးရာလက်ဝှေ့ စသည့် အားကစားနည်းများ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၄၀၀၄၃၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- နယ်သာလန်အသင်းသည် အသင်းနည်းပြအဖြစ် အဲဗာတန်နည်းပြဟောင်း ရော်နယ်ကိုးမန်းကို ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ကိုးမန်းသည် အောက်တိုဘာလတွင် အဲဗာတန်အသင်းက ထုတ်ပယ်ပြီးနောက်ပိုင်း အသင်းလက်မဲ့နေသူဖြစ်သည်။ ၎င်းသည် နယ်သာလန်အသင်းနှင့် လေးနှစ်ခွဲစာချုပ် ချုပ်ခဲ့သောကြောင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအထိ အသင်းနှင့်အတူ ရှိနေမည်ဖြစ်သည်။
- စပိန်ဘက်ကလာသော သတင်းရင်းမြစ်တစ်ခုတွင် ချယ်လ်ဆီးအသင်းသည် အသင်း၏ အီတလီနည်းပြ ကွန်တီကို အသင်းမှ ထုတ်ပယ်ခဲ့လျှင် ၎င်း၏ နေရာကို အစားထိုးရန်အတွက် ပိုင်ရှင် အေဗရာဟီမိုဗစ်၏ စာရင်းတွင် ဘာစီလိုနာနည်းပြဟောင်း အင်းနရစ်က ထိပ်ဆုံးတွင်ရှိနေကြောင်း ဖော်ပြထားသည်။
- မန်ယူအသင်းဂိုးသမား ဒီဂီယာသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ရီးရဲမက်ဒရစ်အသင်း၏ ဦးစားပေးခေါ်ယူမှုတွင် ပါဝင်နေဆဲဖြစ်သော်လည်း မန်ယူအသင်းက အသက်(၂၇ နှစ်)အရွယ် ဒီဂီယာကို စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း စပိန်သတင်းရင်းမြစ်တစ်ခုတွင် ဖော်ပြထားသည်။
- ဒီဂီယာသည် စနေနေ့က ဟက်ဒါဖီးလ်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ၎င်း၏ ပရီမီယာလိဂ် ပွဲ ၃၀၀ ပြည့်မြောက်ခဲ့ကြောင်း သိရသည်။ ထိုပွဲတွင် ပေးဂိုးမရှိအောင် စွမ်းဆောင်နိုင်မှုကြောင့် ပရီမီယာလိဂ်ၜ ယခုအချိန်အထိ ၂၆ ပွဲ ကစားထားရာတွင် ၁၅ ပွဲအထိ ပေးဂိုးမရှိအောင်စွမ်းဆောင်ပေးထားနိုင်ပြီး ရွှေလက်အိတ်ဆုအတွက် ရေပန်းစားလျက်ရှိကြောင်း သိရသည်။ ချယ်လ်ဆီးဂိုးသမား ကော့တွာ့ကစ်နှင့် မန်စီးတီးဂိုးသမား အီဒါဆင်တို့သည်လည်း ၂၆ ပွဲစီကစားထားရာ ၁၂ ပွဲ ပေးဂိုးမရှိအောင် စွမ်းဆောင်ပေးထားနိုင်ကြောင်းလည်း သိရသည်။
- လာလီဂါကလပ် ဒီပို့တီဗိုအသင်းသည် ဆီးဒေါ့ဖ်ကို ရာသီကုန်အထိ ၎င်းတို့၏ နည်းပြအဖြစ် ခန့်အပ်လိုက်ကြောင်း ဘီဘီစီ၏ ဖော်ပြချက်အရ သိရသည်။ ရီးရဲမက်ဒရစ်နှင့် နယ်သာလန်ကွင်းလယ်ကစားသမားဟောင်း ဆီးဒေါ့ဖ်သည် ၂၀၁၄ ခုနှစ်တွင် အေစီမီလန်နှင့် ၂၀၁၆ ခုနှစ်တွင် တရုတ်ကလပ် ရှန်ကျန်းတို့တွင် နည်းပြလုပ်ခဲ့ဖူးကြောင်းလည်း သိရသည်။

**ဇော်ဇော်**

## ပြည်ထောင်စုနေ့အကြို ဘောလုံးပြိုင်ပွဲ ကျင်းပ

**သုဝဏ္ဏဝတီမြို့ ဖေဖော်ဝါရီ ၇** - မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(သိမ်ဆိပ်)ဘောလုံးကွင်းၜ (၇၁)ကြိမ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၂၃ ရက်မှ စတင်၍ ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)အထိ အမျိုးသား/အမျိုးသမီး ငြိမ်းချမ်းရေးဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲကို နေ့စဉ် မွန်းလွဲ ၃ နာရီမှ စတင်ကာ ကျင်းပနေကြောင်း သိရသည်။ ပြိုင်ပွဲကို ဒေသခံ သုဝဏ္ဏဝတီမြို့နေ ပြည်သူများ စုပေါင်း ဦးဆောင်ကျင်းပ၍ အမျိုးသားဘောလုံးအသင်း ၁၃ သင်းနှင့် အမျိုးသမီးဘောလုံးအသင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်ကြပြီး အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)တွင် ကျင်းပသွားမည်ဖြစ်ပြီး ဂုဏ်ပြုဆုများကို ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ ဦးဆောင်သူတစ်ဦးဖြစ်သူ ဦးကျော်ထိုက်က ပြောသည်။ **ခွန်(ဝင်းပ)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 7I/7951၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 2D/3648, Toyota Crown J2S 177 S/L (4×2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ဇူ ၁၃/နဆန(နိုင်)၀၆၅၅၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကျောင်းလွှတ်ပူဇာပွဲ မင်္ဂလာဖိတ်ကြားလွှာ**
**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သက်နန်းကျွန်းကြီးကျေးရွာ၊ ဇောတိကလမ်း**
ဇောဓိမြိုင် သစ္စာရွှေပြည် ဓမ္မရိပ်သာအတွင်းရှိ ဓမ္မာဓိပတိ ငါးထပ်ကျောင်းဆောင်တော်ကြီး ကျောင်းလွှတ်ပူဇာ အလှူတော်မင်္ဂလာအခမ်းအနားကို ၈-၂-၂၀၁၈ရက် မှ ၁၀-၂-၂၀၁၈ရက်အထိ ညစဉ် ၇နာရီတွင် နိုင်ငံကျော်ဓမ္မကထိက ဆရာတော်များမှ ဟောကြားမည်ဖြစ်ပြီး ၁၁-၂-၂၀၁၈ရက်တွင် ရေစက်သွန်းချ အလှူတော်မင်္ဂလာကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ယောဂီသူတော်စင်အပေါင်းတို့အား နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။
ညစဉ်ဟောကြားမည့် ဆရာတော်များ…
၁။ ၈-၂-၂၀၁၈ရက် - မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒ
၂။ ၉-၂-၂၀၁၈ရက် - ဓမ္မဘေရီဆရာတော် အရှင်ဝီရိယ
၃။ ၁၀-၂-၂၀၁၈ရက် - ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ

**အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း သင်တန်းတက်ရောက်မည့်သူများ သိရှိစေရန်**
၂၀၁၇ခုနှစ်၊ မတ်လတွင် လူတွေ့စစ်ဆေးပြီးသူများ ထပ်မံလူတွေ့စစ်ဆေးခံရန် မလိုသော်လည်း တက်ရောက်လို သူများသင်တန်းမဖွင့်မီ Form အသစ်ဖြည့်၍ ပြန်လည်တင်ပြရန်။ (အောက်ပါ Email များသို့ ပေးပို့နိုင်ပါသည်။) သင်တန်းတက်/မတတ် အမြန်ဆုံးပြန်လည်အကြောင်းကြားပါရန်။ အကြောင်းမကြားပါက (မတက်ရောက်)ဟု မှတ်ယူပါမည်။
- အသစ်လျှောက်ထားမည့်သူများသည် မြဝတီနယ်စပ်ကုန်သွယ်ရေးကုန်သည်များ အသင်းနှင့်မြဝတီ အကောက်ခွန်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်သူများအသင်းတို့တွင် Form ပုံစံများ ထုတ်ယူရန်။
- ၁၅-၂-၂၀၁၈ရက် နောက်ဆုံးထားပြီး Form ထုတ်ယူသည့်ဌာနများတွင် ဘွဲ့လက်မှတ်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံချက်၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ဓာတ်ပုံ(၃)ပုံနှင့်အတူ ပူးတွဲတင်ပြရမည်။
- လူတွေ့စစ်ဆေးသည့်ရက်တွင် ဘွဲ့လက်မှတ်မူရင်းတင်ပြနိုင်ရမည်။
- ယခင်လူတွေ့စစ်ဆေးပြီးသူများနှင့် အသစ်လျှောက်ထားသူများအနက်မှ သင်တန်းတက်ရောက် ခွင့်ပြုမည့်သူများ၏ စာရင်းကိုပြန်လည်စိစစ်ထုတ်ပြန်မည်ဖြစ်ပါသည်။

**စုံစမ်းဆက်သွယ်ရန်**
၁။ မြဝတီအကောက်ခွန်ဦးစီးဌာန ဖုန်း-၀၅၈-၅၀၀၂၄(myawaddy customs@ gmail.com)
၂။ ဦးမြင့်အောင်(ရုံးအဖွဲ့မှူး၊ မြဝတီကုန်သည်များအသင်း) ဖုန်း-၀၉-၇၈၁၀၄၅၄၂၀(info@mwdbtcc.com)
၃။ ဦးဇော်မင်းထွေး(ဥက္ကဋ္ဌ၊ မြဝတီ CBA အသင်း) ဖုန်း-၀၉-၅၆၇၀၁၄၂၊ ၀၉-၇၉၅၅၆၄၄၃၇၀
၄။ မဇင်မာဖြိုး(ဘဏ္ဍာရေးမှူး၊ မြဝတီCBA အသင်း) ဖုန်း-၀၉-၇၉၅၇၉၃၃၈၅
၅။ ကိုမင်းခန့်လူ(စာရေး၊ မြဝတီကုန်သည်များအသင်း) ဖုန်း-၀၉-၇၈၄၅၄၁၀၅၁ (info@mwdbtcc.com)
**မြဝတီနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း**

**INVITATION FOR PRICE QUOTATIONS**

The Republic of the Union of Myanmar has receivedfinancing from the International Development Association (IDA) towards the cost of the Flood and Landslide Emergency Recovery Project (FLERP). The IDA No. of the credit agreement is No. 5889-MM. The Department of Highways (DOH) of the Ministry of Construction, in its role as implementing agency of the FLERP, intends to apply a portion of the proceeds of this financing towards eligible payments under the Purchase Order/Contracts C4-MOC-G07 BIS, for the supply of Double Cab Project Inspection Vehicles. DOHnow invites eligible suppliers to express their interest in supplying the following items:

**Reference Number: C4-MOC-G07 BIS – Double Cab Project Inspection Vehicles**

| Reference No. | Lot No | Description | Quantity |
|---|---|---|---|
| C4-MOC-G07 BIS | 1 | Double Cab Project Inspection Vehicles | 4 vehicles |
| Supply to | | Department of Rural Development, Office No.(14),Nay Pyi Taw | |

Expressions of Interest must be submitted in a written form to the email address below and clearly indicate the reference numberabove. Eligible suppliershaving expressed interest will receive anINVITATION TO QUOTE (ITQ).
Sealed Quotations will be submitted to the address below at the latest at the dead line of**Thursday22 February 2018 at 11:00am Myanmar time** after which no Quotations will be accepted.The vehicles will be contracted in 1 (one) contract.
The Suppliers will be selected following the Shopping Methodas per the "Guidelines for Procurement of Goods, Works and non-Consulting Services under IBRD Loans and IDA Credits& Grants by World Bank Borrowers" dated January 2011 and revised in July 2014.
Please submit your Expression of Interest for receiving the Invitation to Quote (ITQ)to:U Khin Zaw, Project Director, Department of Highways of the Ministry of Construction, Office No. (11), Nay Pyi Taw.Office phone and fax (+95-67)407583Email: flerp.moc@gmail.com. Please indicate one of the reference numbers above as well as your e-mail address as only electronic copies of the ITQ will be send.

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 4D/5424၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ (ရွာသာကြီး)**

**မွေးသက္ကရာဇ်အမှန်**
ဦးစိန်သောင်း၏ သား ဦးဝင်းဇော် ၁/မကန(နိုင်)၀၅၂၁၁၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၇-၁၉၇၁ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**
တပ်မတော်(ရေ) တပ်ကြပ်ကြီး ဝင်းထွဋ်ဝင်း၏ သမီး မယွန်းဝတီဝင်းအား ယနေ့မှစ၍ မအဥ္ဇလီချမ်းမြေ့ဟု ပြောင်းလဲခေါ်ပါရန်။
**မအဥ္ဇလီချမ်းမြေ့**

**မွေးသက္ကရာဇ်အမှန်**
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ ဦးဇော်နိုင်ဦး၏ သမီး မရွှေဝတ်မှုံ ၇/ပခန(နိုင်)၃၃၄၅၅၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၁၂-၁၉၉၅ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အလက (ကျိုက်မရော) စတုတ္ထတန်းမှ မိရတနာဦး၏ ဖခင် အမည်မှန်မှာ ဦးသန်းဇော်ဦး ၁၀/ကမရ(နိုင်)၀၅၆၉၄၄ ဖြစ်ပါသည်။ **ဦးသန်းဇော်ဦး**

**မွေးသက္ကရာဇ်အမှန်**
မြတောင် အထက၊ နဝမတန်းမှ မရည်မွန်ထွေး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၉-၂၀၀၂ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၃၇ယ/၃၄၅၇၈ Sumbosuar wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြသီတာ ၇/အတန(နိုင်)၀၆၃၈၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

# ထိုင်ဝမ်၌ အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်ရာ လူ ငါးဦးသေဆုံးပြီး ၂၅၀ ကျော်ထိခိုက်



**တရုတ်တိုင်ပေ ဖေဖော်ဝါရီ ၇**

ထိုင်ဝမ်ဟွာလင်ဒေသအနီးတွင် ယမန်နေ့ညပိုင်းက ပြင်းအား ၆ ဒသမ ၅ ရစ်ချ်တာစကေးအဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူ နှစ်ဦးသေဆုံးခဲ့ပြီး ၂၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိ ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၇ ရက်က ဖော်ပြခဲ့သည်။

အဆိုပါ ငလျင်သည် မြောက်လတ္တီကျု ၂၄ ဒသမ ၁၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၁၂၁ ဒသမ ၇၁ ဒီဂရီအကြား မြေအောက်အနက် ၁၁ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံငလျင်ကွန်ရက်စင်တာ (စီအီးအင်န်စီ)က ဖော်ပြခဲ့သည်။

ငလျင်လှုပ်ခတ်မှုဒဏ်ကို ထိုင်ဝမ်အနှံ့အပြားခံစားခဲ့ရကြောင်းနှင့် ထိုင်ဝမ်အရှေ့ပိုင်း ဟွာလင်ရှိ လမ်းများနှင့် အချို့အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း သိရသည်။ ထိုင်ဝမ်တွင် လှုပ်ခတ်ခဲ့သောငလျင်ကြောင့် မာရှယ်ဟိုတယ်မှာ တိမ်းစောင်းပျက်စီးမှုများဖြစ်ခဲ့ပြီး လူသုံးဦးလည်း ပိတ်မိလျက်ရှိကြောင်း သိရသည်။ ငလျင်လှုပ်ခတ်မှုကြောင့် ဆူအိုမှဟွာလင်သို့ ပြေးဆွဲသည့် အဝေးပြေးလမ်းကိုလည်း ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

ဖေဖော်ဝါရီ ၄ ရက်မှစကာ အဆိုပါဒေသတွင် ငလျင်ငယ်ပေါင်း အကြိမ် ၁၀၀ ကျော်လှုပ်ခတ်ခဲ့သည်ဟုဆိုသည်။ နောက်ထပ်ရက်သတ္တပတ်အတွင်း နောက်ထပ်ငလျင်ငယ်များပိုမိုလှုပ်ခတ်နိုင်ဖွယ်ရှိကြောင်း ငလျင်ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားသည်။ ဗုဒ္ဓဟူးနေ့တွင် ထိုင်ဝမ်သမ္မတဆိုင်အင်ဝမ် သည်ဟွာလီယန်ရှိ ၁၂ ထပ်အဆောက်အအုံသို့ လာရောက်ခဲ့သည်။ ငလျင်ကြောင့်ထိခိုက်ဒဏ်ရာရရှိသူမှာ ၂၅၀ ကျော်ရှိပြီး လူ ၈၀ ခန့်ပျောက်ဆုံးနေဆဲဖြစ်သည်။ ပျောက်ဆုံးနေသူအများစုမှာ ပြိုကျအဆောက်အအုံအတွင်း၌ ပိတ်မိနေကြခြင်းဖြစ်မည်ဟု ယူဆရသည်။

အလုပ်သမားများသည် အဆောက်အအုံကြီးပြိုလဲကျမသွားစေရန် တားဆီးသည့်အနေဖြင့် အကြီးစားစက်ကိရိယာဖြင့် ထောက်ပင့်ထားခဲ့ကြကြောင်း ဆိုင်ကသတင်းထောက်များသို့ ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# သူပုန်များကို တိုက်ထုတ်ပစ်ရန် အမေရိကန်ဒေါ်လာသန်း ၂၀၀ကျော်တန်ဖိုးရှိသည့် ရဟတ်ယာဉ်များဝယ်ယူမှုစာချုပ်ကို ဖိလစ်ပိုင်လက်မှတ်ရေးထိုး



**မနီလာ ဖေဖော်ဝါရီ ၇**

ဖိလစ်ပိုင်နိုင်ငံ၌ အစ္စလာမ္မစ်နှင့် ကွန်မြူနစ်သူပုန်များကို တိုက်ထုတ်ရန်အတွက် တပ်မတော်သည် စစ်ဆင်ရေးအရှိန်မြှင့်ဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိရာ အမေရိကန်ဒေါ်လာ ၂၃၃ ဒသမ ၆ သန်းတန်ဖိုးရှိသည့် တိုက်ခိုက်ရေးရဟတ်ယာဉ် ၁၆ စင်းကို ဝယ်ယူရန် စာချုပ်တစ်ခုကို ကနေဒါနှင့် လက်မှတ်ရေးထိုးခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးသည် မော်ဝါဒီတိုက်ခိုက်ရေးသမားများနှင့် အိုင်အက်စ်အစွန်းရောက်အဖွဲ့ကို ထောက်ခံသည့်အုပ်စုများ ပြန်လည်အုပ်စုဖွဲ့ရန် ကြိုးစားလာနိုင်သည့် ပြည်တွင်းခြိမ်းခြောက်မှု ရန်စွယ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လက်နက်ကိုင်တပ်ဖွဲ့များအား ခေတ်မီဆန်းသစ်မည့် အစီအစဉ်ကို အာရုံစိုက်လျက်ရှိရာ 412EPI ရဟတ်ယာဉ်ကို လာမည့်နှစ်အစောပိုင်းတွင် ဖိလစ်ပိုင်သို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရဟတ်ယာဉ်များကို တပ်မတော်၏ ပြည်တွင်းလုံခြုံရေး ထိုးစစ်ဆင်နွှဲမှုများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း စီမံကိန်းဆိုင်ရာ တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး ရက်တီကျူတို ပါဒီလာက ရိုက်တာသို့ပြောကြားခဲ့သည်။

လေယာဉ်သည် သဘာဝဘေးကယ်ဆယ်ရေး ဆောင်ရွက်မှုများနှင့် ရှာဖွေကယ်ဆယ်ရေးအတွက်လည်း အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

ရဟတ်ယာဉ်များကို ဖိလစ်ပိုင်လေကြောင်းတပ်ဖွဲ့က အားထားရသည့် တစ်ပတ်ရစ် UH-1H Huey ရဟတ်ယာဉ်များနေရာတွင် အစားထိုးအသုံးပြုသွားမည် ဖြစ်သည်။ ဖိလစ်ပိုင်သည် ယင်းရဟတ်ယာဉ်များကို အမေရိကန်ပြည်ထောင်စုထံမှ ရရှိခဲ့သည်။

ကာကွယ်ရေးဝန်ကြီး အယ်လ်ဖင်လိုရန်ဇာသည် ညှိနှိုင်းပြီးဖြစ်သည့် အစိုးရစာကန်ထရိုက်စာချုပ်ကို ကနေဒါစီးပွားရေးကော်ပိုရေးရှင်းနှင့် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း သိရသည်။

ယခုတစ်ကြိမ်သည် ဖိလစ်ပိုင်က Bell ရဟတ်ယာဉ်များကို ဒုတိယအကြိမ်ဝယ်ယူခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်ကလည်း ဖိလစ်ပိုင်သည် ပီဆို ၄ ဒသမ ၈ ဘီလီယံတန်ဖိုးရှိသည့်အမျိုးအစားကွဲ လေယာဉ် ရှစ်စင်းကိုဝယ်ယူခဲ့သည်။ **ရိုက်တာ**

## အမေရိကန်နှင့် တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဧပြီလတွင် စတင်မည်

**ဆိုးလ် ဖေဖော်ဝါရီ ၇**

အမေရိကန်သည် တောင်ကိုရီးယားနိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို လာမည့်ဧပြီလတွင် စတင်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်သံတမန်က ပြောကြားခဲ့သည်။

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ပြုံချမ်းအိုလံပစ်အားကစားပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲပြီးမှသာ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဆက်လက်ပြုလုပ်သွားကြရန် ရွှေ့ဆိုင်းထားခဲ့သည်။ မြောက်ကိုရီးယားတပ်မတော်သည် ပြုံချမ်းအိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲနေ့မတိုင်မီတစ်ရက်အလိုဖြစ်သည့် ကြာသပတေးနေ့တွင် စစ်ရေးပြရန် စီစဉ်ထားကြောင်း သံတမန်မှ ခ်နက်ပါက ပြောကြားခဲ့သည်။

အိုလံပစ်အားကစားပွဲတော်ကြောင့် ရွှေ့ဆိုင်းထားခဲ့သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ယခင်က လေ့ကျင့်မြဲအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး နောက်ထပ်နှောင့်နှေးကြန့်ကြာစေခြင်းမရှိစေရကြောင်း ၎င်းက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အစ္စရေးနှင့် သံတမန်ဆက်ဆံရေးဖြတ်တောက်ရန် ပါလက်စတိုင်းအစိုးရလုပ်ဆောင်

**ရာမလာ ဖေဖော်ဝါရီ ၇**

ဝန်ကြီးအဆင့်ကော်မတီဖွဲ့စည်းကာ အစ္စရေးနှင့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့်လုံခြုံရေးစသည့် ကဏ္ဍများအပါအဝင် သံတမန်ဆက်ဆံရေးဖြတ်တောက်ရန်၊ လုပ်ငန်းစဉ်များ လုပ်ဆောင်ရန် ပါလက်စတိုင်းအစိုးရအနေဖြင့် လုပ်ဆောင်လျက်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၇ ရက်က ဖော်ပြခဲ့သည်။

အဆိုပါကော်မတီအနေဖြင့် အစ္စရေးနိုင်ငံနှင့် အဆက်အသွယ်ဖြတ်တောက်ရန် စတင်လေ့လာနေပြီဖြစ်ကြောင်း၊ ပါလက်စတိုင်း အစိုးရအနေဖြင့် ကော်မတီအသစ်တစ်ခုထပ်မံဖွဲ့စည်းကာ လက်ရှိအချိန်တွင် နိုင်ငံအတွင်း အသုံးပြုနေသည့် အစ္စရေးနိုင်ငံ ငွေစက္ကူများအစားထိုးရန် သို့မဟုတ် နိုင်ငံပိုင်ငွေစက္ကူအသစ်ထုတ်ဝေရန် လေ့လာမှုများ ဆောင်ရွက်နေကြောင်း ယမန်နေ့က ပါလက်စတိုင်းအစိုးရ ထုတ်ပြန်ခဲ့သောသတင်းများအရ သိရသည်။

ယခုကဲ့သို့ လုပ်ဆောင်မှုများကြောင့် အစ္စရေးနိုင်ငံမှ ပါလက်စတိုင်းအပေါ် နိုင်ငံရေးနှင့်စီးပွားရေးမှ ထိန်းချုပ်မှုတို့မှ လွတ်မြောက်နိုင်မည်ဖြစ်ကြောင်း တခြားနိုင်ငံများနှင့် ချစ်ကြည်ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် အထောက်အကူ ဖြစ်စေကြောင်း စသည့်အချက်များကိုလည်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ဂျေရုဆလင်မြို့ကို အစ္စရေးနိုင်ငံမြို့တော်အဖြစ် အသိအမှတ်ပြုခဲ့သောကြောင့် ပါလက်စတိုင်းနိုင်ငံ၏ အပြင်းအထန် ဆန့်ကျင်မှုနှင့်ကန့်ကွက်ဆန္ဒပြမှုကို ခံခဲ့ရသောကြောင့် ဖေဖော်ဝါရီ ၃ ရက်တွင် အစ္စရေးနိုင်ငံနှင့် ထိတွေ့ဆက်ဆံမှုအားလုံးကို ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



**နိုင်ငံတကာ သတင်းတိုထွာ**

## တူရကီတို့ ဆီးရီးယားနိုင်ငံမြောက်ပိုင်း၌ ပြုလုပ်သောစစ်ဆင်ရေးများအတွင်း လူပေါင်း ၅၀၀ ခန့်သေဆုံး

**ဒမတ်စကက် ဖေဖော်ဝါရီ ၇**

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အဖရင်ဒေသ၌ တူရကီနိုင်ငံက သီတင်းနှစ်ပတ်ကြာ ဆောင်ရွက်ခဲ့သည့် စစ်ရေးဆောင်ရွက်ချက်များကြောင့် လက်ရှိအချိန်တွင် လူပေါင်း ၅၀၀ ခန့်သေဆုံးခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင်သတင်းဌာနက ယမန်နေ့က ဖော်ပြခဲ့သည်။

အဖရင်ဒေသတွင်းဆေးရုံ၏ စာရင်းဖော်ပြချက်အရ တူရကီနိုင်ငံအစိုးရတပ်ဖွဲ့၏ စစ်ရေးဆောင်ရွက်ချက်များကြောင့် လက်ရှိအချိန်တွင် အရပ်သားပေါင်း ၁၄၂ ဦးသေဆုံးခဲ့ပြီး ၃၄၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။

ယမန်နေ့က တူရကီအစိုးရဘက်မှ ပစ်ခတ်လိုက်သည့် အမြောက်ကျည်ဆန်သည် အဖရင်ဒေသရှိ လခြမ်းနီအဆောက်အအုံပေါ်သို့ ကျရောက်ခဲ့ရာ ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံအနေဖြင့် ဆီးရီးယားနိုင်ငံအတွင်းရှိ စစ်ရေးဆောင်ရွက်ချက်များကို တိုးချဲ့သွားမည်ဖြစ်ပြီး တူရကီနှင့် ထိစပ်နေသည့် မန်ဘစ်ဒေသ၌ ပြုလုပ်သွားဖွယ်ရှိကြောင်း မကြာသေးမီက ပြောကြားလိုက်သည်။

**ဆင်ဟွာ**

## အမေရိကန်နှင့် ရုရှား နျူကလီးယား လက်နက်စာရင်းများ အပြန်အလှန်လဲလှယ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၇**

အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံအနေဖြင့် လာမည့်မတ်လပိုင်းအတွင်း မဟာဗျူဟာမြောက် နျူကလီးယားလက်နက်အရေအတွက် စာရင်းနှင့် ပတ်သက်ပြီး အပြန်အလှန်လဲလှယ်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့ ပြီးခဲ့သည့် ခုနစ်နှစ်တာကာလအတွင်း နျူကလီးယားလက်နက်လျှော့ချရေး သဘောတူညီမှုကို လိုက်နာခဲ့ပြီးနောက် နှစ်နိုင်ငံအနေဖြင့် ထိုသို့ နျူကလီးယားလက်နက်စာရင်း လဲလှယ်ခြင်းဖြစ်ကြောင်း သိရသည်။

နျူကလီးယား လက်နက်လျှော့ချရေး သဘောတူညီချက်သည် ဖေဖော်ဝါရီ ၅ ရက်က စတင်အကျိုးသက်ရောက်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီသာနောရက်က ပြောခဲ့သည်။

အမေရိကန်နှင့် ရုရှားနိုင်ငံတို့အနေဖြင့် ခုနစ်နှစ်တာကာလအတွင်း နှစ်စဉ် နျူကလီးယား လက်နက်အရေအတွက်စာရင်းကို နှစ်ကြိမ်လဲလှယ်ခဲ့ကြောင်းနှင့် နျူကလီးယားလက်နက်လျှော့ချခြင်းဖြင့် အမေရိကန်နှင့် မဟာမိတ်နိုင်ငံများကိုလုံခြုံမှုရရှိစေခဲ့ပြီး အမေရိကန်-ရုရှား မဟာဗျူဟာ ဆက်ဆံရေးလည်း ပိုမိုပွင့်လင်းမြင်သာမှုရှိလာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

# ယူအေအီး-ကာတာနိုင်ငံရေးလွန်ဆွဲပွဲမှာ အီရန်အမြတ်ထွက်ပြီး အမေရိကန်အရှုံးပေါ်နိုင်

**တင်လင်းအောင်**



စစ်ဘက်ဆိုင်ရာ လေယာဉ်တွေနဲ့ ပတ်သက်ပြီး မကျေမလည်ဖြစ်ရာမှ ကာတာနဲ့ အာရပ်စော်ဘွားများပြည်ထောင်စုကြား ဆက်ဆံရေးတင်းမာမှုတွေ မြင့်တက်လာမှုဟာ ပင်လယ်ကွေ့ဒေသမှာ အမေရိကန်တို့ရဲ့ မဟာဗျူဟာ အကျိုးစီးပွားကို ခြိမ်းခြောက်လျက်ရှိသော်လည်း ဒေသတွင်း ပြိုင်ဘက်အီရန်အတွက်တော့ အကျိုးများစေမှာ ဖြစ်ပါတယ်။

ကာတာလေတပ်မှ ဂျက်လေယာဉ်တွေဟာ အာရပ်စော်ဘွားများပြည်ထောင်စုအရပ်ဘက်လေကြောင်းလိုင်းမှ စီးပွားရေးအရ ဘာရိန်းသို့ ပြေးဆွဲနေသော စီးပွားဖြစ်လေယာဉ်တွေကို လွန်ခဲ့တဲ့လက ကြားဖြတ်ဟန့်တားခဲ့ကြောင်း အဘူဒါဘီကပြောခဲ့ပါတယ်။ ထို့အတူ အာရပ်စော်ဘွားများပြည်ထောင်စုမှ စစ်ဘက်ဆိုင်ရာ လေယာဉ်တွေဟာ ကာတာလေပိုင်နက်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်နဲ့ ဇန်နဝါရီ ၃ ရက်တွေမှာ ချိုးဖောက်ဝင်ရောက်ခဲ့ကြောင်း ဒိုဟာကလည်း ငြိမ်ခံမနေဘဲ ပြန်ပြောခဲ့ပါတယ်။

အဲဒီလိုအပြန်အလှန်စွပ်စွဲမှုတွေ လုပ်နေပေမယ့်လည်း တစ်ဖက်ရဲ့ စွပ်စွဲချက်ကို အခြားတစ်ဖက်က ခေါင်းငုံ့မခံဘဲ ငြင်းဆိုလိုက်သလို အခြားတစ်ဖက်ရဲ့ စွပ်စွဲချက်ကိုလည်း တစ်ဖက်က တန်ပြန်ငြင်းဆိုလိုက်ပါတယ်။ ကာတာနဲ့ အာရပ်စော်ဘွားများပြည်ထောင်စုကြား ထိပ်တိုက်တွေ့နိုင်မှုအခြေအနေဟာ တစ်နေ့တခြားကြီးထွားလို့ လာခဲ့ပါတယ်။ သို့သော်လည်း စစ်ပွဲအသွင်တော့ဆောင်မယ့်သဘော မရပါဘူးလို့ ဒေသတွင်း ကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။

အပြန်အလှန် စွပ်စွဲမှုတွေနဲ့ ပတ်သက်ပြီးတော့ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဆော်ဒီအာရေဗျ၊ ဘာရိန်းနဲ့ အီဂျစ်တို့ဟာ ကာတာနိုင်ငံအပေါ် ခရီးသွားလာခွင့်နဲ့ ကုန်သွယ်ခွင့် ပိတ်ဆို့တဲ့ ဒဏ်ခတ်မှုတွေပြုလုပ်ပြီးနောက် ခုနစ်လအကြာမှာ တင်းမာမှုတွေမြင့်တက်လာခြင်းပဲ ဖြစ်ပါတယ်။ ဒိုဟာကတော့ ဒီအပေါ်ငြင်းဆိုမှုတွေ ပြုလုပ်ဆဲရှိပါသေးတယ်။ အဲဒီလိုဖြစ်တာတွေဟာ ဒေသတွင်းပြိုင်ဘက်အီရန်နဲ့ အကြမ်းဖက်ဝါဒကို ထောက်ပံ့ပေးရာကျသလို အမေရိကန်အတွက်လည်း သတိထားစရာတစ်ခုဖြစ်လာခဲ့ပါတယ်။

အရပ်ဘက်လေကြောင်းလိုင်းနားမှာ စစ်ဘက်ဆိုင်ရာလေယာဉ်တွေရှိနေတယ်ဆိုရင်တော့ ဒါဟာကောင်းတဲ့သဘောတော့ မဟုတ်လောက်ပါဘူး။ အန္တရာယ်ကို ဖိတ်ခေါ်နေသလိုဖြစ်ပြီးတော့ အသက်အန္တရာယ်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်နိုင်ပါတယ်။ ဒါတင်ပဲလားဆိုတော့မဟုတ်ပါဘူး။ ပင်လယ်ကွေ့နိုင်ငံတွေမှာ ဘယ်တော့မှ မဖြစ်ဖူးတဲ့ အခြေအနေတွေအထိ ဖြစ်လာနိုင်တယ်လို့ အနောက်တိုင်းသံတမန်တစ်ဦးက ဖော်ပြခဲ့ပါတယ်။

သံတမန်နဲ့ကုန်သွယ်ရေးပိတ်ဆို့မှုဖြစ်ဒဏ်တွေကြောင့် တင်းမာမှုဖြစ်ပွားရတဲ့အကြောင်းရင်းကို မသိကျိုးကျွန်ပြုမယ်ဆိုပါက ဒါဟာ တွက်ချက်မှုမှားယွင်းနိုင်တယ်လို့ စီးပွားရေးဆိုင်ရာပိတ်ဆို့မှုတွေနဲ့ ပတ်သက်ပြီး ကျွမ်းကျင်သူ ဝရိုက်စ်တက္ကသိုလ်မှ ဂေဘရီယယ်ကောလင်းက ပြောပါတယ်။

ဒါကိုသတိမထားဘူးဆိုရင် မီးပွားသေးသေးလေးက မီးလောင်မှုအကြီးအကျယ်ဖြစ်စေနိုင်တယ်လို့ ၎င်းက ဆက်လက်ပြောကြားပါတယ်။

ပင်လယ်ကွေ့အာရပ်နိုင်ငံတွေနဲ့ ဆက်ဆံရေး မကောင်းမှုဟာ အမေရိကန်ပြည်ထောင်စုရဲ့ အိုင်အက်စ်တို့ကို တိုက်ခိုက်တဲ့ ကြိုးပမ်းဆောင်ရွက်ချက်တွေနဲ့ အီရန်တို့ရဲ့ ဒေသတွင်းလွှမ်းမိုးလာမှုအပေါ် ထိန်းချုပ်နိုင်ရေးကြိုးပမ်းချက်တွေအပေါ် အဟန့်အတားဖြစ်နိုင်ပါတယ်။

သို့သော် အီရန်ကတော့ ကာတာနိုင်ငံအပေါ် ပိတ်ဆို့မှုတွေပြုလုပ်မှုအပေါ် ပြစ်တင်ဝေဖန်မှုတွေပြုလုပ်ခဲ့ပြီး ငြိမ်းချမ်းသောစကားဝိုင်းဆွေးနွေးခြင်း နည်းလမ်းနဲ့ ဖြေရှင်းသင့်ကြောင်း တိုက်တွန်းခဲ့ပါတယ်။

ပင်လယ်ကွေ့ဒေသဟာ အမေရိကန်ပြည်ထောင်စုအတွက် မဟာဗျူဟာအရ အရေးကြီးတဲ့ အချက်အချာနေရာတစ်ခုဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမေရိကန်ပြည်ထောင်စုဟာ သူ့ရဲ့ငါးခုမြောက် အကြီးဆုံးရေတပ်သင်္ဘောစုကို ဘာရိန်းမှာ အခြေပြုတည်ဆောက်ထားပြီး အယ်လ်ယူဒစ်လေတပ်အခြေစိုက်စခန်းကို ကာတာမှာ တည်ဆောက်ထားပါတယ်။ အိုင်အက်စ်အကြမ်းဖက်သမားတွေကို နှိမ်နင်းချေမှုန်းတဲ့စစ်ဆင်ရေးတွေကို ပြုလုပ်တဲ့အခါ အဆိုပါနေရာများဟာ အလယ်ဗဟိုအချက်အချာနေရာမှာ ရနေလို့ပါပဲ။

ကာတာနဲ့ အာရပ်စော်ဘွားများပြည်ထောင်စုနှစ်နိုင်ငံလုံးဟာ တစ်ဖက်နဲ့တစ်ဖက်အပြန်အလှန် ဆန်းစစ်ဝေဖန်မှုတွေပြုနေတဲ့ ဒေသတွင်းမိတ်ဖက်တွေအဖြစ် အမေရိကန်က စဉ်းစားလျက်ရှိကြောင်း ကာတာရှိ အမေရိကန်လေတပ်ဗဟိုဌာနချုပ်ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့ပါတယ်။ လတ်တလောဖြစ်ပေါ်နေတဲ့ ကာတာနဲ့ အာရပ်စော်ဘွားများအရေးတင်းမာမှုတွေ လျော့နည်းသွားစေမယ့် အဓိပ္ပာယ်ပြည့်စုံတဲ့ အဖြေတွေရှိကြောင်း ၎င်းက ပြောခဲ့ပါတယ်။

ဖော်ပြပါ အမေရိကန်တို့ရဲ့လေတပ်နဲ့ ရေတပ်ရှိရာနေရာတွေဟာ အချက်အချာနေရာဖြစ်တာကြောင့် အမေရိကန်ပြည်ထောင်စုအနေနဲ့ အီရန်ကိုတိုက်ခိုက်မယ်ဆိုပါက အဆိုပါ နေရာတွေမှာ အရေးပါလာမှာ ဖြစ်ပါတယ်။ အီရန်ဟာ အကြမ်းဖက်မှုဝါဒတွေနဲ့ ပံ့ပိုးပေးနေသလို တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေကြောင်း၊ ထို့အပြင် အရှေ့အလယ်ပိုင်းရှိ အမေရိကန်တို့ရဲ့အကျိုးစီးပွားကိုလည်း ခြိမ်းခြောက်လျက်ရှိကြောင်း အမေရိကန်က ပြောခဲ့ပါတယ်။ သို့သော်လည်း တီဟီရန်က အမေရိကန်ရဲ့ စွပ်စွဲချက်တွေကိုတော့ ငြင်းဆိုထားကြောင်း သိရပါတယ်။

ဆွန်နီမွတ်စလင်ဆော်ဒီအာရေဗျတို့ကလည်း အီရန်အပေါ် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေတဲ့နိုင်ငံတစ်ခုအနေနဲ့ ရှုမြင်ခဲ့ကြပါတယ်။ ရှီးယိုက်အများစုနေထိုင်တဲ့ အစ္စလာမ်နိုင်ငံဖြစ်သော်လည်း အီရန်ဟာ ဒေသတွင်း ပြိုင်ဘက်နိုင်ငံတစ်ခုဖြစ်လာခဲ့ပါတယ်။

ကာတာနိုင်ငံအပေါ် နိုင်ငံအတော်များများက သပိတ်မှောက်ခဲ့ကြသလို အာရပ်စော်ဘွားများပြည်ထောင်စုကလည်း ကာတာတို့ရဲ့ အိုင်အက်စ်တို့ကို ထောက်ပံ့မှုတွေအပေါ် သဘောထားတင်းမာလျက်ရှိပါတယ်။

ယခုလို အာရပ်စော်ဘွားများပြည်ထောင်စုနဲ့ ကာတာတို့တစ်နိုင်ငံနဲ့တစ်နိုင်ငံ သဘောထားတင်းမာနေမယ်ဆိုပါက အနောက်အုပ်စုအတွက် ကုန်သွယ်ရေးဆိုင်ရာ စွန့်စားမှုတွေရှိလာမှာဖြစ်သလို လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုတွေလည်းရှိလာမှာ ဖြစ်ပါတယ်။

> **“အာရပ်စော်ဘွားများ ပြည်ထောင်စုနဲ့ ကာတာတို့တစ်နိုင်ငံနဲ့တစ်နိုင်ငံ သဘောထား တင်းမာနေမယ်ဆိုပါက အနောက်အုပ်စုအတွက် ကုန်သွယ်ရေးဆိုင်ရာ စွန့်စားမှုတွေ ရှိလာမှာဖြစ်သလို လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုတွေလည်း ရှိလာမှာဖြစ်”**

ဆော်ဒီအာရေဗျနဲ့ ၎င်းရဲ့ ပင်လယ်ကွေ့မဟာမိတ်များအချင်းချင်း အီရန်နိုင်ငံနဲ့ အားပြိုင်မှုဟာ မာန်ဟုန်ပြင်းပြင်း အာဏာကုန်ခွင်းလျက်ရှိပါတယ်။ သူတို့ဟာ ဆယ်စုနှစ်အတော်ကြာကြာ အနောက်အုပ်စုရဲ့ အဓိကကုန်သွယ်မှုနဲ့ လုံခြုံရေးဆိုင်ရာမိတ်ဖက်တွေပဲဖြစ်ပါတယ်။ အကယ်၍များ သူတို့ဟာ အချင်းချင်းကွဲကြ ပြိုကြမယ်ဆိုရင် ဒါမှမဟုတ် စစ်ခင်းကြမယ်ဆိုရင် အီရန်အနေနဲ့ ဒီအခြေအနေမှာ အမြတ်ထွက်လာမှာဖြစ်ပြီးတော့ အမေရိကန်ပြည်ထောင်စုအနေနဲ့ အရှုံးပေါ်မှာဖြစ်ကြောင်း အခြားအမေရိကန်သံတမန်တစ်ဦးက ပြောခဲ့ပါတယ်။ ကာတာနဲ့ နိုင်ငံရေးအမြင်ချင်းပြိုင်နေတဲ့ အာရပ်စော်ဘွားများပြည်ထောင်စုဟာ ဒိုဟာအပေါ် ဖိအားတွေပိစေချင်တာကို တွေ့ရပါတယ်။

သို့သော်လည်း အခုလို ပဋိပက္ခဖြစ်စဉ်နဲ့ ပတ်သက်ပြီးတော့ ဆော်ဒီအာရေဗျနဲ့ အခြားနိုင်ငံတွေဟာ သူတို့ရဲ့ စီးပွားရေးအခြေအနေနဲ့ ပတ်သက်ပြီး သိပ်ပြီးတော့ မစိုးရိမ်ကြပါဘူး။ သို့သော်လည်း ကာတာကတော့ စိုးရိမ်ရမှာပါလို့ အရာရှိတစ်ဦးက ပြောခဲ့ပါတယ်။

အာရပ်စော်ဘွားများပြည်ထောင်စုဟာ သူ့ရဲ့လိုလားချက်တွေနဲ့ ပတ်သက်ပြီးတော့ ကာတာနိုင်ငံအပေါ် တိုက်တိုက်တွန်းတွန်းလုပ်ဆောင်ရတာ သဘောကျနှစ်ခြိုက်တဲ့ပုံစံပါပဲ။ ဒါ့အပြင် ဒေသတွင်းမှာ ကာတာရဲ့ ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီးတော့လည်း လျှော့ချစေချင်တဲ့ပုံပါပဲ။ ဒီနေရာမှာ နိုင်ငံနှစ်နိုင်ငံလုံးက သဘောထားညှိနှိုင်းမရတဲ့အတွက် နောက်ဆုံးမှာ တင်းမာမှုတွေ ပိုမိုမြင့်တက်လာဖို့ပဲရှိပါတယ်။

သို့သော်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကတော့ ဒိုဟာနဲ့ ပတ်သက်ပြီးတော့ သဘောထားအနည်းငယ်ပျော့ပျောင်းသလိုပါပဲ။

ပထမပိုင်းမှာ ဒေါ်နယ်ထရန့်ဟာ သပိတ်မှောက် ဆန္ဒပြတဲ့အပေါ် ဆုမွန်ကောင်းတောင်းလိုက်ပြီးတော့ နောက်တော့ ဒိုဟာက အကြမ်းဖက်သမားတွေကို ဘဏ္ဍာငွေထောက်ပံ့မှုတွေလုပ်ဆောင်တယ်ဆိုပြီး စွပ်စွဲလိုက်ပါတယ်။ သို့သော်လည်း လွန်ခဲ့တဲ့ စက်တင်ဘာလက ညှိညှိနှိုင်းနှိုင်းလုပ်ဆောင်ရန် ကမ်းလှမ်းခဲ့ပြီး ယခုလမှာတော့ ဖုန်းနဲ့ ကာတာဘုရင် ရှိတ်တာမင်ဘင်ဟာမက်အယ်လ်ထာနီကို ဆက်သွယ်ပြီးတော့ အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးကြိုးစားမှုများအပေါ် အသိအမှတ်ပြုကြောင်း ပြောခဲ့ပါတယ်။

ပင်လယ်ကွေ့နိုင်ငံတွေကြား နိုင်ငံရေးတွက်ချက်မှုတွေဟာ ပြောင်းလဲနိုင်ပါတယ်။ သို့သော်လည်း ဘယ်လိုပဲဖြစ်ဖြစ် ကာတာဟာ အာရပ်စော်ဘွားများပြည်ထောင်စုကိုတော့ နောက်ထပ်ပျက်စီးမှုတွေဆီကို ခြေဦးပေးလှည့်ဦးမှာလားဆိုတာ စောင့်ကြည့်ရမှာပဲဖြစ်ပါကြောင်း။ ။ **ကိုးကား-ရိုက်တာ**

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာထွန်းကို၊ ပါမောက္ခ ၊ ဌာနမှူး ၊ ပထဝီဝင်ဌာန ၊ ရန်ကုန်တက္ကသိုလ်

ဒီကနေ့ ပို့ချမှာကတော့ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုးနဲ့ပတ်သက်ပြီး အထူးဂရုပြုလေ့လာသင့်တဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။ အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးမှာ သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများ ပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်ဆိုပြီး အပိုင်းကြီး ငါးပိုင်း ပါဝင်ပါတယ်။

**အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းမှာ**

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာလှုပ်ရှားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဍာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်းပါဝင်တယ်။

**အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းမှာ**

သတ္တုတွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

**အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ**

မြန်မာနိုင်ငံရဲ့ စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

**အပိုင်း(ဃ) ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်အပိုင်းမှာ**

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားတယ်။

**အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းမှာ**

စကေးများ၊ ကွန်တိုနဲ့ ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆိုတွက်ချက်ခြင်းများ ပါဝင်တယ်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံမှာ အပိုင်းခြောက်ပိုင်းပါဝင်ပြီး အပိုင်း(က) ဓမ္မဓိဋ္ဌာန်၊ အပိုင်း(ခ) သဘာဝပထဝီဝင်၊ အပိုင်း(ဂ) စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(င)ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ)လက်တွေ့ပထဝီဝင်မေးခွန်းများဟူ၍ ဖြစ်တယ်။ အဲဒီအထဲမှာ အပိုင်း(က)နှင့်(စ)မှမေးခွန်းအားလုံးကိုဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း ခြောက်ပုဒ် ဖြေဆိုရမှာဖြစ်တယ်။ လိုအပ်တဲ့နေရာများမှာ မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ ဖြေဆိုချိန် ၃ နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ ၁၀၀ ဖြစ်တယ်။

ဓမ္မဓိဋ္ဌာန်မှာ သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ၁(က) မှား၊ မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ) အဖြေမှန်ရွေးတို့ ဖြစ်တယ်။

အပိုင်း(ခ)မှာ မေးခွန်းရှည် နှစ်ပုဒ်နဲ့ မှတ်စုတိုမေးခွန်း စုစုပေါင်းသုံးပုဒ်မေးထားပြီး နှစ်သက်ရာ တစ်ပုဒ်ကို ရွေးပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ထို့နည်းတူ အပိုင်း(ဂ)၊ (ဃ)၊ (င)တို့မှာလည်း ၁၅ မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး လေးပိုင်းအတွက် စုစုပေါင်းအမှတ် ၆၀ ရမယ်။

လက်တွေ့ပထဝီဝင်အပိုင်း(စ)မေးခွန်း၁၄(က)မှာ စကေးနှင့်ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုဖြစ်ပြီး ၁၀ မှတ်ဖိုးဖြေရမယ်။ မေးခွန်း၁၄(ခ)မှာ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာဖြစ်ပြီး ၁၅ မှတ်ပေးထားတယ်။ ဓမ္မဓိဋ္ဌာန်လိုပဲ မဖြေမနေရဖြစ်တယ်။ ဒါကြောင့် အပိုင်း(စ)မှာ စုစုပေါင်းပေးမှတ် ၂၅ မှတ်ဖြစ်တယ်။

မေးခွန်းမှာ သင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးအားလုံးကို ကျေကျေညက်ညက် ဖတ်၊ မှတ်ဖို့ လိုပါတယ်။ သင်ခန်းစာအားလုံးကို မှန်မှန်လေ့ကျင့်ထားရပါမယ်။

သီအိုရီအပိုင်းကို လေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်းထက်ပိုပြီး ဖြေဆိုနိုင်တယ်။ မေးခွန်းမှာမေးထားတဲ့ လိုရင်းကိုသာဖြေရမှာဖြစ်ပြီး သိတာတွေအားလုံး ဖြေရမှာ မဟုတ်ကြောင်း သတိပြုရပါမယ်။ ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံများ ပါဝင်တယ်။ နိုင်ငံတိုင်းရဲ့ တည်နေရာ၊ အကျယ်အဝန်းနဲ့ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများကို သိရမယ်။ ဒါ့အပြင် ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုစီးပွားရေးပထဝီဝင်ဆိုပြီး ခွဲခြားလေ့လာမှတ်သားသင့်တယ်။ ရူပပထဝီဝင်အပိုင်းမှာ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နဲ့ ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ မြေဆီလွှာများ ပါဝင်တယ်။ သဘာဝပထဝီဝင်မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာ ပါဝင်တယ်။ လူမှုရေးပထဝီဝင်မှာ လူဦးရေ၊ လူမျိုးနှင့် မြို့ကြီးများ ပါဝင်တယ်။

စီးပွားရေးပထဝီဝင်မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။ စီးပွားကုန်ထုတ်လုပ်ငန်းမှာတော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ ပါဝင်တယ်။

ဓမ္မဓိဋ္ဌာန်များကိုလည်း ဒီအပိုင်းများမှ သိသင့်တဲ့အချက်များကို မှား၊ မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေးစသည်ဖြင့် မေးနိုင်တာကို သတိပြုပါ။ ဆက်လက်ပြီး လက်တွေ့ပထဝီဝင်အပိုင်းမှာ စကေးများ၊ ကောင်းကင်ဓာတ်ပုံများရဲ့ စကေးကို တွက်ချက်ခြင်း၊ ကွန်တိုနှင့်ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြ မြေပုံများကို လေ့လာပြန်ဆိုခြင်းများ ပါဝင်ပါတယ်။

ဆက်လက်ပြီးပို့ချမှာကတော့ လက်တွေ့ပထဝီဝင်အပိုင်းဖြစ်တဲ့ မေးခွန်း၁၄(က)မှာ စကေးနဲ့ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုကိုဖြေရမယ်။ ၁၄(ခ)မှာတော့ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာဖြစ်တယ်။ ဒီအပိုင်းမှာလေ့ကျင့်ဖို့ အများကြီးလိုအပ်တယ်။ ပို့ချချက်ပါညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေကို စာမေးပွဲနီးမှ လေ့ကျင့်တာမျိုး မဖြစ်သင့်ပါ။ ဥပမာ - ပုံပြစကေးဖြစ်တဲ့ စကေးကျဲ၊ စကေးစိပ်များ တွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကိုဖတ်ရှုရုံနဲ့ မလုံလောက်ပါ။ လက်တွေ့အကြိမ်ကြိမ် လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေဆိုတဲ့အခါ အလွယ်တကူ ဆွဲလို့ရမှာဖြစ်တယ်။ အလားတူ ကွန်တိုမြေပုံလေ့လာပြန်ဆိုရာမှာလည်း နှစ်စကတည်းက ကွန်တိုပုံများကို မှန်မှန်လေ့ကျင့်ထားသင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကို အလွတ်ကျက်တာထက် သင်္ကေတရှင်းလင်းချက်များကို နားလည်အောင်မှတ်ဖို့လိုတယ်။

လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကိုဖော်ပြခြင်း၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများပါဝင်တယ်။

စကေးဆိုသည်မှာ မြေပုံပေါ်မှအကွာအဝေးနှင့် မြေပြင်ပေါ်မှ အကွာအဝေးတို့၏ အချိုးဖော်ပြချက်ဖြစ်တယ်။ စကေးအမျိုးအစား ၃ မျိုးရှိတယ်။ ယင်းတို့မှာ-

(၁) စာစကေး (ဝါ) စာတန်းစကေး၊ (ဥပမာ- တစ်လက်မလျှင်တစ်မိုင်)

(၂) အချိုးစကေး (ဝါ) အပိုင်းစကေး (ဥပမာ- ၁း၆၃၃၆၀ (ဝါ) ၆၃၃၆၀ ပိုင်း တစ်ပိုင်း)နှင့်

(၃) ပုံပြစကေး(ဥပမာ- အတိုင်းအတာတစ်ရပ်ရှိသော မျဉ်းတစ်ကြောင်းကို စိတ်ပိုင်းကာ အချိုးကျ မြေပြင်အကွာအဝေးများကို ရေးမှတ်ဖော်ပြသော စကေးအမျိုးအစားဖြစ်တယ်)။

ပုံပြစကေးအမျိုးအစားကို အဓိကအားဖြင့် ၂ မျိုးခွဲခြားထားတယ်။ ၎င်းတို့မှာ စကေးစိပ်/အပြည့်စကေးနှင့် စကေးကျဲ/အဖွင့်စကေးတို့ဖြစ်တယ်။ ပုံပြစကေးရေးဆွဲရာမှာ တွက်ချက်ရန်နဲ့ ဆွဲသားရန်ဟူ၍ နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြုရမယ့်ကိန်းရဲ့ "ယူနစ်" ကို သတိပြုရန် လိုအပ်တယ်။ တွက်ချက်တဲ့အခါ ရေးဆွဲရမယ့်မျဉ်းရဲ့ အလျားဟာ လေးလက်မနှင့်ခြောက်လက်မ ကြားရှိရင် အသင့်တော်ဆုံးဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရမယ်။ တွက်ချက်လို့ရတဲ့ အဖြေပေါ်မူတည်ပြီး စကေးမျဉ်းကို တိကျမှန်ကန်အောင် ဆွဲရန်လိုတယ်။ အပိုင်းများကို စိတ်ပိုင်းတဲ့အခါမှာလည်း အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိကလိုအပ်တယ်။

ဆက်လက်ပြီး ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆိုတွက်ချက်ခြင်းအကြောင်းကိုလေ့လာမယ်ဆိုရင် ကောင်းကင်ဓာတ်ပုံဆိုတာကတော့ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံစသည်တို့မှ ရိုက်ကူးထားတဲ့ ဓာတ်ပုံများဖြစ်တယ်။ ကောင်းကင်ဓာတ်ပုံများကို (၁)တစောင်းရိုက်ကောင်းကင်ဓာတ်ပုံ၊ (၂)အောက်တည့်ရိုက် ကောင်းကင်ဓာတ်ပုံဆိုပြီး အဓိက နှစ်မျိုးခွဲခြားနိုင်တယ်။ တစောင်းရိုက်ကောင်းကင်ဓာတ်ပုံမှာ မိုးကုပ်စက်ဝိုင်းကိုမြင်နိုင်တဲ့ တစောင်းမြင့်ကောင်းကင်ဓာတ်ပုံနဲ့ မိုးကုပ်စက်ဝိုင်းကို မမြင်နိုင်တဲ့ တစောင်းနိမ့်ကောင်းကင်ဓာတ်ပုံဆိုပြီး နှစ်မျိုး ထပ်မံခွဲခြားနိုင်တယ်။

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင်လေ့လာထားရမယ်။ ကောင်းကင်ဓာတ်ပုံစကေးများနဲ့ပတ်သက်ပြီး သင်္ကေတများကိုသိထားရင် မေးခွန်းပုစ္ဆာမှာပါတဲ့ အကြောင်းအရာတွေကို လိုအပ်တဲ့နေရာတွေမှာ အစားထိုးထည့်သွင်းပြီး ဖြေဆိုရမယ်။ ပုစ္ဆာများတွက်တဲ့အခါ သတိပြုရမယ့်အချက်များကတော့ အချိုးစကေးမှာ ပိုင်းဝေဟာ အစဉ်အမြဲ "၁" ဖြစ်ရမယ်။ ပိုင်းဝေနဲ့ပိုင်းခြေ ယူနစ်တူအောင်ညှိပေးရမယ်။ ကိုက်ညီတဲ့ပုံသေနည်းများကို သုံးရမယ်။ ပုံကြမ်းရေးဆွဲပေးသင့်တယ်။ ပိုင်းဝေဟာမြေပုံပေါ်(သို့မဟုတ်)ဓာတ်ပုံပေါ် အကွာအဝေးဖြစ်ပြီး ပိုင်းခြေမှာ မြေပြင်အကွာအဝေးဖြစ်တယ်။

ဒီအခါမှာ မြေပုံအကွာအဝေးပေးထားပြီး မြေပြင်အကွာအဝေးကို ပေ၊ ကိုက်၊ မိုင် စသဖြင့် ရှာခိုင်းရင် လိုအပ်တဲ့ယူနစ်ကို ပြောင်းပေးရမယ်။

**ကောင်းကင်ဓာတ်ပုံစကေးရှာရာမှာ**

(၁) ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသောအမြင့်တို့ကို အချိုးဖြင့် စကေးရှာနည်း

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း

(၃) စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းဆိုပြီးနည်း ၃ နည်းရှိတယ်။

**(၁) ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသော အမြင့်အချိုးဖြင့် စကေးရှာနည်းမှာ** အသုံးပြုရမယ့် ပုံသေနည်း(က) ကတော့

$$\text{Scale or RF} = \frac{f}{H}$$

**သင်္ကေတရှင်းလင်းချက်အနေနဲ့**

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး(Representative Fraction)

f ဆိုတာကတော့ ကင်မရာဆုံတာ (focal length)

H ဆိုတာကတော့ ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့် (Flying Height above the ground) ဖြစ်တယ်။


ဥပမာ ။ ကင်မရာဆုံတာ ၆လက်မဖြင့်ရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံတစ်ပုံ၏ စကေးမှာ ၁း၆၀၀၀ ဖြစ်လျှင် ရိုက်ကူးသောအချိန်၌ ပျံသန်းသည့်လေယာဉ်၏ မြေပြင်အထက်အမြင့်ပေကိုရှာပါ။

**တွက်နည်း**

ကင်မရာဆုံတာ (f) = ၆လက်မ

ဓာတ်ပုံ၏စကေး (RF) = ၁း၆၀၀၀

ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့်(H) = ?



**အသုံးပြုသောပုံသေနည်း** $RF = \frac{f}{H}$

$$H = ၆ \times ၆၀၀၀$$

$$= \frac{၃၆၀၀၀ \text{ လက်မ}}{၁၂ \text{ လက်မ}}$$

$$H = ၃၀၀၀ \text{ ပေ}$$

အဖြေ = လေယာဉ်၏မြေပြင်အထက်ပျံသန်းသော အမြင့်ပေ ၃၀၀၀

ပုံသေနည်း(ခ)ကတော့

$$\text{Scale or RF} = \frac{f}{(A-h)}$$

**သင်္ကေတရှင်းလင်းချက်အနေနဲ့**

Scale or RF ဆိုတာကတော့စကေး/အချိုးစကေး (Representative Fraction)

f ဆိုတာကတော့ ကင်မရာဆုံတာ (focal length)

A ဆိုတာကတော့ ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်(Altitude)နဲ့

h ဆိုတာကတော့ ကုန်းမြေအမြင့် (Height of the terrain) ဖြစ်တယ်။

ပုံသေနည်း(၂)မှာ လေယာဉ်ပျံသန်းသောအမြင့် (H)ကို တိုက်ရိုက်မပေးထားတဲ့အတွက် ပင်လယ်ပြင်အထက် လေယာဉ်ပျံသန်းတဲ့အမြင့်(A) မှ ကုန်းမြေအမြင့် (h)ကို နုတ်ပေးခြင်းအားဖြင့် (H)ကို ရနိုင်ပါတယ်။

ဥပမာ။ လေယာဉ်တစ်စင်းသည် ပင်လယ်ရေပြင်အထက် အမြင့်ပေ ၁၂၀၀၀ မှပျံသန်းပြီး ကင်မရာဆုံတာ ၆လက်မဖြင့် ဓာတ်ပုံရိုက်ကူးရာ ဓာတ်ပုံတွင် အမြင့်ပေ ၁၅၀၀ ရှိသည့် တောင်ကုန်းတစ်ခုပါဝင်သည်။ ထိုကောင်းကင်ဓာတ်ပုံ၏ စကေးကိုရှာပါ။


**တွက်နည်း**

ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့် (A) = ၁၂၀၀၀ ပေ

ကင်မရာဆုံတာ (f) = ၆ လက်မ

တောင်ကုန်း၏အမြင့် (h) = ၁၅၀၀ ပေ

ကောင်းကင်ဓာတ်ပုံ၏စကေး (RF) = ?



စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှအဆက်*

**အသုံးပြုသောပုံသေနည်း** Scale or RF $= \frac{f}{(A-h)}$

$$RF = \frac{\text{၆ လက်မ}}{\text{၁၂၀၀၀–၁၅၀၀ ပေ}}$$

$$= \frac{\text{၆ လက်မ}}{\text{၁၀၅၀၀} \times \text{၁၂လက်မ}}$$

$$= \frac{\text{၆ လက်မ}}{\text{၁၂၆၀၀၀ လက်မ}}$$

$$= \frac{\text{၁ လက်မ}}{\text{၂၁၀၀၀ လက်မ}}$$

$$RF = \text{၁း၂၁၀၀၀}$$

အဖြေ = ကောင်းကင်ဓာတ်ပုံ၏စကေး ၁း၂၁၀၀၀

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်းမှာဆိုရင် အသုံးပြုရမည့် ပုံသေနည်းကတော့

$$\text{Scale or RF} = \frac{PD}{GD}$$

**<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>**

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)

PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိအကွာအဝေး(Photo Distance)နဲ့

GD ဆိုတာကတော့ မြေပြင်ပေါ်ရှိအကွာအဝေး (Ground Distance) ဖြစ်တယ်။


ဥပမာ ။ လေယာဉ်တစ်စင်းပေါ်မှ အောက်တဲ့ရိုက် ကောင်းကင်ဓာတ်ပုံရိုက်ကူးရာတွင် ရိုက်ကူးသော ဓာတ်ပုံ၏စကေးမှာ ၁း ၁၂၀၀၀ ဖြစ်ပြီး ရွာနှစ်ရွာ၏မြေပြင်ပေါ်ရှိ အကွာအဝေးမှာ ပေ ၃၀၀၀ ဖြစ်လျှင် ထိုရွာနှစ်ရွာ၏ ဓာတ်ပုံပေါ်ရှိ အကွာအဝေးကိုရှာပါ။


**တွက်နည်း**

ကောင်းကင်ဓာတ်ပုံ၏စကေး (RF) = ၁း၁၂၀၀၀

မြေပြင်ပေါ်ရှိအကွာအဝေး GD = ၃၀၀၀ ပေ

ဓာတ်ပုံပေါ်ရှိအကွာအဝေး PD = ?




**အသုံးပြုသောပုံသေနည်း** $RF = \frac{PD}{GD}$

$$PD = GD \times RF$$

$$PD = (\text{၃၀၀၀} \times \text{၁၂}'') \times \frac{\text{၁}}{\text{၁၂၀၀၀}}$$

$$PD = \text{၃၆၀၀၀}'' \times \frac{\text{၁}}{\text{၁၂၀၀၀}}$$

$$PD = \text{၃ လက်မ}$$

အဖြေ = ရွာနှစ်ရွာ၏ဓာတ်ပုံပေါ်ရှိ အကွာအဝေး = ၃ လက်မ

(၃) စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့်စကေးရှာနည်းမှာ အသုံးပြုရမည့်ပုံသေနည်းကတော့

$$\text{Scale or RF} = \frac{PD}{MD} \times \text{Map Scale}$$

**<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>**

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး(Representative Fraction)

PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိ အကွာအဝေး (Photo Distance)

MD ဆိုတာကတော မြေပုံပေါ်ရှိအကွာအဝေး(Map Distance)နဲ့

Map Scale ဆိုတာကတော့ မြေပုံစကေးဖြစ်တယ်။

ဥပမာ ။ မြေပုံတစ်ပုံပေါ်ရှိ လမ်းဆုံနှစ်ခုတို့၏အကွာအဝေးသည် ၁၂ လက်မဖြစ်ပြီး ယင်းမြေပုံ၏ စကေးမှာ ၁း၅၀၀၀ ဖြစ်သည်။ ထိုလမ်းဆုံနှစ်ခုတို့၏ ဓာတ်ပုံပေါ်ရှိအကွာအဝေးမှာ ၄ လက်မ ဖြစ်လျှင် ဓာတ်ပုံ၏စကေးကိုရှာပါ။


**တွက်နည်း**


မြေပုံပေါ်ရှိအကွာအဝေး MD = ၁၂ လက်မ

မြေပုံ၏စကေး MS = ၁း၅၀၀၀

ဓာတ်ပုံပေါ်ရှိအကွာအဝေး PD = ၄ လက်မ

ဓာတ်ပုံ၏စကေး RF = ?




**အသုံးပြုသောပုံသေနည်း** $RF = \frac{PD}{MD} \times \text{Map Scale}$

$$= \frac{\text{၄}}{\text{၁၂}} \times \frac{\text{၁}}{\text{၅၀၀၀}}$$

$$= \frac{\text{၄}}{\text{၆၀၀၀၀}}$$

$$= \frac{\text{၁}}{\text{၁၅၀၀၀}}$$

အဖြေ = ဓာတ်ပုံ၏စကေး ၁း၁၅၀၀၀

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင် လေ့လာထားရမယ်။ ပုံသေနည်းပါသင်္ကေတတွေရဲ့ နေရာမှာမေးခွန်းပုစ္ဆာပါ သက်ဆိုင်ရာကိန်းဂဏန်းများကို အစားထိုးပြီးတွက်ရမှာဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် လွယ်ကူသယောင်ဖြစ်တယ်။ ဒါပေမယ့် ပုံသေနည်းမှာပါတဲ့သင်္ကေတတွေရဲ့ အဓိပ္ပာယ်ကိုသိထားရန် မည်သည့်ပုံသေနည်းကို မည်သည့်ပုစ္ဆာမှာသုံးရမယ်ဆိုတာကို ခွဲခြားမှတ်သားရန် အထူးလိုအပ်တယ်။ နမူနာများကို အထပ်ထပ်လေ့ကျင့်သင့်တယ်။

ကွန်တိုမြေပုံ လေ့လာဖြေဆိုခြင်း အပိုင်းမှာ(က)မှ (ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲခြင်း၊ မြေပုံပါဒေသရဲ့ ဧရိယာနဲ့ လတ္တီကျု၊ လောင်ဂျီကျုရှာဖွေခြင်း၊ မြန်မာနိုင်ငံရဲ့မည်သည့်ပြည်နယ်၊ တိုင်းဒေသကြီးအတွင်း တည်ရှိသည်ကို အကြောင်းပြချက်နဲ့ ဖြေဆိုခြင်း၊ မြေပုံပါဒေသရဲ့ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်းများစသဖြင့် ပါဝင်တယ်။

(က)မှ (ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲရာမှာ ဒေါင်လိုက်စကေးကို ဦးစွာရှာပေးရမှာဖြစ်ပြီး ကွန်တိုမြေပုံမှာ ပေးထားတဲ့ အလျားလိုက်စကေးကို အသုံးပြုတွက်ချက်ရှာဖွေရမယ်။ ဒေါင်လိုက်စကေးကိုရှာရာမှာ မြေမျက်နှာသွင်ပြင် အနိမ့်အမြင့်ပေါ်လွင်စေရန် ၅ဆမှ ၁၀ဆအထိ ချဲ့သင့်တယ်။ စကေးကို တစ်လက်မအပေါ် မူတည်ပြီးရှာရမယ်။ ရလာတဲ့အဖြေကို ပုံဆွဲရာမှာလွယ်ကူအောင် အနီးဆုံးကိန်းပြည့်ကိုယူရမယ်။

ဒီနည်းဟာ ပုံသေနည်းလိုပဲ ဘယ်စကေးကိုမဆို တွက်နိုင်ရမယ်။

ဥပမာ။ ။ ဒေါင်လိုက်စကေးရှာရာမှာ

အလျားလိုက်စကေး ၁ လက်မ = ၁ မိုင်ဆိုပြီးပေးထားရင်

ဒေါင်လိုက်အဆချဲ့ခြင်း(၅ ဆ)ချဲ့တဲ့အခါ

၁ လက်မ × ၅ ဆ = ၅ လက်မ = ၁ မိုင် (၅၂၈၀ ပေ)


$$\text{၁ လက်မပေါ်မှာပြန်ရှာရင်} = \frac{\text{၁} \times \text{၅၂၈၀}}{\text{၅}} = \text{၁၀၅၆ ပေ} = \text{၁၀၀၀ ပေ (အနီးဆုံးယူပါ)}$$

ဒါ့ကြောင့် ဒေါင်လိုက်စကေး ၁ လက်မ = ၁၀၀၀ ပေ တွက်ပြီး စကေးရရင်ပေးထားတဲ့ ဂရပ်ပေါ်မှာ ဖြတ်ပိုင်းပုံ ကို စကေးကိုက်ရေးဆွဲပေးရမယ်။

**ရေးဆွဲပုံ အဆင့်ဆင့်ကတော့**


- ပထမဦးဆုံး ပေးထားတဲ့ ကွန်တိုမြေပုံပေါ်ရှိ (က)အမှတ်နှင့် (ခ)အမှတ် တို့ကိုရှာပြီး မျဉ်းဖြောင့်ဖြင့်ဆက်ပါ။

ပုံ (၁) "က" မှ "ခ"သို့ မျဉ်းဖြောင့်ဆက်ပုံ





- ပြီးရင် 'က' နှင့် 'ခ' ဖြတ်သန်းရာမျဉ်းအောက်ရှိ ကွန်တိုမျဉ်းများရဲ့ အမြင့်ပေများကို မှတ်ရမယ်။ ဒီလို မှတ်တဲ့အခါ ပေးထားတဲ့ ကွန်တို ခြားနားချက်ကို သတိပြုရမယ်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ် မှတ်သားရမယ်။

ပုံ (၂) ကွန်တိုမျဉ်းများပေါ် အမြင့်ပေများမှတ်သားပုံ



- ဒီနောက် 'က' 'ခ' ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။

ပုံ (၃) "က"နှင့် "ခ" ဖြတ်ပိုင်းမျဉ်းအတိုင်း ကွန်တိုမြေပုံခေါက်ထားပုံ




- ပြီးရင် ဂရပ်စာရွက်ပေါ်မှာ ပေးထားတဲ့ ကွန်တိုမြေပုံရဲ့ 'က' 'ခ' အလျားအတိုင်း အောက်ခြေအလျားလိုက် မျဉ်းကြောင်းကို တိကျစွာဆွဲပါ။ 'က' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်းနဲ့ 'ခ' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်း ဆွဲပါ။ ထိုမျဉ်းများသည် အရှေ့ပိုင်းမှတွက်၍ရထားတဲ့ ဒေါင်လိုက်စကေးကို ကိုယ်စားပြုထားတဲ့အတွက် ယင်းမျဉ်းများပေါ်မှာ ဒေါင်လိုက်ကိန်းဂဏန်းများ မှတ်သားရမယ်။


- ခေါက်ထားတဲ့ကွန်တိုမြေပုံစာရွက်ကို မှတ်သားထားတဲ့ ဂရပ်စာရွက်ရဲ့အောက်ခြေမျဉ်းမှာ 'က' 'ခ' အမှတ်အသားအကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနဲ့ တစ်ထပ်တည်းကျအောင်ကပ်ပါ။ ပြီးရင် ကွန်တိုမြေပုံပေါ်ရှိ အမြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက် အမှတ်များချပြီး မှတ်ပါ။

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ အဆက်*




- မှတ်ထားတဲ့ အစက်များကို ပြေပြစ်တဲ့မျဉ်းကြောင်းများ လိုက်ဆက်ရင် လိုအပ်တဲ့မြေပြင်ပုံ ပေါ်ထွက်လာမယ်။




- ဒီလိုဆွဲတဲ့အခါ သတိပြုရမယ့်အချက်မှာ ‘က’နှင့် ‘ခ’ ကို ဘောင်မှာရှိတဲ့ နေရာအမြင့်များမှာ မှန်အောင် ရေးရန်လိုတယ်။ မြစ်ဝှမ်းကျယ်ဖြစ်ရင် ဇလားပုံ၊ ချောင်းငယ်များရဲ့ နေရာမှာ Vပုံသဏ္ဍာန် အနည်းငယ်ချိုင့်ပေး ရမယ်။ ပုံမှာထင်ရှားတဲ့ မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်း စတဲ့နေရာတွေကို မြားများပြပြီး ဖော်ပြရမယ်။ ကုန်းမြေကိုလည်း အနက်(သို့မဟုတ်) အညိုရောင်ခြယ်ပေးသင့်တယ်။ ပုံရဲ့အပေါ်မှာ ခေါင်းစဉ်တပ်ပြီး ပုံရဲ့အောက်မှာ အလျားလိုက်နှင့် ဒေါင်လိုက်စကေး နှစ်မျိုးစလုံးဖော်ပြရမယ်။

မြေပုံပါဒေသရဲ့တည်နေရာကိုဖော်ပြတဲ့အခါ နည်း ၂ နည်းဖြင့် ဖော်ပြနိုင်တယ်။ ပထမနည်းက သင်္ချာနည်း ဖြစ်ပြီး မြေပုံရဲ့ဘောင်မှာ လတ္တီကျူနဲ့ လောင်ဂျီကျူများကို မှတ်သားဖော်ပြထားလေ့ရှိတယ်။ မေးခွန်းပါကွန်တိုမြေပုံဟာ မြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခုဖြစ်တဲ့အတွက် ဖော်ပြထားတဲ့ ကိန်းဂဏန်းအနက် (၉၂)ကျော်တဲ့ ကိန်း ၂ ခုဟာ အရှေ့လောင်ဂျီကျူမျဉ်းများဖြစ်ပြီး ကျန် (၂၈)အောက် ၂ ခုဟာ မြောက်လတ္တီကျူ ဖြစ်တာကို ခွဲခြားသိရှိထားသင့်တယ်။

ဥပမာ။ မြေပုံပါဒေသဟာ မြောက်လတ္တီကျူ ၂၁° ၄၅' နဲ့ ၂၁° ၄၉' အတွင်း၊ အရှေ့လောင်ဂျီကျူ ၉၆° ၉' နဲ့ ၉၆° ၁၃' အတွင်းတွင်ရှိတယ်။

နောက်တစ်နည်းကတော့ မြေပုံပေါ်မှာပါရှိတဲ့ ထင်ရှားတဲ့မြစ်ချောင်းစတဲ့ မြေပြင်လက္ခဏာများနဲ့ မြို့ပြ ကျေးရွာများကို မှီငြမ်းပြီးဖော်ပြခြင်းဖြစ်တယ်။ ဥပမာ-ပေးထားတဲ့မြေပုံမှာထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ် အလယ်ဗဟိုမှ ဖြတ်စီးနေပါက “မြေပုံမှာထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်ဝှမ်း၏တစ်စိတ်တစ်ဒေသနှင့် ပတ်ဝန်းကျင်ဒေသဖြစ်သည်”ဟု အကြမ်းအားဖြင့် ရေးနိုင်တယ်။ အကယ်၍ ထင်ရှားတဲ့မြို့တစ်မြို့ (ဥပမာ-ရေနံချောင်းမြို့)ပါရှိပါက “မြေပုံပါဒေသသည် ရေနံချောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသကို ဖော်ပြထားသည်” ဟု ရေးနိုင်တယ်။

မြေပုံပါဒေသရဲ့ ဧရိယာကို မြေပုံစကေးနဲ့အညီ တွက်ချက်ပြီး စတုရန်းမိုင်နဲ့ ဖော်ပြရမယ်။ ဥပမာ မြေပုံ၏ စကေးဟာ ၂ လက်မလျှင် ၁ မိုင်ဖြစ်ပြီး အဲဒီမြေပုံရဲ့ အလျားနဲ့ အနံဟာ ၈ လက်မနဲ့ ၄ လက်မ ရှိပါက စကေးအရ မြေပြင်မှာ အလျား ၄ မိုင်နဲ့ အနံ ၂ မိုင် အသီးသီးရှိမယ်။ ဒါ့ကြောင့်ပေးထားတဲ့ မြေပုံပါဒေသရဲ့အကျယ်အဝန်း ဧရိယာဟာ(အလျား၄မိုင်×အနံ၂မိုင်) (၈)စတုရန်းမိုင်ရှိတယ်။ တကယ်လို့ တွက်ချက်ရရှိတဲ့အဖြေဟာ ကိန်းပြည့် မဟုတ်ပါက အနီးစပ်ဆုံးဖော်ပြနိုင်တယ်။

မြေပုံပါဒေသဟာ မည်သည့်ပြည်နယ်နဲ့ တိုင်းဒေသကြီးအတွင်း ပါဝင်တာကိုဖော်ပြရာမှာ မြေပုံမှာ ပါဝင်တဲ့ မြို့ရွာ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ ကားလမ်း၊ ရထားလမ်းဆက်သွယ်မှုစတဲ့ အခြေအနေတွေကို စေ့စပ် သေချာစွာလေ့လာပြီး ကြောင်းကျိုးဆက်စပ်၍ ဖော်ပြပေးရမယ်။


ဥပမာ။ မြေပုံတွင်ဂွမြို့နယ်လို့တွေ့ရရင် ရခိုင်ပြည်နယ်၊ ရမည်းသင်းမြို့နယ်လို့ တွေ့ရရင် မန္တလေးတိုင်းဒေသကြီး အတွင်းမှာရှိတယ်လို့ရေးသားဖော်ပြရမယ်။

ဆက်လက်ပြီး ပေးထားတဲ့ကွန်တိုမြေပုံ ဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။




အထက်ဖော်ပြပါမြေပုံဒေသသည် မင်းဘူးမြို့၏ ပတ်ဝန်းကျင်ဒေသပုံ ဖြစ်သည်။ ‘က’ အမှတ်အသားသည် ဒေသ၏ အနောက်တောင်ခန့်၌ရှိပြီး ‘ခ’ အမှတ်အသားသည် ဒေသ၏အရှေ့တောင်ခန့်တွင် ရှိသည်။

ထို့ကြောင့် ‘က’ မှ‘ခ’ ဖြတ်ပိုင်းပုံကို ဆွဲကြည့်လျှင် အောက်ပါအတိုင်းတွေ့ရမည်။



‘က’နေရာသည် အမြင့်ပေ ၃၀၀အောက်၌ရှိပြီး အရှေ့ဘက်ရှိ‘ခ’သို့ဆက်ရာ ဆားပွတ်ချောင်းနှင့် ချောင်းငယ်များ၊ ပေ၂၀၀ကွန်တိုမျဉ်း၊ ပေ ၃၀၀နှင့် ပေ ၄၀၀ ကွန်တိုမျဉ်းများကိုဖြတ်သန်းပြီး ဧရာဝတီမြစ်အတွင်းရှိ ‘ခ’ အမှတ်နှင့် ဆက်သွယ်ထားသည်။ ‘ခ’ အမှတ်သည် အမြင့်ပေ ၂၀၀ အောက်တွင်တည်ရှိသည်။

ကွန်တိုမြေပုံကို ကြည့်ပြီး ဒေသန္တရပထဝီဝင် အကြောင်းကို ဆွေးနွေးရအောင်

**မြေပုံပါဒေသ၏ ရူပပထဝီဝင်**

**တည်နေရာနှင့်အကျယ်အဝန်း**

ပေးထားသော ကွန်တိုမြေပုံပါဒေသတွင် မင်းဘူးမြို့ကိုတွေ့ရသဖြင့် မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိပြီး မြောက်လတ္တီကျူ ၂၀° ၈' မှ ၂၀° ၁၃'အတွင်းနှင့် အရှေ့လောင်ဂျီကျူ ၉၄° ၄၉' မှ ၉၄° ၅၅' အတွင်း တည်ရှိသည်။ ဧရိယာ ၂၁. ၆၂ စတုရန်းမိုင်ခန့်ကျယ်ဝန်းသည်။

**မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း**

ပုံတွင် တောင်ကုန်းတောင်တန်းရှိရာအပိုင်းနှင့် မြေပြန့်လွင်ပြင်အပိုင်းဟူ၍ နှစ်ပိုင်းတွေ့ရသည်။ တောင်ကုန်း တောင်တန်းများကို ပုံ၏တောင်ဘက်ပိုင်းတွင် တွေ့ရသည်။ အမြင့်ဆုံးအပိုင်းမှာ ၄၃၈ ပေမြင့်သော တောင်ကုန်းမြင့်ကို ပုံ၏တောင်ဘက်တွင်တွေ့ရှိရသည်။

မြောက်ဘက်သို့ တောင်ကုန်းမှာနိမ့်ဆင်းသွားရာ ပေ၂၀၀ ကွန်တိုမျဉ်းကို ပုံ၏မြောက်ဘက်တွင် တွေ့ရသည်။ မြေပြန့်လွင်ပြင်ပိုင်းကို ပုံ၏မြောက်ဘက်တွင်တွေ့ရပြီး ပေ ၂၀၀ အောက်နိမ့်သော အပိုင်းဖြစ်သည်။ ဒေသတစ်ခုလုံး မှာ မြေမျက်နှာပြင်ညီညာမှု မရှိပေ။ ပုံ၏အရှေ့ဘက် ဧရာဝတီမြစ်ကမ်းအနီးတွင် ကမ်းပါးများကို တွေ့ရသည်။ ပုံတွင်ဧရာဝတီမြစ်သည် အဓိကရေဆင်းဖြစ်ပြီး မြောက်မှတောင်သို့ စီးဆင်းနေသည်။ မြေပုံပါဧရိယာ၏ လေးပုံ တစ်ပုံမှာ ဧရာဝတီမြစ်၏အစိတ်အပိုင်းဖြစ်ပြီး မြစ်အတွင်း သဲသောင်များ၊ ကျွန်းများကိုတွေ့ရှိရသည်။ မြစ်အတွင်း ရေနံချောင်းမှ မကွေးသို့သွားသော သင်္ဘောလမ်းကိုတွေ့ရသည်။ ဧရာဝတီမြစ်အတွင်းသို့ အနောက်ဘက်မှ ဆားပွတ်ချောင်းစီးဆင်းပြီး ချောင်းအတွင်း သဲများတွေ့ရှိရသည်။

**အောက်ခံကျောက်**

မြေပုံပါဒေသတွင် ရေနံတွင်းများတွေ့ရှိရ၍ အောက်ခံကျောက်မှာ အနည်ကျကျောက်များဖြစ်နိုင်သည်။

**ရာသီဥတု**

မြေပုံပါဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးအတွင်းတည်ရှိပြီး ပေ ၃၀၀ အောက်နိမ့်သော အပိုင်းဖြစ်ခြင်း၊ ပုံတွင် သဲပိတ်ချောင်းများတွေ့ရခြင်းတို့ကြောင့် အပူချိန်များသော ဒေသဖြစ်သည်။ ပင်လယ်နှင့် ဝေး၍ အပူချိန်ကွာခြားချက်များသော ဒေသလည်းဖြစ်သည်။

ပုံတွင် သဲပိတ်ချောင်းများတွေ့ရခြင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိခြင်း၊ မြစ်ချောင်းနည်းပါးခြင်း တို့ကြောင့် မိုးနည်းသည်။ အပူချိန်များပြီး မိုးနည်းခြင်းကြောင့် အပူပိုင်းခြောက်သွေ့ရာသီဥတုကိုရရှိမည်။

**သဘာဝပေါက်ပင်**

အပူပိုင်းခြောက်သွေ့ရာသီဥတုရှိခြင်းကြောင့် ဆူးချုံတော၊ ထနောင်းစသော ခြောက်သွေ့တောများ ပေါက်နိုင်သည်။

**မြေဆီလွှာ**

အလယ်ပိုင်းမိုးနည်းရပ်ဝန်းတွင်တည်ရှိသော်လည်း တူးမြောင်းများဖြင့် ရေသွင်းစိုက်ပျိုးနိုင်သော ဒေသဖြစ်၍ လယ်မြေများရှိနိုင်သည်။

မြေပုံပါဒေသ၏ လူမှု-စီးပွားရေး ပထဝီဝင်ကိုလေ့လာကြည့်လျှင်

**လူဦးရေ**

မင်းဘူးမြို့နှင့် ကျေးရွာအများအပြား တွေ့ရသဖြင့်ဒေသတစ်ခုလုံးအနေဖြင့် လူဦးရေများမည်။ မင်းဘူးမြို့တွင် လူနေသိပ်သည်းမှု အများဆုံးဖြစ်ပြီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းဘေးတစ်လျှောက်ရှိ ရွာများတွင် လူနေ သင့်တင့်၍ ဆားပွတ်ချောင်းအရှေ့ဘက်ရှိ တောင်ကုန်းပိုင်းတွင် လူနေကျဲပါးမည်။

**လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ပတ်ဝန်းကျင်ဒေသဖြစ်၍ ဗမာလူမျိုးအများဆုံးနေထိုင်မည်။ စေတီများ တွေ့ရ၍ဗုဒ္ဓဘာသာအဓိကကိုးကွယ်ကြသည်။

**မြို့ရွာပျံ့နှံ့တည်ရှိမှု**

အဓိကမြို့မှာ မင်းဘူးမြို့ဖြစ်ပြီး ဧရာဝတီမြစ်၏အနောက်ဘက်ကမ်း၌ တည်ရှိသည်။ ရေနံများရှိခြင်း၊ စစ္စလီ ရှံ့မီးတောင်ရှိခြင်းတို့ကြောင့် ထင်ရှားသည်။ ရွာအများစုကို ဧရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက်တွင် တွေ့ရပြီး ရွာတန်းရှည်များ(ဥပမာ-ရွာသာ၊ ရှားတောကျွန်းရွာ၊ ထောက်ရှာပင်၊ ကျွဲသိုးမျှောင်)ဖြစ်ကြသည်။အချို့ရွာ များကို အနောက်ဘက်ခြမ်းရှိတောင်ကုန်း၏ တောင်ခြေပိုင်းတွင်တွေ့ရပြီး ရွာစုရွာဝိုင်းများ(ဥပမာ-ကံရေရွာ၊ ရွာမကံ၊ ရက်သမရွာ)ဖြစ်ကြသည်။

**စီးပွားရေးပထဝီဝင်**

အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်တွင်းထွက်တူးဖော်ရေးဖြစ်သည်။

**စိုက်ပျိုးရေး** မြေပဲ၊ နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုးတို့ကိုစိုက်ပျိုးမည်။ ကျွန်းများတွင် ကိုင်းကျွန်းသီးနှံများလည်း စိုက်ပျိုးနိုင်သည်။

**ငါးဖမ်းလုပ်ငန်း** ဧရာဝတီမြစ်နှင့် ချောင်းလက်တက်များအတွင်း ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်နိုင်သည်။

**တွင်းထွက်တူးဖော်ရေး** ရေနံတွင်းများ၊ ရေနံပြွန်လမ်းများတွေ့ရသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မည်။

**စက်မှုလုပ်ငန်း** မင်းဘူးမြို့တွင် ဆီစက်၊ ပဲခွဲစက်နှင့် ရေနံထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများရှိမည်။

**လမ်းပန်းဆက်သွယ်ရေး**

ကားလမ်းနှင့် ရေကြောင်းလမ်းကို အဓိကအသုံးပြု ဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက် စကုသို့လည်းကောင်း၊ တောင်ဘက်-ကျွဲသိုးမျှောင်သို့လည်းကောင်း ကားလမ်းဖြင့် ဆက်သွယ်နိုင်သည်။ ထို့အပြင် ကံရေရွာ၊ ရေမျက်ရွာသို့လည်း နွေရာသီလမ်းဖြင့် ဆက်သွယ်နိုင်သည်။ တစ်ရွာမှ တစ်ရွာသို့ လှည်းလမ်းဖြင့်လည်း ဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက်-ရေနံချောင်းသို့၊တောင်ဘက်-မကွေးသို့ ဧရာဝတီမြစ်ကြောင်း အတိုင်း သင်္ဘောဖြင့်သွားလာနိုင်သည်။ ထို့ကြောင့်ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။ ရေနံ ပြွန်လမ်းများတွေ့ရ၍ ပိုက်လမ်းစနစ်ဖြင့် ပို့ဆောင်နိုင်သည်။

**ကုန်သွယ်ရေး**

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ဒေသထွက်ကုန်ပေါများခြင်းတို့ကြောင့် ကုန်ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးနိုင်သည်။ ဆီထွက်သီးနှံနှင့် ရေနံထွက်ပစ္စည်းများ အဓိကထုတ်လုပ်နိုင်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိသည်။ မြေပုံပါဒေသရဲ့ ပထဝီဝင်ကိုဖတ်ရှုရေးသားရာမှာ အတွေ့အကြုံလည်း များစွာ လိုအပ်တယ်။ ဒါ့ကြောင့် ကွန်တိုမြေပုံအများအပြားကို ကြည့်ရှုလေ့လာထားရမယ်။ ရေးသားဖြေဆိုရာမှာ ကြောင်းကျိုးဆက်နွယ်ဖြေဆိုရန် လိုအပ်တယ်။ မြေပုံပါ အချက်အလက်တွေကိုပဲ ဖြေရမှာဖြစ်လို့ သေချာစွာလေ့လာ ဖြေဆိုကြဖို့ မှာကြားရင်း ဒီမှာပဲ ရပ်နားလိုက်ပါတယ်။ ။

# ခရီးသွားကဏ္ဍဖွံ့ဖြိုးရေးအစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူလက်တွဲပေး

ခင်မောင် (ဟိုတယ်ခရီး)

**ခရီးသွားလုပ်ငန်းဆိုသည်မှာ ခရီးသွားဧည့်သည်များခရီးစဉ်ဒေသများသို့ သွားလာလည်ပတ်ရေးသာမက ခရီးစဉ်ကာလအတွင်း ၎င်းတို့၏ နေထိုင်စားသောက်မှုဆိုင်ရာများအတွက် ဝန်ဆောင်မှုပေးခြင်းအပြင် ဘေးကင်းလုံခြုံရေး၊ အတွေ့အကြုံသစ်များနှင့် စိတ်ချမ်းမြေ့ပျော်ရွှင်ရေးအတွက် စီမံကာတာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်ပေးရသည့်လုပ်ငန်း ဖြစ်ပါသည်။**

ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပြု သကဲ့သို့ ခရီးသွားလုပ်ငန်းမှရရှိသောဝင်ငွေများသည် အလွှာပေါင်းစုံသို့ စီးဝင်သက်ရောက်စေပြီး အလုပ်အကိုင် အခွင့်အလမ်းများစွာကို ဖန်တီးပေးသောလုပ်ငန်းဖြစ်ကာလူတစ်ဦးချင်းစီ၏ ဝင်ငွေကိုလည်း တိုးမြင့်စေပါသည်။ သို့ဖြစ်၍ ယနေ့ အချိန်အခါ၌ ကမ္ဘာပေါ်ရှိနိုင်ငံအများတွင် ခရီးသွားလုပ်ငန်းကို အလေးထားဆောင်ရွက်လာကြပါသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတအရင်းအမြစ်များ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းမှတစ်ဆင့် နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူ့စွမ်းအားအရင်းအမြစ်များမွေးမြူခြင်း၊ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ခြင်း၊ ခရီးစဉ်ဒေသအသစ်များ ရှာဖွေဖော်ထုတ်ခြင်း၊ဒေသခံပြည်သူများ ခရီးသွားလုပ်ငန်းတွင် ပါဝင်စေခြင်း၊ခရီးသွားမြှင့်တင်ရေးဆောင်ရွက်ခြင်းများကို အလေးထားကာစဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

### လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွက် မြန်မာ့ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း ၂၀၁၃-၂၀၂၀အားရေးဆွဲထားပြီး စီမံကိန်းပါရည်မှန်းချက်များအတိုင်းစနစ်တကျ ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိပါသည်။ထို့အပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ဆောင်မှုအဆင့်မီရေးအတွက် ဧည့်လမ်းညွှန်များ၊ ဟိုတယ်ဝန်ထမ်းများ အရည်အသွေးမြင့်မားလာစေရန်ဝန်ကြီးဌာနဦးဆောင်မှု၊Luxembourg Development ကဲ့သို့သောအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများဖြင့် ဝန်ဆောင်မှုဆိုင်ရာသင်တန်းများပေးခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးရန် ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် ၂၅၉၃ ခု၊ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ၂၅၃၄ ခု၊ ဧည့်လမ်းညွှန်လုပ်ငန်းဆောင်ရွက်သူ ၄၃၇၁ ဦးအထိ ခွင့်ပြုဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အပြင် ဝန်ဆောင်မှုကဏ္ဍတွင် ကျွမ်းကျင်လုပ်သား မွေးထုတ်ပေးရေးအတွက် အာဆီယံအဆင့် ကျွမ်းကျင်သင်တန်း(Master Trainer) များ၊ ကျွမ်းကျင်သောဆန်းစစ်အကဲဖြတ်သူများ (Master Assessor) သင်တန်းများပြုလုပ်ပေးခဲ့သည်။

### ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်

အစိုးရသစ်လက်ထက်တွင် ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ပေါ်ပေါက်လာပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများကိုဖိတ်ခေါ်ခဲ့ကာဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသများတွင် ခရီးသွားဧည့်သည်များတည်းခိုနေထိုင်ရန်ဝန်ကြီးဌာနမှ ခွင့်ပြုလိုင်စင်ထုတ်ပေးထားသည့် ဟိုတယ်နှင့် တည်းခိုရိပ်သာများမှာ ၂၀၁၇ နှစ်ကုန်တွင် ပြည်တွင်းပုဂ္ဂလိကပိုင်ဟိုတယ်အလုံး ၁၅၉၀၊ အခန်းပေါင်း ၆၃၉၇၈ ခန်းအထိရှိနေပြီ ဖြစ်ပါသည်။ ထို့အပြင် ဟိုတယ်လုပ်ငန်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းမှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ စီမံကိန်း ၆၄ ခု၊ အခန်းပေါင်း ၁၂၁၉၄ ခန်း၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၇၀ ဒသမ ၉၆သန်းရှိပြီး မြန်မာနိုင်ငံ၏ ဟိုတယ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံများမှာ



စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဟောင်ကောင်တို့ ဖြစ်ကြပါသည်။

### ခရီးသည်ဝင်ရောက်မှု တိုးတက်စေရေးဆောင်ရွက်

အစိုးရသစ်လက်ထက်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသခံပြည်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ အခြားသောဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသို့ခရီးသည်ဝင်ရောက်မှု တိုးတက်လာစေရန်နှင့် ခရီးသည်များ အဆင်ပြေချောမွေ့စွာလာရောက်လည်ပတ်နိုင်ရန်အတွက် (Visa on Arrival) ဆိုက်ရောက်ဗီဇာထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပြီးဆက်လက်၍လည်း Visa Exemptionပေးရန်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ပုဂံ၊ ညောင်ဦးလေဆိပ်သို့ ပြည်ပနိုင်ငံသားများ တိုက်ရိုက် ဝင်ထွက်ခွင့်ရရှိနိုင်ရေးအတွက်

> **“အဏ္ဏဝါခရီးသွားလုပ်ငန်း(Marine Tourism) ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျွန်းပေါင်း ၈၀၀ကျော်ဖြင့် ဖွဲ့စည်းထားသော ထားဝယ်၊ မြိတ်၊ ကော့သောင်းဒေသတွင် Cruise Tours ၊ စက်တပ်ရွက်လှေလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရေး၊ ခရီးသည်များ အဆင်ပြေလွယ်ကူစွာဝင်ရောက်လည်ပတ်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိ”**

Custom, Immigration and Quarantine (CIQ) ဝန်ဆောင်မှုများ ထားရှိနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ လေဆိပ်အဆောက်အအုံပိုင်းဆိုင်ရာလိုအပ်သည့်အဆင့်မြှင့်တင်မှုများ ပြုလုပ်နိုင်ရေးဆောင်ရွက်လျက်ရှိနေသဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုများစွာအထောက်အကူပြုမည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးတွင် အခြားသောနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံနှစ်နိုင်ငံအကြား Angkor-Bagan ညီအစ်မမြို့တော်ခရီးစဉ်အား အကောင်အထည်ဖော်ရေး Action Plan အားလက်မှတ်ရေးထိုးခဲ့ပြီးဆီရမ်ရိ(ပ်)နှင့်ပုဂံမြို့အကြားတိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းပြေးဆွဲနိုင်ရန်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိရာမြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည် တိုးတက်ဝင်ရောက်ရေးအတွက် အလားအလာကောင်းများရှိနေပြီဖြစ်ပါသည်။

### ခရီးစဉ်ဒေသအသစ်များဖော်ထုတ်

ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ရာတွင် လည်ပတ်စရာနေရာများပေါ်များလာစေရန်၊ ခရီးသွားအတွေ့အကြုံအသစ်အဆန်းများရရှိစေရန်၊ ခရီးသွားလုပ်ငန်းစနစ်တကျ တိုးတက်စေရန်ရည်ရွယ်၍ တိုင်းဒေသကြီး ပြည်နယ်အသီးသီးတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးခွဲများဖွင့်လှစ်ခြင်း၊ ခရီးစဉ်ဒေသသစ်များရှာဖွေဖော်ထုတ်ခြင်းများကို လုပ်ဆောင်လျက်ရှိပါသည်။ အဏ္ဏဝါခရီးသွားလုပ်ငန်း(Marine Tourism) ဖွံ့ဖြိုးတိုးတက်လာရေးအတွက်တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျွန်းပေါင်း ၈၀၀ကျော်ဖြင့် ဖွဲ့စည်းထားသောထားဝယ်၊ မြိတ်၊ ကော့သောင်းဒေသတွင် Cruise Tours ၊ စက်တပ်ရွက်လှေလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရေး၊ ခရီးသည်များအဆင်ပြေလွယ်ကူစွာ ဝင်ရောက်လည်ပတ်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ်တွင် ကမ္ဘာလှည့်အပျော်စီးသင်္ဘောခရီးစဉ် (Cruise Tours) အခု၂၀ ၊ ခရီးသည် ၂၀၇၁၄ ဦးဝင်ရောက်ခဲ့ပြီးထပ်မံဝင်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာမှ ခွင့်ပြုချက်များ ရရှိထားပြီးဖြစ်ပါသည်။

ကချင်ပြည်နယ်တွင် နှင်းတောင်တန်းများသို့သွားရောက်နိုင်သည့် စွန့်စားသွားလာရသောခရီးသွားလုပ်ငန်း (Adventure Tourism)၊ချင်းပြည်နယ်ရှိခရီးစဉ်အသစ်များ ဖော်ထုတ်ခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ကရင်ပြည်နယ်၌ ဘားအံမြို့အနီး၌ ကျုံထော်ရေတံခွန်၊ ပရေကြေတိုရေတံခွန်၊ လေးကြို့ကော်ရေတံခွန်တို့အားပြည်တွင်း၊ ပြည်ပခရီးသွားများ လည်ပတ်နိုင်ရန်ဖော်ထုတ်လျက်ရှိပါသည်။ ကရင်ရိုးရာဝတ်စုံများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ပိုးချည်မျှင်မှ ထုတ်လုပ်သောဆပ်ပြာများအား အမှတ်တရပစ္စည်းအဖြစ် ရောင်းချပေးလျက်ရှိပြီး ကန်သာယာတွင် ညဈေးဖွင့်လှစ်ကာဒေသပညာရှင်များဖြင့် ဖျော်ဖြေပေးလျက်ရှိပါသည်။လက်ရှိတွင် ဘားအံမြို့အနီး၌ လင်းနို့ဂူ၊ ဆဒ္ဒန်ဂူ၊ ဘုရင့်ညီဂူ၊ ရသေ့ဖျံ့ဂူ၊ ကျွဲမင်းဂူ၊ တောင်ကလေးဂူနှင့် သံတောင်ကြီးတွင် နော်ဘူဘောတောင်ခရီးစဉ်များကိုစတင်အကောင်အထည်ဖော်လုပ်ဆောင်နေပါသည်။

ရှမ်းပြည်နယ်တွင်လည်းတောင်ကြီး-ညောင်ရွှေ-စံကားလမ်းတစ်လျှောက်ခရီးစဉ်၊ တောင်ကြီး- ရွှာငံ- ပြဒါးလင်းဂူခရီးစဉ်၊ တောင်ကြီး- ဖယ်ခုံမြို့နယ်အတွင်း ခရီးစဉ်ဒေသအသစ်များ၊ လားရှိုး- သီပေါ- ကျောက်မဲ- နောင်ချိုမြို့နယ်များအတွင်းခရီးစဉ်ဒေသသစ်များ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတွင် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ကယားပြည်နယ်၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားအလတ်စားလုပ်ငန်းများ၊ ဒေသခံထုတ်လုပ်သူများနှင့် ဝန်ဆောင်မှုပေးသူများ၏ ကုန်သွယ်မှုစွမ်းရည်ကို မြှင့်တင်ပေးခြင်း၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် အသင်းအဖွဲ့များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ မိုးပြဲ၊ဖယ်ခုံ၊ စံကား၊ အင်းလေးဒေသခရီးစဉ်များ ဖော်ထုတ်ခြင်းများ ဆောင်ရွက်နေပါသည်။

မွန်ပြည်နယ်တွင် ကျိုက်ထီးရိုးဇုန်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း (Master Development Plan) ရေးဆွဲခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ JICA တို့နှင့် ပူးပေါင်း၍ ရေးဆွဲလျက်ရှိပြီး သံဖြူဇရပ်မြို့ ဝါခရုမြို့ဟောင်း၊ ကျိုက်မရောမြို့ ရေပူကော့စပ်ကျေးရွာအနီးရှိ ရေပူစမ်းနေရာ၊ ဖားဘောင်ဂူ၊ ကော့ဒွန်းဂူနေရာများအားခရီးစဉ်ဒေသသစ်အဖြစ် ဖော်ဆောင်ခြင်း၊ ကင်ပွန်းစခန်းခရီးသွားစင်တာ ဖွင့်လှစ်ဆောင်ရွက်ရေးတို့ကိုဆောင်ရွက်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးတွင် အင်း၊ ဆည်များနှင့်ရေတံခွန်များအားအသုံးချ၍ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကိုဖော်ထုတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာအနီးရှိ မုက္ခာရေတံခွန်ဆင်စခန်းကို ဖွင့်လှစ်ခြင်း၊ ပြည်မြို့အဝင်ရန်ကုန်-ပြည်ကားလမ်းဘေး ပြည်ကျွန်းကြိုးဝိုင်းစိုက်ခင်းတွင် ၁၈၅၇ ခုနှစ်က ဂျာမန်သစ်တောပညာရှင်ဒေါက်တာဘရန်းဒစ်စိုက်ပျိုးခဲ့သည့် နှစ် ၁၆၀ သက်တမ်းရှိ ကျွန်းပင်များနှင့် သဘာဝအလှအပများကို ဆင်စီး၍ လေ့လာနိုင်ရေးတို့ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးတွင် ခရီးသည်များအားဆွဲဆောင်နိုင်စေရန် မကွေးမြသလွန်ဘုရား၊ ဗိဿနိုးရှေးဟောင်း မြို့ဟောင်း၊ ရွှေစက်တော်ဘုရား၊ စလေရုပ်စုံကျောင်း၊ ပခုက္ကူဒေသရှိတန်ခိုးကြီးဘုရားစေတီများ၊ ပခန်းကြီးမြို့ဟောင်းစသောခရီးစဉ်ဒေသသစ်များ ဖော်ထုတ်ခြင်း၊ မြိုင်၊ မကျည်းကန်ကျေးရွာနှင့် ကျွန်းကလေးကျေးရွာတို့တွင် Community-Based Tourism အဖြစ် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းအနီးရှိသမီးလှကျွန်း(ခ)လိပ်ကျွန်း၊ညောင်ချောင်းသာကမ်းခြေ၊ဘိုကလေးမြို့နယ်ရှိမိန်းမလှကျွန်း၊ ကြံခင်းမြို့အနီးရှိအကောက်တောင်၊ ငရုတ်ကောင်းမြို့အနီးရှိ ဂေါ်ရင်ဂျီကျွန်းများအားခရီးစဉ်ဒေသအသစ်များအဖြစ် ဖော်ဆောင်လျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးကွမ်းခြံကုန်းမြို့နယ် ဆယ်အိမ်တန်းကျေးရွာရှိဆယ်အိမ်တန်းကမ်းခြေအား ခရီးစဉ်အသစ်ဖော်ထုတ်ခြင်းများ လေ့လာဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ရခိုင်ပြည်နယ်တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်မာန်အောင်ကျွန်းတွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ပေါက်တောမြို့ ရသေ့တောင်မြို့ မြေပုံမြို့ ကျောက်တော်မြို့ ဂွမြို့တို့တွင် ခရီးစဉ်ဒေသအသစ်များဖော်ထုတ်နိုင်ရန် စီစဉ်လျက်ရှိပါသည်။ ။ 

(ဆက်လက်ဖော်ပြပါမည်)

## အမျိုးသမီးနှင့်အခွင့်အရေးဆိုင်ရာ ပြည်သူ့စကားဝိုင်းကျင်းပ



**ပခုက္ကူ ဖေဖော်ဝါရီ ၇**

အမျိုးသမီးနှင့်အခွင့်အရေး ပြည်သူ့စကားဝိုင်းကို ဖေဖော်ဝါရီ ၂ ရက်က ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Center ၌ ကျင်းပသည်။

စကားဝိုင်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Women Club တို့က ဦးဆောင်၍ ကျင်းပခဲ့ပြီး မြို့နယ်အတွင်းရှိ အမျိုးသမီးများအခွင့်အရေးကို သိရှိရန်၊ အသိပညာဗဟုသုတများ တိုးပွားစွာရရှိနိုင်စေရန်၊ လူမှုပတ်ဝန်းကျင်တွင် တွေ့ကြုံရသည့်လူမျိုးစုံနှင့် အစည်းအဝေးများတွင် ဆွေးနွေးနိုင်စေရန်၊ ဒေသအတွင်းရှိ အမျိုးသမီးများ၏ အခွင့်အရေးများကို လွှတ်တော်အရပ်ရပ်နှင့် အစိုးရအဖွဲ့များကို သိရှိနိုင်စေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ အမျိုးသမီးနှင့် အခွင့်အရေးပြည်သူ့စကားဝိုင်း ကျင်းပရာ အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်း၊ အလုပ်ရုံနှင့် အလုပ်ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ရီ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ဇင်မာအောင်၊ ပခုက္ကူမြို့ လူမှုဝန်ထမ်းဦးစီးဌာနမှ မူကြိုကျောင်းအုပ်ဆရာမကြီးတို့က အမျိုးသမီးနှင့် အခွင့်အရေးဆိုင်ရာကိစ္စများ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကိုဇော်(မြန်/ဆက်)

# နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဟားခါး ဖေဖော်ဝါရီ ၇**

ဖေဖော်ဝါရီ၂၀ရက်နေ့တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်မြို့တော် ဟားခါးမြို့ ဝမ္မသူးမောင်းအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ သိရသည်။

ချင်းတိုင်းရင်းသားတို့၏အမျိုးသားရေး လက္ခဏာတစ်ရပ်အဖြစ် နှစ်စဉ် အစဉ်အလာမပျက်ကျင်းပသည့် ချင်းအမျိုးသားနေ့တွင် ရှေးအစဉ်အဆက် နေထိုင်လာခဲ့ကြသော ချင်းလူမျိုးတို့၏ အဆင့်ဆင့်ပြောင်းလဲလာခဲ့သည့် လူနေမှုဘဝ၊ ရိုးရာဝတ်စားဆင်ယင်မှုများကို ပြည်နယ်ဝန်ကြီးဌာနဆိုင်ရာ အသီးသီးက ပြခန်းများခင်းကျင်း၍ ပြသခြင်း၊ ချင်းရိုးရာဓလေ့ အသုံးအဆောင်ပစ္စည်းများ ပြသခြင်းတို့အပြင် ချင်းတိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှု အကပဒေသာများ၊ ရိုးရာတေးသရုပ်ဖော်အကနှင့် ခေတ်ပေါ်တေးသီချင်း သီဆိုဖျော်ဖြေတင်ဆက်မှုများ၊ ရိုးရာအဝတ်အထည်နှင့် ဈေးအရောင်းဆိုင်များ၊ အားကစားပြိုင်ပွဲများ စသည့်ပျော်ပွဲရွှင်ပွဲများလည်း ထည့်သွင်းစီစဉ်ထားကြောင်း ချင်းအမျိုးသားနေ့ကျင်းပရေးကော်မတီ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။




၁၉၄၈ ခုနှစ်က ဖလမ်းမြို့၌ ပထမဆုံး စတင်ပြုလုပ်ခဲ့သော ချင်းအမျိုးသားညီလာခံကို အစွဲပြု၍ ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ချင်းပြည်နယ်နေ့အဖြစ် ကျင်းပခဲ့ရာမှ ၂၀၁၃ ခုနှစ် (၆၅)နှစ်မြောက်မှ စတင်ကာ ချင်းအမျိုးသားနေ့အဖြစ် ပြန်လည်အမည်သတ်မှတ်၍ ဟားခါးမြို့၌လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် မင်းတပ်မြို့၌လည်းကောင်း၊ ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်များတွင် ဟားခါးမြို့၌လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ဖလမ်းမြို့၌လည်းကောင်း အသီးသီးကျင်းပခဲ့ပြီး ယခုကျင်းပမည့် နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ကို မြို့တော်ဟားခါး၌ စည်ကားသိုက်မြိုက်စွာ ထပ်မံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ လွှဲပြောင်းပေးအပ်

**စစ်ကိုင်း ဖေဖော်ဝါရီ ၇**

စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့(LIFT Fund)တို့ ပူးပေါင်းမှုဖြင့် ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအရ ရှမ်းတပ်ကျေးရွာအုပ်စု ကုန်းကျေးရွာသို့ ရန်ပုံငွေ ကျပ်သိန်း ၁၀၀ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်အေးမွန်ထက်က ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအဖွဲ့များထံ လွှဲပြောင်းပေးအပ်ပြီးနောက် ကျေးရွာစီမံကိန်းအဖွဲ့များအနေဖြင့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းဥပဒေများနှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လက်မှုလုပ်ငန်းစသည့် တစ်ပိုင်တစ်နိုင် လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်ကြရန် ရှင်းလင်းဆွေးနွေးခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုရှိ မြို့နယ်ပေါင်း ၂၀ မှ ကျေးရွာပေါင်း ၃၄၈၈ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ကို အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

# ဇီးကုန်းမြို့၌ လယ်ကြွက်များအန္တရာယ်မှ ကာကွယ်ရေး အသိပညာပေးဟောပြော

**ဇီးကုန်း ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့၌ လယ်ယာမြေများရှိ ပဲခင်းများတွင် ဝင်ရောက်ဖျက်ဆီးနေသော လယ်ကြွက်များအန္တရာယ်မှ နှိမ်နင်းကာကွယ်ရန်အတွက် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက်က ညောင်ဇင်ကျေးရွာ တောင်သူပညာပေးစခန်းတွင် ကျင်းပရာ တောင်သူ ၆၀ ကျော် တက်ရောက်သည်။

အဆိုပါ အခမ်းအနားတွင် သာယာဝတီခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ခင်ခင်စိန်က ယခုအခါ ပဲခင်းများအတွင်း ဖျက်ဆီးနေသော လယ်ကြွက်များမှာ ယခုနှစ်တွင် ကြွက်ပေါက်ပွားမှုနှုန်း မြင့်တက်ခဲ့ကြောင်း၊ လတ်တလောတွင် ကြွက်သတ် ဆေးများချခြင်း၊ ကြွက်ထောင်ချောက်သုံးစွဲခြင်း၊ ဆေးဖြန်းခြင်း၊ ငြုပ်သီးခြောက်များ မီးရှို့၍ ကြွက်တွင်းအတွင်းသို့ထည့်ခြင်း၊ ကြွက်စားသတ္တဝါများ လွှတ်ပေးခြင်းအပြင် ဒေသအလိုက်ရိုးရာနည်းအမျိုးမျိုး ရှိမည်ဖြစ်သော်လည်း ကြွက်များခိုအောင်းနေရာ မရှိစေရန်နှင့် အစာမစားနိုင်စေရန် ကြိုတင်ကာကွယ်ရန်မှာ တာရိုးနှင့် ကန်သင်းရိုးများပေါ်ရှိ အမှိုက်များ၊ ချုံနွယ်များ၊ ပေါင်းမြက်များကို သန့်ရှင်းအောင် ရှင်းလင်းဆောင်ရွက် ထားရမည်ဖြစ်ပါကြောင်း၊ ကြွက်နှိမ်နင်းရေးအတွက် တစ်ဦးကောင်းတစ်ယောက်ကောင်း ထက် စုပေါင်း၍ လူထုလှုပ်ရှားမှုအသွင် ဆောင်ရွက်သင့်ပါကြောင်း ပဲမစိုက်မီကပင် ကြိုတင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

အခမ်းအနားတွင် တောင်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်သူက ကြွက်အန္တရာယ် သိကောင်းစရာများကို ဖြည့်စွက်ရှင်းလင်းသည်။ ဇီးကုန်းမြို့နယ်အတွင်းရှိ ကျေးရွာ ၂၉ ရွာအုပ်စုတွင် မတ်ပဲ ၃၃၃၅၈ ဧက စိုက်ပျိုးကြောင်းသိရသည်။

**ကိုသက်(ဇီးကုန်း)**

# အပျော်စီးသင်္ဘော Pacific Venus Cruise သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ကမ္ဘာလှည့်ခရီးသည် ၃၂၉ ဦးနှင့် သင်္ဘောဝန်ထမ်း ၁၉၃ ဦး လိုက်ပါလာသော ဂျပန်နိုင်ငံအခြေစိုက် ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘော Pacific Venus Cruise သည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ AKM Tours ကုမ္ပဏီလီမိတက်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဖေဖော်ဝါရီ ၃ ရက်က ရန်ကုန်မြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းမှတစ်ဆင့် ဆိုက်ကပ်ရောက်ရှိခဲ့ကြောင်း သိရသည်။



အဆိုပါသင်္ဘောဆိုက်ကပ်ရောက်ရှိချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့မှ တာဝန်ရှိသူများ၊ AKM Tours ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက သွားရောက်ကြိုဆိုကြပြီး သင်္ဘောပေါ်တွင်ပါရှိသည့် ခရီးသည်များအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက VOA ခွင့်ပြုချက် ဆောင်ရွက်ပေးမှု၊ လူဝင်မှုဆိုင်ရာ စစ်ဆေးဆောင်ရွက်မှုများကို လျင်မြန်ချောမွေ့စေရန် တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ Pacific Venus Cruise သင်္ဘောပေါ်တွင် ဂျပန်ခရီးသွားဧည့်သည် ၃၂၅ ဦး၊ ကိုရီးယားလူမျိုး နှစ်ဦး ၊ ဗြိတိန် တစ်ဦးနှင့် မြန်မာလူမျိုး တစ်ဦး အပါအဝင် စုစုပေါင်းကမ္ဘာလှည့်ခရီးသည် ၃၂၉ ဦးလိုက်ပါလာပြီး သုံးရက်ကြာခရီးစဉ်ဖြစ်ကာ ခရီးသည်များသည် ရန်ကုန်မြို့တွင်းနှင့် ပုဂံ /ညောင်ဦးခရီးစဉ်များကို သွားရောက်လည်ပတ်ကြပြီးနောက် ဖေဖော်ဝါရီ ၅ ရက်တွင် သီလဝါဆိပ်ကမ်းမှ မလေးရှားနိုင်ငံ ပီနန်ဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်အခြေခံပညာ(ကျေးရွာလိုင်းမင်း)သင်တန်းဖွင့်

**ရမည်းသင်း ဖေဖော်ဝါရီ ၇**

ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ လျှပ်စစ်မီးလင်းရေးတွင် အထောက်အကူဖြစ်စေရန်အတွက် လျှပ်စစ်အခြေခံပညာ(ကျေးရွာလိုင်းမင်း) သင်တန်း အမှတ်စဉ် ၃/၂၀၁၈ ကို ရမည်းသင်းခရိုင် (ပြန်/ဆက်)ရုံး အစည်းဝေးခန်းမ၌ ဖေဖော်ဝါရီ ၁ မှ စတင်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ မြို့မိ မြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းဖွင့်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားသည်။ သင်တန်းကို မြို့နယ်လျှပ်စစ်မန်နေဂျာရုံးနှင့် ရမည်းသင်း(ရွှေသင်းလျှပ်စစ် စက်မှုလက်မှုအတတ်ပညာရှင်အသင်း)တို့ ပူးပေါင်း ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ခုနစ်ရက်ဖြစ်ကာ သင်တန်းသားဦးရေ ၆၃ ဦး တက်ရောက်သင်ကြားနေကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၈ စု၊ ကျေးရွာပေါင်း ၂၄၇ ရွာအနက် ၁၁၇ ရွာမှာ လျှပ်စစ်မီးလင်းနေပြီဖြစ်ရာ ကျေးရွာများမှ လူငယ်များအနေဖြင့် လျှပ်စစ်အခြေခံသင်တန်းသို့ တက်ရောက်သင်ကြားခြင်းအားဖြင့် တစ်နိုင်တစ်ပိုင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အထောက်ကူပြုမည်ဖြစ်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**



# ရေးမြို့နယ် အိမ်ခြံမြေဈေးကွက်တွင် စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုတိုးလာ

**ရေး ဖေဖော်ဝါရီ ၇**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ အိမ်ခြံမြေ ဈေးနှုန်းများမှာ ယခင်ဆယ်စုနှစ်တစ်ခုခန့်အချိန်နှင့် ယှဉ်ပါက အဆများစွာ မြင့်တက်လာလျက်ရှိပြီး စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အိမ်ခြံမြေဈေးကွက်တွင် ယခင်ကထက် ပိုမိုရင်းနှီးမြှုပ်နှံလာကြကြောင်း ဒေသခံစီးပွားရေးလုပ်ငန်းရှင်အချို့ထံမှ သိရသည်။

လွန်ခဲ့တဲ့ ၁၀ နှစ်ဝန်းကျင်က အိမ်ခြံမြေဈေးများမှာ ရေးမြို့ပေါ်နှင့် ကျေးရွာများ၏ အနီးအနား ဝန်းကျင်များတွင် ကျပ်သိန်းဆယ်ဂဏန်းမှ ရာဂဏန်းအထိသာ ရှိခဲ့သော်လည်း လက်ရှိအချိန်တွင် ရေးမြို့ပေါ် မြေကွက်ဈေးမှာ အနည်းဆုံး ကျပ်သိန်းရာဂဏန်းမှ ကျပ်သိန်းထောင်ဂဏန်းအထိ ရှိနေကြောင်း သိရသည်။

ရေးမြို့နယ်သည် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၏ နယ်နိမိတ်ဖြစ်သလို အိမ်နီးချင်း ထိုင်းနိုင်ငံနှင့်လည်း ထိစပ်နေသည့် နယ်စပ်ဒေသမြို့လည်းဖြစ်၍ ပင်လယ်ကမ်းခြေနှင့် သမိုင်းဝင်ဘုရားများ ရှိသောကြောင့် ခရီးသွားလုပ်ငန်းများ တွင်ကျယ်လာသည့်အခါ အိမ်ခြံမြေများပါ ယခင်ကထက် ဈေးနှုန်းများမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**





# အကြိမ် (၁၂၀) မြောက် သွေးလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်မြို့နေ "စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်း" တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဦးစန်းမောင်မြင့်(နန်းဦးလွင်- M.A Japan) (လူမှုထူးချွန်-ပထမဆင့်) သည် ဖေဖော်ဝါရီ ၄ ရက်က ရန်ကုန်မြို့အမျိုးသားသွေးလှူဘဏ်တွင် ပြုလုပ်သော "စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" ၏ (၁၁) ကြိမ်မြောက် စုပေါင်းသွေးလှူပွဲ၌ ၎င်းစည်းရုံးဆော်သြထားသော အခြားသွေးလှူရှင် ၁၅၀ တို့နှင့်အတူ စေတနာအလျောက် အကြိမ်(၁၂၀)မြောက် သွေးလှူဒါန်းသွားကြောင်း သိရှိရသည်။

**သတင်းစဉ်**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၁၉)

**သိပ္ပံစာရေးဆရာကိုကိုအောင်**



### ကမ္ဘာကြီးပူနွေးလာခြင်း အကျိုးဆက်များ

ကမ္ဘာကြီး ပိုမိုပူနွေးလာနေခြင်း၏ မှတ်ကျောက်တစ်ခုအဖြစ် ၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘာ့ကုန်းမြေနှင့် ရေထုနှစ်ရပ်ပေါင်း၏ ပျမ်းမျှအပူချိန်မှာ ၅၈ ဒသမ ၅ ဒီဂရီဖာရင်ဟိုက်ရှိခဲ့ပြီး ၂၀ ရာစု၏ ပျမ်းမျှ အပူချိန်ထက် ၁ ဒသမ ၂၁ ဒီဂရီဖာရင်ဟိုက်ပိုများကာ ကမ္ဘာ့အပူနွေးဆုံးနှစ်တစ်နှစ်အဖြစ် စံချိန်တင်ခဲ့သည်။

### တုပ်ကွေးနှင့် မြို့ပေါင့်ဖျားရောဂါ

မျက်မှောက်ကာလတွင် ကမ္ဘာ့ပျမ်းမျှ အပူချိန်သည် ရှိသင့်သောအနေအထားမှာထက် ၁ ဒီဂရီ ဖာရင်ဟိုက်ကျော်ကျော်မျှသာ ပိုမိုပူနွေးနေရုံမျှဖြင့် ကမ္ဘာအရပ်ရပ်တွင် ဆိုးကျိုးများကို ခံစားနေကြရပြီ ဖြစ်သည်။ တစ်ချိန်က အသက် ၁၆ နှစ်အောက် လူငယ်နှင့်ကလေးငယ်များကိုသာ ဖြစ်ပွားစေနိုင်ခဲ့သော သွေးလွန်တုပ်ကွေးရောဂါပိုးသည် မျက်မှောက်ကာလတွင် အသက် ၄၀ ကျော်လူကြီးများကိုပါ သွေးလွန်တုပ်ကွေးဖြစ်ပွားစေသော ရောဂါပိုးများအဖြစ်သို့ မျိုးဗီဇပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။

ထို့အတူတစ်ချိန်က အပူပိုင်းဒေသ၌သာ ပေါက်ပွားရှင်သန်နိုင်ခဲ့သော ငှက်ဖျားရောဂါပိုးသည် ယနေ့အချိန်၌ သမပိုင်းဒေသများ၌ပါ ပေါက်ပွားလာသည်ကို ထိတ်လန့်တုန်လှုပ်ဖွယ်တွေ့ရှိနေရပြီဖြစ်သည်။ တစ်နည်းဆိုရသော် နှောင်းအတိတ်ကာလများက အပူပိုင်းဒေသသစ်တောများအတွင်းသို့ သွားရောက်မှသာ ဖြစ်ပွားနိုင်သော ငှက်ဖျားရောဂါသည် မြို့ပေါ်၌ နေထိုင်ရင်းဖြင့်ပင် ဖြစ်ပွားရန်အခွင့်အလမ်းရှိနေပြီဖြစ်သည်။ ထိုအခြေအနေကို ထိန်းချုပ်ပြောင်းလဲပေးခြင်း မပြုနိုင်ပါက အနာဂတ်ကာလတွင် ကမ္ဘာ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းသည် ငှက်ဖျားရောဂါ ခံစားကြရဖွယ်ရှိနေသည်။

### အပင်များ သေးငယ်ကြုံလှီလာ

ကမ္ဘာကြီးပိုမိုပူနွေးလာသည့်အတွက် အအေးပိုင်းဒေသ၌ ပေါက်ရောက်သည့် ဝက်သစ်ချကဲ့သို့သော အပင်များ၏ ကြီးထွားဖွံ့ဖြိုးမှုနှုန်း မြင့်မားလာသည့်တိုင် ကမ္ဘာပေါ်ရှိ သစ်ပင်အများစုတို့ကမူ ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ အပူချိန်၊ စိုထိုင်းဆနှင့် မြေဆီဩဇာဓာတ်ဟုဆိုရမည့် မြေကြီးထဲရှိ ဒြပ်စင်အချိုးအစားများ ပြောင်းလဲသွားမှုကြောင့် သေးငယ် ကြုံလှီလာနေပြီဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်ဖြစ်သော ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာရသည့် အပူချိန်မြင့်တက်ခြင်း၊ မိုးရွာသွန်းမှုပုံစံပြောင်းလဲခြင်း၊ မိုးရွာသွန်းချိန်ပြောင်းလဲခြင်းစသော အကြောင်းတရားများသည် အဏုဇီဝရုပ်များမှ အသားစားသတ္တဝါကြီးများအထိ မျိုးစိတ်ပေါင်း ၄၅ ရာခိုင်နှုန်း နီးပါးမှာ မျိုးရိုးအလိုက်အရွယ်အစား သေးငယ်လာလျက်ရှိနေသည်။

### တွားသွားသတ္တဝါနှင့် အင်းဆက်များ

ရှဉ့်နှင့်ကြွက်စသော တွားသွားသတ္တဝါများ၏ ၄၀ ရာခိုင်နှုန်းမှာ အရွယ်အစား သေးသွယ်လျော့ကျလာနေသလို... ပိုးတောင်မာများ၊ ပင့်ကူ၊ ပုရွက်၊ နကျယ်စသော အင်းဆက်ပိုးမွှားများ၏ ၅၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းသည်လည်း အရွယ်အစား ကြုံလှီလာလျက်ရှိနေသည်။

အင်းဆက်ပိုးမွှားများ၊ တွားသွားသတ္တဝါများ၊ ကုန်းသတ္တဝါများနှင့် ရေသတ္တဝါများထဲမှ သွေးအေး သတ္တဝါများသည်လည်း အပူချိန် ၁ ဒီဂရီဆဲလ်စီးယပ်စ် တိုးလာတိုင်း ဇီဝဖြစ်စဉ်ပြောင်းလဲမှု ၁၀ ရာခိုင်နှုန်း ဖြစ်ပေါ်လျက်ရှိသည်။ ရာသီဥတုပြောင်းလဲပြီး ပိုမိုပူနွေးလာနေသည့် ဤမြေကမ္ဘာကြီးပေါ်၌ ရှင်သန် ကျက်စားနေကြသော အထက်ပါသတ္တဝါတို့၏ နေထိုင်စားသောက်မှုပုံစံပြောင်းလဲသွားသည့်အတွက် ဂေဟစနစ်အပေါ် သက်ရောက်မှုဖြစ်ပေါ်ကာ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်ယိုယွင်းလာစေသည်။ သာဓကအားဖြင့် တွားသွားသတ္တဝါတို့၏သွေးကို မည်သည့်အခါကမျှ စုပ်ယူစားသုံးခြင်းမပြုခဲ့သော ခြင်များသည် ယခုအခါ တွားသွားသတ္တဝါတို့၏ သွေးကိုပါ စုပ်ယူစားသုံးနေကြပြီဖြစ်သည်။

### သတ္တဝါအချို့မျိုးသုဉ်းပျောက်ကွယ်

ကမ္ဘာကြီးပိုမိုပူနွေးပြီး ရာသီဥတုပြောင်းလဲလာနေခြင်း၏ အကျိုးဆက်များအနက် သတ္တဝါအချို့ မျိုးသုဉ်းပျောက်ကွယ်သွားခြင်းသည်လည်း အရေးကြီးသော အကြောင်းတစ်ရပ်အဖြစ်ပါဝင်လျက်ရှိနေသည်။ သာဓကအားဖြင့် တိမ်နှင့်မြူများ ထူထပ်စွာအုံ့ဆိုင်းနေသည့် ပေ ၄၀၀၀ ကျော်မြင့်သော တောင်စောင်း သစ်တောများနှင့် ရေကန်များတည်ရှိရာ တောင်အမေရိကတိုက်၊ ကော့စတာရီကာနိုင်ငံ၊ မွန်းဗာ့ဒ်ဒေသတွင် ရှေးနှစ်ပေါင်းများစွာက ရှင်သန်ပေါက်ပွား ကျက်စားခဲ့ကြသည့် ရွှေရောင်ဖားပြုပ်များသည် ပြောင်းလဲလာသော ကမ္ဘာ့ရာသီဥတုနှင့်အညီ တိမ်နှင့် မြူများ သိသာစွာလျော့ပါးသွားသည့်အတွက် မျိုးသုဉ်းပျောက်ကွယ်သွားကြပြီ ဖြစ်သည်။

### ခံနိုင်ရည်ရှိလာသော ပိုးရပ်စ်ပိုးများ

ကမ္ဘာကြီးပိုမိုပူနွေးလာမှုကြောင့် လူတို့ကိုရောဂါဖြစ်ပွားစေသော ပိုးရပ်စ်ပိုးများသည် သမားရိုးကျ ကုထုံးဆေးဝါးများကို ခံနိုင်ရည်ရှိနေကြပြီ ဖြစ်သည်။ တစ်ချိန်က သုံးလေးရက်အတွင်း လုံးဝပျောက်ကင်းနိုင်သော တုပ်ကွေးရောဂါသည် ယခုအခါ ရက်သတ္တတစ်ပတ်ကြာမျှအထိဖြစ်ပွားလာပြီး ခေတ်သစ်ကုထုံးများဖြင့် ကုသပေးမှုကြောင့် ပျောက်ကင်းသွားသည့်တိုင် အားအင်ပြည့်ဖြိုးသည့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် နောက်ထပ် ရက်သတ္တတစ်ပတ်မျှထပ်မံအချိန်ယူနေရပြီဖြစ်သည်။ အရှေ့တောင်အာရှ၏ ကျန်းမာရေးစောင့်ရှောက်မှု ထိပ်တန်းအဆင့်ရှိသော စင်ကာပူမြို့ပြနိုင်ငံတွင် မကြုံစဖူးတုပ်ကွေးရောဂါသည် များပြားလာမှုကြောင့် အစိုးရတစ်ဖွဲ့လုံး ထိတ်ထိတ်ပျာပျာဖြစ်ခဲ့ကြရသည်။

ကမ္ဘာကြီး၏ပျမ်းမျှအပူချိန်သည် ၁ ဒီဂရီဖာရင်ဟိုက်ကျော်ကျော်မျှသာ တိုးလာရုံဖြင့် ဤသို့သော ပြဿနာကြီးငယ်အသွယ်သွယ်တို့ကို ကြုံနေကြရပြီဖြစ်ရာ အကယ်၍ နောက်ထပ် အပူချိန် ၁ ဒီဂရီ ထပ်မံတိုးလာခဲ့လျှင် မည်သို့မည်ပုံဖြစ်ပျက်ကြုံတွေ့ကြရမည်ကို ခန့်မှန်းနိုင်သည်။ ကမ္ဘာ့အပူချိန်တိုးလာခြင်း၏ ဆိုးကျိုးများအနက် အထက်ဖော်ပြပါပြဿနာများမှာ တစ်စိတ်တစ်ပိုင်းမျှသာလျှင်ဖြစ်ပြီး အခြားသောဆိုးကျိုးများလည်း အများအပြားရှိနေသေးသည်ကို သတိပြုကြရန်လိုအပ်သည်။

အချုပ်ဆိုရသော် ဘဝသက်တမ်းတစ်လျှောက်ရောဂါဘယကင်းရှင်းပြီး သက်ရှည်ကျန်းမာ ပျော်ရွှင်စွာဖြင့် နေထိုင်သွားနိုင်ကြရေးအတွက် လူတို့ကို ဘေးဒုက္ခမျိုးစုံနှင့်ကြုံတွေ့ရစေသည့် ကမ္ဘာကြီး ပူနွေးလာနေမှုကို ကမ္ဘာ့လူသားအားလုံးတို့က တတ်နိုင်သမျှ အစွမ်းကုန် တိုက်ဖျက်သွားကြရမည်သာ ဖြစ်ပေသည်။

### ဥတုကလည်းပြောင်း ... မိုးလေကလည်းမမှန်

ကမ္ဘာ့အရပ်ဒေသတစ်ခု၏ တစ်ရက်တာအချိန်အတွင်း၌ ဖြစ်ပေါ်သော အပူအအေး၊ လေတိုက်ခတ်မှု၊ နေသာမိုးအုံ့ဖြစ်ပေါ်မှု၊ မိုးရွာသွန်းမှု၊ မိုးသက်လေပြင်းတိုက်ခတ်မှု၊ မိုးကြိုးပစ်မှုစသည့် ဖြစ်ရပ်များ အားလုံးကို ထိုအရပ်ဒေသ၏ မိုးလေဝသ ဟုခေါ်ဆိုသည်။ တစ်နည်းဆိုရသော် မိုးလေဝသ ဟူသည်မှာ အရပ်ဒေသတစ်ခု၏ တစ်ရက်တာကာလအတွင်း၌ သဘာဝအလျောက် ဖြစ်ပျက်ပြောင်းလဲနေသော အခြေအနေအရပ်ရပ်ပင် ဖြစ်သည်။

ထိုသို့သော တစ်ရက်တာ မိုးလေဝသအခြေအနေများကို ရက်ကာလကြာရှည်စွာ မှတ်တမ်းတင်ပြီးသည့်အခါ မိုးလေဝသအခြေအနေချင်းဆင်တူသော သို့တည်းမဟုတ် နီးစပ်တူညီသော သို့တည်းမဟုတ် တစ်ထပ်တည်းကျနေသော နေ့ရက်များကို တစ်ဆက်တည်းစုစည်းပေးခြင်းဖြင့် အဆိုပါအရပ်ဒေသ၏ ရာသီဥတုအနေအထားကို သတ်မှတ်ထုတ်ပြန်လာနိုင်သည်။

မိုးရွာသွန်းမှုများပြားသော နေ့ရက်များ ဆက်တိုက်ဖြစ်ပေါ်သည့်ကာလကို မိုးဥတုဟူ၍ လည်းကောင်း၊ အအေးပိုသောနေ့ရက်များ ဆက်တိုက်ဖြစ်ပေါ်သည့်ကာလကို ဆောင်းဥတုဟူ၍လည်းကောင်း၊ ပူပြင်း ခြောက်သွေ့သောနေ့ရက်များဆက်တိုက်ဖြစ်ပေါ်သည့်ကာလကို နွေဥတုဟူ၍လည်းကောင်း သတ်မှတ်ထားကြသည်။ အချို့သောအရပ်ဒေသများတွင် ဆောင်းအကုန်နွေအကူးကာလ၏ မိုးလေဝသအခြေအနေမှာ ရက်ရှည်လများ ဖြစ်ပေါ်နေသည့်အတွက် နွေဦးရာသီဟူ၍လည်းကောင်း၊ မိုးနှောင်းကာလနှင့် ဆောင်းမဝင်မီ စပ်ကြား မိုးလေဝသအခြေအနေများမှာ ရက်ရှည်လများ ဖြစ်ပေါ်နေသဖြင့် ဆောင်းဦးရာသီဟူ၍လည်းကောင်း ထူးထူးခြားခြား သတ်မှတ်ထားကြသည်။

### ကွဲပြားသော ရာသီဥတုများ

ကမ္ဘာ့အရပ်ဒေသ အသီးသီးတို့သည် မတူညီသော ပထဝီသွင်ပြင်အနေအထားများကြောင့် အမျိုးမျိုးသော မိုးလေဝသအခြေအနေများ ဖြစ်ပေါ်နေကြသလို...ကွဲပြားသော ရာသီဥတုများကိုလည်း ပိုင်ဆိုင်ထားလျက် ရှိနေကြသည်။ ထို့ကြောင့်ပင် ကမ္ဘာ့မြောက်ခြမ်းရှိ အမေရိကန်နှင့်ဥရောပနိုင်ငံများ၌ ကမ္ဘာ့အလယ်ပိုင်းဒေသနိုင်ငံများနှင့် မတူညီသော ရာသီဥတုမျိုးရှိနေကြသလို...ကမ္ဘာ့အလယ်ပိုင်း ဒေသနိုင်ငံများသည်လည်း ကမ္ဘာ့တောင်ဘက်ခြမ်းရှိ ချီလီနှင့်အာဂျင်တီးနားကဲ့သို့သော နိုင်ငံများနှင့် မတူကွဲပြားသည့် ရာသီဥတုမျိုး ရှိနေကြခြင်းဖြစ်သည်။

အရှေ့တောင်အာရှဒေသ နိုင်ငံများဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် စင်ကာပူမြို့ပြနိုင်ငံတို့သည်ပင်လျှင် အီကွေတာရပ်ဝန်းဒေသနိုင်ငံများ ဖြစ်ကြပါလျက် ရာသီဥတုချင်း တူညီမှုမရှိကြပေ။ မြန်မာနိုင်ငံ၌ နွေဥတု၊ မိုးဥတုနှင့် ဆောင်းဥတုဟူ၍ သုံးရာသီရှိနေသော်လည်း၊ အီကွေတာနှင့်ပိုမိုနီးကပ်သည့် စင်ကာပူ၌ တစ်နှစ်ပတ်လုံး နေပူလိုက်မိုးရွာလိုက် ဆက်တိုက်ဖြစ်ပေါ်သော အီကွေတာရာသီဥတုခေါ် ပူနွေးစွတ်စိုသည့် ရာသီဥတုမျိုး ရှိနေသည်။

ကမ္ဘာကြီးစိမ်းလန်းစိုပြည်ခဲ့စဉ်က ကမ္ဘာ့အရပ်ဒေသအသီးသီးတို့၏ နေ့စဉ် မိုးလေဝသအခြေအနေများနှင့် ရာသီဥတုအနေအထားများမှာ ကမ္ဘာ့မြေထု၊ ရေထုနှင့်လေထုတို့၏ အပြန်အလှန် အမှီသဟဲပြုနေမှုများကြောင့် သဘာဝအလျောက်သာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် သဘာဝပတ်ဝန်းကျင်ကြီး မပျက်စီးသေးခင်အချိန်က၊ ဂေဟစနစ် ကောင်းစွာဖြစ်ထွန်းခဲ့သည့်အချိန်က၊ ဂေဟဗေဒသဘောတရားအရ အပြန်အလှန်အမှီသဟဲပြုရင်း အပြန်အလှန်အကျိုးပြုရင်း ဖြစ်ပေါ်ခဲ့ကြခြင်းဖြစ်သည်။

ယုတ်စွအဆုံး မျက်မှောက်ကာလနှင့် အနီးစပ်ဆုံးဟုပင်ဆိုရမည်ဖြစ်သော နယ်မြေသစ်စွန့်စားရှာဖွေသူ ခရစ္စတိုဖာကိုလံဘတ်စ်က အမေရိကတိုက်ကို ရှာဖွေတွေ့ရှိခဲ့သည့် ၁၅၀၂ ခုနှစ်အထိ တစ်နည်းအားဖြင့် ၁၆ ရာစုနှစ် အစအဦးပိုင်းအချိန်အထိ ကမ္ဘာ့မိုးလေဝသအခြေအနေများနှင့် ရာသီဥတုတို့မှာ ပြင်ပပယောဂမပါဘဲ သဘာဝအလျောက်သာ ဖြစ်ပေါ်ပြောင်းလဲနေခဲ့ကြသည်။

### လူသားနှင့် ရာသီဥတု

သို့ရာတွင် ကမ္ဘာ့မြောက်ခြမ်းရှိ ဥရောပနိုင်ငံများ၌ စက်မှုအတတ်ပညာများ စတင်ဖွံ့ဖြိုးတိုးတက်လာချိန် နောက်ပိုင်းမှစ၍ မိုးလေဝသအခြေအနေနှင့် ရာသီဥတုတို့ဖြစ်ပေါ်သည့် ဖြစ်စဉ် အရပ်ရပ်အပေါ် ကမ္ဘာ့မြေထု၊ ရေထုနှင့်လေထုတို့က ရာနှုန်းပြည့် ဖန်တီးခွင့်မရရှိကြတော့ပေ။ အကြောင်းမှုကား... မိုးလေဝသအခြေအနေနှင့် ရာသီဥတုဖြစ်စဉ်တို့အပေါ်၌ သက်ရှိလူသားတို့ကပါ ဝင်ရောက်ချယ်လှယ်လွှမ်းမိုး ဖန်တီးလာကြသောကြောင့်ပင် ဖြစ်သည်။

ကမ္ဘာ့လူသားတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀၀ ခန့်မှစ၍ စိုက်ပျိုးရေးလုပ်ငန်းများကို စတင် လုပ်ကိုင်လာခဲ့ကြသည်။ သစ်ပင်၊ သစ်တောနှင့်ဇီဝမျိုးစုံတို့၏ အပြန်အလှန် အမှီသဟဲပြုနေကြသော ဂေဟစနစ်ကြီးသည် ထိုအချိန်ကတည်းက စတင်ပျက်ယွင်းလာခဲ့သည်။ သဘာဝအလျောက်ပေါက်ရောက်နေသော သစ်ပင်နှင့်သစ်တောအုပ်များကို ခုတ်ထွင်ရှင်းလင်း၍ မိမိတို့အလိုရှိရာအပင်များကို ကမ္ဘာ့မြေလွှာပေါ်၌ စတင်စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်တစ်ပင်ကို ခုတ်ထွင်ရှင်းလင်းတိုင်း အင်းဆက်ပိုးမွှားများနှင့် အဏုဇီဝပိုးမွှားများအဖို့ ခိုလှုံရာ ကင်းမဲ့ခြင်း၊ စားကျက်ပျောက်ဆုံးခြင်း၊ ရှင်သန်ပေါက်ပွားရန်ခက်ခဲလာခြင်း၊ မျိုးသုဉ်းပျောက်ကွယ်ခြင်း စသော အပျက်တရားများနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်ဖြစ်ရာ လူတို့၏စိုက်ပျိုးရေးလုပ်ငန်းအတွက် ခုတ်ထွင် ရှင်းလင်းလိုက်သော ဟက်တာပေါင်းသိန်းသန်းချီရှိသည့် အဝန်းအဝိုင်းအတွင်း သဘာဝပေါက်ပင် မည်မျှပျက်စီးမည်၊ ဇီဝမျိုးစိတ်ပေါင်း မရေမတွက်နိုင်အောင် ပျက်ကိန်းကြုံကြရမည်ကို တွေးကြည့်ရုံဖြင့်ပင် လွယ်လင့်တကူ သိရှိနိုင်မည်ဖြစ်သည်။

သို့ရာတွင် စိုက်ပျိုးရေးလုပ်ငန်း စတင်ထွန်းကားချိန်၌ ကမ္ဘာ့သစ်ပင်၊သစ်တော စုစုပေါင်းပမာဏနှင့် နှိုင်းစာလျှင် ခုတ်ထွင်ရှင်းလင်းခံရသော သစ်ပင်သစ်တောမှာ အနည်းစုမျှသာဖြစ်သည့်အတွက် ဂေဟစနစ်ပျက်ယွင်းသည့်တိုင် ကမ္ဘာ့မိုးလေဝသနှင့် ရာသီဥတုဖြစ်စဉ်များအပေါ် အကျိုးသက်ရောက်မှုက မရှိသလောက် နည်းပါးခဲ့သည်။

### ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များ

စက်မှုတော်လှန်ရေးကာလ နောက်ပိုင်းကျမှသာလျှင် ကာဗွန်ဓာတ်ငွေ့အပါအဝင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကို လေထုထဲသို့ စွန့်ထုတ်မှု တစ်စတစ်စ တိုး၍များပြားလာခဲ့ရာ၊ ကမ္ဘာ့အရပ်ရပ်ရှိ သစ်ပင်သစ်တောများက စုပ်ယူသိုလှောင်ပေးထားနိုင်သော ကာဗွန်ဓာတ်ငွေ့ပမာဏကိုပင် ကျော်လွန်လာခဲ့သည်။ သစ်ပင်သစ်တောများနည်းတူ ကမ္ဘာပေါ်ရှိ ပင်လယ်နှင့် သမုဒ္ဒရာရေပြင်များကလည်း ကာဗွန်ဓာတ်ငွေ့များကို စုပ်ယူပေးနေကြပါလျက်နှင့် ယင်းကဲ့သို့သစ်ပင်သစ်တောနှင့် ပင်လယ်သမုဒ္ဒရာတို့က စုပ်ယူနိုင်စွမ်းကို ကျော်လွှားလွန်မြောက်အောင် စွန့်ထုတ်နေကြသော ကာဗွန်အပါအဝင် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များသည် ကမ္ဘာမြေကြီးကို ဖန်လုံအိမ်ကြီးတစ်ခုအဖြစ် အုပ်မိုး ကာရံထားလိုက်ကြတော့သည်။

ဖန်လုံအိမ်ဖြစ်လာသော ကမ္ဘာကြီးသည် နေမှကျရောက်လာသော ရောင်ခြည်အလင်းတန်းများကို ကမ္ဘာ့အပြင်ဘက်သို့ အပြည့်အဝ ပြန်ထုတ်ပေးနိုင်စွမ်း မရှိတော့သဖြင့် သိသာစွာပူနွေးလာတော့သည်။ ဤသို့ဖြင့် ကမ္ဘာကြီးပူနွေးလာမှုဖြစ်စဉ်သည် ကမ္ဘာ့မိုးလေဝသအခြေအနေနှင့် ရာသီဥတုတို့အပေါ် လွှမ်းမိုးချုပ်ကိုင်သည့် လူတို့၏ပယောဂများ ဖြစ်လာကြတော့သည်။

### ဘိုင်အိုစဖီးယား(Biosphere)

ထို့ကြောင့်ပင် ခေတ်သစ်သိပ္ပံပညာဆိုင်ရာ ရာသီဥတုဗေဒ၌ ရာသီဥတုကိုဖြစ်ပေါ်စေသော အကြောင်းတရားများတွင် ကမ္ဘာ့မြေထု၊ ရေထုနှင့်လေထုတို့ကိုသာမက လူတို့အပါအဝင် သက်ရှိတို့၏အခန်းကဏ္ဍဖြစ်သော ဘိုင်အိုစဖီးယား (Biosphere)ကိုပါ ထည့်သွင်းတွက်ချက်နည်းများဖြင့် ကဏ္ဍသစ် ဖွင့်လှစ်ခဲ့ကြရပြီ ဖြစ်သည်။ ဤသို့အားဖြင့် ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်တို့အနေဖြင့်လည်း ခေတ်သစ် မိုးလေဝသ ခန့်မှန်းတွက်ချက်နည်းများ၊ ရာသီဥတုဖြစ်စဉ်လေ့လာမှုများကို ခေတ်နှင့်အညီ ကျယ်ကျယ် ပြန့်ပြန့် လေးလေးနက်နက် လေ့လာနိုင်ခဲ့ကြသည်။

### ရာသီဥတုပြောင်းလဲခြင်း (Climate Change)

ထိုကဲ့သို့လုပ်ဆောင်လာခဲ့ကြရာမှ ၂၀ ရာစု၏ နှောင်းပိုင်းကာလအရောက်တွင် အလွန်ထိတ်လန့်ဖွယ်ကောင်းသော ကမ္ဘာလုံးဆိုင်ရာ အခြေအနေတစ်ရပ်ကို မမျှော်လင့်ဘဲတွေ့ရှိခဲ့ကြသည်။ ထိုအခြေအနေသည်ကား ကမ္ဘာ့ရာသီဥတုပြောင်းလဲလာနေခြင်းပင်ဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်း(Climate Change) ဆိုသည်မှာ သဘာဝယန္တရားကြီး၏ လည်ပတ်မှုကြောင့် ရာသီဥတုတစ်ခုမှတစ်ခုသို့ ကူးပြောင်းခြင်းမျိုးမဟုတ်ဘဲ ရာသီခွင်တစ်ခုအတွင်း၌ ဖြစ်ရိုးဖြစ်စဉ်အခြေအနေများမှ သွေဖည်လာခြင်းကို ခေါ်ဝေါ်ခြင်းဖြစ်သည်။

သာဓကအားဖြင့် မိုးဥတုကာလတွင် ပုံမှန်ရွာသွန်းမြဲထက် ပိုမိုရွာသွန်းခြင်း၊ ပုံမှန်ရွာသွန်းမြဲအောက် မိုးရေချိန်လျော့ကျရွာသွန်းခြင်းနှင့် မိုးခေါင်နေခြင်း၊ နွေရာသီကာလ၌ ပုံမှန်အပူချိန်ထက် ပိုမိုမြင့်တက်ခြင်း၊ နွေခေါင်ခေါင်၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ နွေလယ်အပူချိန် ကျဆင်းခြင်း၊ ဆောင်းဥတု၌ ပုံမှန်ထက် အအေးပိုမိုလွန်ကဲခြင်း၊ အအေးပေါ့ခြင်း၊ အေးမြသော ရက်ကာလ တိုတောင်းခြင်းစသည်တို့မှာ မိုးလေဝသအခြေအနေ ကစဉ့်ကလျားဖြစ်ခြင်းနှင့် ရာသီဥတုပြောင်းလဲနေခြင်းတို့၏ ကြန်အင်လက္ခဏာများပင် ဖြစ်ကြသည်။ ။

*(ဆက်လက်ဖော်ပြပါမည်)*

# တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်နေသည့် ရှမ်းပြည်နယ်နေ့


ဓာတ်ပုံ-စိုင်း(သီပေါ)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော နိုင်ငံပင်ဖြစ်သည်။ တစ်နွယ်တည်းသော လူမျိုးတို့သည် ပြည်ထောင်စုမြေပေါ်တွင် ရှေးပဝေသဏီကပင် အတူတကွနေထိုင်လာခဲ့ကြသည်။ မျိုးတူသွေးတူတို့ အေးအတူ ပူအမျှ ရင်းနှီးခဲ့ကြသည်။ မရှိအတူ ရှိအတူ ချစ်ကြည်ခဲ့ကြသည်။

တစ်အူထုံ့ဆင်း ညီအစ်ကိုမောင်နှမတို့ ချစ်ခင်နေချိန်မှာပင် နယ်ချဲ့တို့ဝင်ရောက်လာကာ ဖိနှိပ်အုပ်ချုပ်ကြ၏။ နယ်ချဲ့တို့သည် တိုင်းရင်းသားညီရင်းအစ်ကိုတို့၏ တွဲသောလက်ကိုဖြုတ်ပစ်လိုက်၏။ သွေးစည်းမှုပျက်ပြားအောင် နည်းမျိုးစုံဖြင့် ကြိုးပမ်းကြ၏။ ညီညွတ်ငြိမ်းချမ်းစွာ နေထိုင်လာခဲ့သော နိုင်ငံတွင် ပြည်ပအနှောင့်အယှက်ပယောဂတို့ဖြင့် မွှေနှောက်ပစ်ကြ၏။ ခွဲခြမ်းပစ်ကြသည်။ စိတ်ဝမ်းကွဲအောင် သွေးခွဲပစ်ကြသည်။

ယင်းသို့ပျက်ပြားလာခဲ့သော သွေးစည်းညီညွတ်ရေးကို ပြန်လည်ဖော်ထုတ်ရန် တိုင်းရင်းသားတို့သည် အသိရှိရှိ၊ တာဝန်သိသိဖြင့် ကြိုးပမ်းခဲ့ကြသည်။ တိုင်းရင်းသားအချင်းချင်း သံသယရှိမှုကို ဖယ်ရှားလိုက်ကြ၏။ ကျောချင်းကပ်၊ ရင်ချင်းအပ်ကာ နယ်ချဲ့ရန်ကို တွန်းလှန်ကြ၏။ မူလကပင်ရှိခဲ့သော စည်းလုံးညီညွတ်ရေးကို ပြန်လည်တည်ဆောက်ကြ၏။ သွေးစည်းညီညွတ်သော အခြေခံအုတ်မြစ်ကို ပင်လုံညီလာခံတွင် ချခဲ့ကြသည်။

သို့ဖြစ်၍ ပင်လုံဒေသ ရှမ်းပြည်နယ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကဏ္ဍသစ်ဖွင့်ခဲ့သော ဘူမိနက်သန်မြေဖြစ်သည်။ အမျိုးသားလွတ်လပ်ရေးလမ်းစရယူခဲ့သော ဒေသဖြစ်၏။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပန္နက်ရိုက်ကာ စည်းလုံးမှုကို ပြန်လည်ပျိုးထောင်ပေးခဲ့သော တစ်မျိုးနွယ်လုံး သွေးစည်းညီညွတ်ရေးကို ပြန်လည်သွေးသစ် လောင်းကာ မွေးဖွားပေးခဲ့သော ရှမ်းပြည်နယ်ဖြစ်ပေသည်။

ဤရှမ်းပြည်နယ်သည် ပြည်နယ်၏နေ့ထူးနေ့မြတ်ကို ပင်လုံညီလာခံမှာပင် မော်ကွန်းတင်ခဲ့၏။ ရှမ်းပြည်နယ်နေ့သည် ပြည်နယ်၏ သမိုင်းဝင်နေ့မြတ်မဟာဖြစ်သည်။ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းပြည်နယ်နေ့ဟူ၍ ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရှမ်းပြည်နယ်အတွက် မည်သို့မျှအကျိုးမပြုခဲ့သော ပဒေသရာဇ်ရှမ်းကောင်စီကို ဖျက်သိမ်းလိုက်၏။ ထို့ကြောင့် ဤနေ့သည် ရှမ်းပြည်နယ်စော်ဘွားကြီးများနှင့် လူထုကိုယ်စားလှယ် ခေါင်းဆောင်ကြီးများ ညီညွတ်သောနေ့၊ တိုင်းတစ်ပါးသားတို့၏ အစီအမံသြဇာအာဏာကို တွန်းလှန်သောနေ့၊ ဒီမိုကရေစီအခွင့်အရေးကို လူထုလက်သို့ စတင်အပ်နှင်းပေးသော နေ့ထူးနေ့မြတ်ဖြစ်သည့်အတွက် ရှမ်းပြည်နယ်နေ့ဟု ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညီလာခံ အစည်းအဝေးကြီးက ဆုံးဖြတ်ခဲ့ကြသည်။ ထိုည ပင်လုံမြို့ စော်ဘွားများ ညစာစားပွဲ၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသော မိန့်ခွန်းတွင် ဗိုလ်ချုပ်က "တစ်တိုင်းတစ်ပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်းသိနိုင်တယ်" ဟူ၍ ပြောကြားခဲ့သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားသော ဗိုလ်ချုပ်၏မိန့်ခွန်းအချို့ကို ဤနေရာတွင် အလျဉ်းသင့်၍ သာဓကအနေဖြင့် ကောက်နုတ်ဖော်ပြလိုပါသည်။ ၁၉၄၇ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေး၌ ဗိုလ်ချုပ်က "တိုင်းရင်းသား အချင်းချင်းညီညွတ်ရေး၊ တိုင်းရင်းသားလူထုညီညွတ်ရေး၊ စားဖားတွေညီညွတ်တာ ကျွန်တော်မလိုချင်ဘူး။ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေး၊ အဲဒီညီညွတ်ရေး နှစ်ခုမရှိသမျှကာလပတ်လုံး ဒီတိုင်းပြည်ဟာ လွတ်လပ်ပင်လွတ်လပ်ငြားသော်လည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ် (------)တိုင်းပြည်ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်။ အဲဒီတော့ ဒီနှစ်ခုကိုခင်ဗျားတို့ မပျက်ပြားပါစေနဲ့။ အဲဒါ အင်မတန်အရေးကြီးတယ်"ဟူ၍ ပြောကြားခဲ့သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုအတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာပင် ရှမ်းအမျိုးသားသီချင်းနှင့် ရှမ်းအမျိုးသား အလံကိုသတ်မှတ်ခဲ့ကြသည်။ ပင်လုံညီလာခံတွင် သမိုင်းတွင်မည့်ပင်လုံစာချုပ် လက်မှတ်ထိုးပြီးပြီးချင်း ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ခေါင်းဆောင်ကြီးများနှင့် ဗြိတိသျှအစိုးရကိုယ်စားလှယ်တို့သည် ရှမ်းအမျိုးသားအလံကို ရှေးဦးစွာလွှင့်ထူ အလေးပြုခဲ့ကြသည်။ ဤသမိုင်းဝင်မော်ကွန်းတင်ခဲ့သော ရှမ်းပြည်နယ်နေ့သည် ယခုအခါ (၇၁) နှစ်မြောက်ရှိခဲ့ပြီဖြစ်သည်။

ကျွန်ုပ်တို့ရှမ်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ ချီတက်လျက်ရှိပေသည်။ နိုင်ငံတော်အနေဖြင့် စီးပွားရေးစီမံကိန်းအောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိပေသည်။ တစ်ဖက်မှလည်း နိုင်ငံတော်အေးချမ်းသာယာရေးအတွက် အဟန့်အတားဖြစ်စေသည့် အဖျက်သမားဟူသမျှကို ကျွန်ုပ်တို့ ရှမ်းတိုင်းရင်းသားများသည် ပြည်သူတို့နှင့်အတူ ချေမှုန်းတိုက်ခိုက်ရမည်ဖြစ်ပေသည်။ သို့မှသာအမိနိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်း ပိုမိုတိုးတက်လာမည် ဖြစ်သည်။

သို့ဖြစ်၍ - - -

- ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင်တည်ဆောက်ရေး၊
- ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ(၂၁)ရာစု ပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊
- အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်းစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး စသည့် ၂၀၁၈ ခုနှစ် (၇၁)နှစ်

မြောက်ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်လေးရပ်ကို ရှမ်းတိုင်းရင်းသားတိုင်းသည် ရှမ်းပြည်နယ်နေ့အတွက် တပ်လှန့်နှိုးဆော်သံအဖြစ် ခံယူရင်း ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ်ကျင်းပခြင်းနှင့်အတူ နိုင်ငံအပေါ်တာဝန်ကျေပွန်ကြပါစေဟု တိုက်တွန်းဆန္ဒပြုအပ်ပါသတည်း။ ။

**စိုင်းသာလှိုင်(လိမ္မော်မြေ)**

## လယ်ဝေးမြို့နယ်၌ နွေစပါးအတွက် သစ်ရွက်စိမ်းမြေသြဇာပြုလုပ်သုံးစွဲနည်း လက်တွေ့ပြသ



**နေပြည်တော် ဖေဖော်ဝါရီ ၇**
နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရေအိုးစင်ကျေးရွာ ကွင်းအမှတ် ၁၃၃၄ တောင်သူ ဦးဝင်းဇော်၏ နွေစပါးမျိုးစေ့ထုတ် မစိုက်ပျိုးမီ သစ်ရွက်စိမ်းမြေသြဇာပြုလုပ်သုံးစွဲနည်း လက်တွေ့ပြသပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက်က ပြုလုပ်ခဲ့သည်။

သစ်ရွက်စိမ်းမြေသြဇာပြုလုပ်သုံးစွဲခြင်းကို တောင်သူများအား လက်တွေ့စက်များဖြင့် နစ်မြှုပ်ပြသခဲ့ကြသည်။ အဆိုပါ လက်တွေ့ပြသပွဲတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တောင်သူလယ်သမားများ လာရောက်လေ့လာကြည့်ရှုကြသည်။

သစ်ရွက်စိမ်းမြေသြဇာသည် စပါးစိုက်လယ်မြေများ၌ မိုးစပါးအပြီးတွင် ပဲတစ်မျိုးမျိုးဖြင့် တစ်ဧကလျှင် ၆-၈ ပြည်နှုန်း အသုံးပြုကာ အပင်သက် ၄၀-၄၅ ရက်သားတွင် ထယ်ထိုးနစ်မြှုပ်ကာ မြေ၏ရုပ်ဂုဏ်သတ္တိပြောင်းလဲစေပြီး စပါးသီးနှံအတွက် အကျိုးရှိစေခြင်း၊ တောင်သူလယ်သမားကိုယ်တိုင် ပြုလုပ်အသုံးပြုနိုင်ခြင်း၊ မြေသြဇာအတွက် ကုန်ကျစရိတ်သက်သာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

## ပြင်ဦးလွင်မြို့ရှိ နန်းမြိုင်ဟိုတယ် နှစ်တစ်ရာပြည့်ပွဲတော် ကျင်းပမည်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၇**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ နန်းမြိုင်ဟိုတယ် နှစ်တစ်ရာပြည့် ပွဲတော်ကျင်းပမည့်ကိစ္စနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၅ ရက်က အဆိုပါ ဟိုတယ်ခန်းမ၌ ကျင်းပခဲ့ရာ ဟိုတယ်မှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ စာနယ်ဇင်းသမားများနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့သည်။

ရှင်းလင်းပွဲတွင် ရှေးဦးစွာ The National Trading ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးဌေးအောင်က ပြင်ဦးလွင်မြို့ရှိ နန်းမြိုင်ဟိုတယ် နှစ်တစ်ရာပြည့်ပွဲကျင်းပရန် ရည်ရွယ်ချက်နှင့် ပွဲတော်အတွင်း ပါဝင်မည့် လုပ်ငန်းစဉ်များဖြစ်သည့် ပန်းပွဲတော်၊ ဈေးရောင်းပွဲတော်၊ သစ်သီးဝလံပြပွဲ၊ ပြင်ဦးလွင်မြို့၏ အထင်ကရ မှတ်တမ်းများနှင့် ရှေးဟောင်းပစ္စည်းများကို ပြတိုက်အဖြစ် ခင်းကျင်းပြသရေး၊ သက်ဆိုင်ရာကဏ္ဍအလိုက် ပြပွဲများ၊ ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံပြပွဲပြိုင်ပွဲများ၊ ဂန္တဝင်ရုပ်ရှင်ကားများ ပြသနိုင်ရေး စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ လူမင်းကလည်း ပွဲတော်ကာလအတွင်း လိုအပ်သည့်အချက်များကို ထည့်သွင်းဆွေးနွေးပြီး အနုပညာရှင်များကလည်း ဝါသနာ၊ စေတနာပေါင်းစပ်ကာ ပွဲတော်စည်ကားသိုက်မြိုက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စာနယ်ဇင်းရှင်းလင်းပွဲသို့ တက်ရောက်သော မီဒီယာများက နန်းမြိုင်ဟိုတယ်နှင့်ပတ်သက်သော အကြောင်းအရာအချက်အလက်များ၊ နန်းမြိုင်ဟိုတယ် နှစ်တစ်ရာပြည့်ပွဲတော် ကျင်းပနိုင်ရေး ကြိုပြင်ဆင်ပြင်ထားမှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ စသည့် သိရှိလိုသောအချက်များကို မေးမြန်းခဲ့ကြကာဟိုတယ်မှ သက်ဆိုင်ရာ တာဝန်ရှိသူများက မှတ်တမ်းများဖြင့် အသေးစိတ်ရှင်းလင်းဖြေကြားခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

## ပြည်ထောင်စုနေ့အကြို ဟောပြောပွဲကျင်းပ

**မိုင်းဖြတ် ဖေဖော်ဝါရီ ၇**
ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်ရှိ အထက(မိုင်းဖြတ်) ကျောင်း ရွှေလီဆောင်ခန်းမ၌ ဖေဖော်ဝါရီ ၅ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အထက(မိုင်းဖြတ်)ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆန်းက ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးရှောလမွန်းက "ပင်လုံသက်သေပြု ပြည်ထောင်စု"ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသသည့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြဘုတ်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး (ပြန်/ဆက်)**


လက်ပံတန်းမြို့ ၁ လမ်းအဝိုင်း လမ်းဆုံတွင် ဖေဖော်ဝါရီ ၅ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဆွေဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မော်တော်ယာဉ်အဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်စေရေး ပညာပေးဟောပြောစဉ်။ ဝ၅၃

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူများအား ဥပဒေနှင့်အညီ အရေးယူမည်

**ပဲခူး ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင်း၌ ယာဉ်များအနေဖြင့် သတ်မှတ်ထားသည့်မိုင်နှုန်းအတိုင်း ကျော်လွန်မောင်းနှင်ခြင်းမရှိစေရေးအတွက် ယာဉ်ထိန်းရဲများက ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ပဲခူးမြို့အတွင်း ယာဉ်စည်းကမ်းပညာပေးကာလများ ကျော်လွန်ပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သူများအား ထိရောက်သောပြစ်မှုပြစ်ဒဏ်များအတိုင်း အရေးယူဆောင်ရွက်သွားရန်လိုအပ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဖေဖော်ဝါရီ ၅ ရက်က ပြုလုပ်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့ခြင်းဖြစ်သည်။

ပဲခူးမြို့သည် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ဖြတ်သန်းသွားရာ လမ်းကြောင်းပေါ်တွင် ကျရောက်လျက်ရှိသော လမ်းဆုံမြို့တစ်ခုဖြစ်ပြီး ယာဉ်အစီးရေများပြားစွာ ဖြတ်သန်းနေသဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ ဖြစ်ပေါ်ရကြောင်း၊ ယာဉ်တိုက်မှုကြောင့် တန်ဖိုးရှိသောလူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနေရကြောင်း၊ လမ်းများသည် လမ်းအင်္ဂါရပ်နှင့်အညီ၊ ယာဉ်များသည် ယာဉ်တစ်စီး၏ အင်္ဂါရပ်နှင့်အညီ ပြည့်စုံကောင်းမွန်ရန်လိုအပ်ကြောင်း၊ လမ်းရေိယာအတွင်း ကျူးကျော်များ၊ ဈေးဆိုင်များ မရှိစေရန် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးရန် လိုအပ်သလို မြို့တွင်း၌ ယာဉ်များအနေဖြင့် သတ်မှတ်ထားသည့်မိုင်နှုန်းအတိုင်း ကျော်လွန်မောင်းနှင်ခြင်းမရှိစေရေးအတွက် ယာဉ်ထိန်းရဲများက ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ပညာပေးကာလများ ကျော်လွန်ပါက ထိရောက်စွာအရေးယူသွားရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးတို့က ပဲခူးမြို့အတွင်း ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့ရန်အတွက် တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် လိုအပ်ချက်များ၊ ဆောင်ရွက်ရမည့်အချက်များကို အစည်းအဝေးတွင် ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြခဲ့ကြသည်။



ပဲခူးမြို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန်အတွက် ဖေဖော်ဝါရီ ၄ ရက်မှ ၂၈ ရက်အထိ ပညာပေးကာလအဖြစ် သတ်မှတ်ကာ အသိပညာပေးမှုများ ဆောင်ရွက် သွားမည်ဖြစ်ပြီး မတ် ၁ ရက်မှစတင်၍ ယာဉ်စည်းကမ်းဖောက်ဖျက်သူများအား အရပ်သား၊ ဝန်ထမ်း၊ ကျောင်းသား စသည်ဖြင့် မခွဲခြားဘဲ ဥပဒေနှင့်အညီ ထိရောက်သော ပြစ်မှုပြစ်ဒဏ်များချမှတ်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေပေးအပ်

**ညောင်လေးပင် ဖေဖော်ဝါရီ ၇**

ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(Village Development Plan-VDP)အရ စီမံကိန်းဝင်ကျေးရွာတစ်ရွာဖြစ်သည့် ဝင်္ဂဘော်ကျေးရွာသို့ စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။ ရန်ပုံငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန့်ဇင်မျိုးက ရန်ပုံငွေပေးအပ်သည့် ရည်ရွယ်ချက်၊ စီမံကိန်းနှင့်ပတ်သက်သော အချက်အလက်များနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကို ကျေးရွာစီမံကိန်းကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ဝင်္ဂဘော်ကျေးရွာ၌ အဆိုပါရန်ပုံငွေအပြင် ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေဖြင့် ကျေးရွာတွင်းလမ်းမကြီးကို ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

**မြောင်းမြမြို့ ဗိုလ်ဗထူးလမ်းနှင့် တာဝတိံသာလမ်းထောင့်ရှိ ဆွေးမြည့်ပြီး အန္တရာယ်ရှိနေသော ဓာတ်တိုင်ကို ပြည်သူများ အန္တရာယ်ကင်းစေရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလှဟန် ဦးဆောင်သော မြို့နယ်လျှပ်စစ်ဝန်ထမ်းများက ခေတ်မီကွန်ကရစ်ဓာတ်တိုင်နှင့် ဖေဖော်ဝါရီ ၅ ရက်က အစားထိုးလဲလှယ်တပ်ဆင်ပေးနေစဉ်။** (မြောင်းမြမြို့၌ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်မီစွာ သုံးစွဲနိုင်ရေးအတွက် မြောင်းမြ ပင်မဓာတ်အားခွဲရုံရှိ မိန်းထရန်စဖော်မာများ၏ Tapping များ တင်ခြင်းနှင့် ထရန်စဖော်မာများ အသစ်တည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။)

**အောင်မင်း (မြောင်းမြ)**



# ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့တွင် ပြိုင်ပွဲများကျင်းပပေးရန် ဆွေးနွေး

**ကျုံပျော် ဖေဖော်ဝါရီ ၇**

ကျုံပျော်မြို့နယ်အတွင်းမှ ကလေးများ ရဲဝံ့သွက်လက်မှုရှိစေရန်၊ ထက်မြက်သောကလေးများ ဖြစ်လာစေရန် ရည်ရွယ်၍ ကလေးများအတွက် ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့၌ ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျုံပျော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဖေဖော်ဝါရီ ၅ ရက်က ပြုလုပ်သော အစည်းအဝေး၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက ပြိုင်ပွဲကျင်းပမည့်ကိစ္စနှင့်ပတ်သက်၍ ပြောကြားခဲ့ပြီး ပြိုင်ပွဲများအဖြစ် ဗိုလ်ချုပ်၏မိန့်ခွန်းကို သံနေသံထားဖြင့် ပြောကြားခြင်း၊ ကဗျာရွတ်နှင့် သီချင်းဆိုခြင်းတို့အပြင် ကာယစွမ်းရည်ပြိုင်ပွဲများအဖြစ် ဘောလုံးလက်ဆင့်ကမ်း၊ ထိုင်ခုံလု၊ အာလူးကောက်၊ ကြယ်သီးတပ်၊ မုန့်စားနှင့် အပြေးပြိုင်ပွဲများကိုလည်း ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများတွင် အောင်ဆန်း၊ ခလရ(၃၆)၊ တေဇ၊ မန်းကြာ၊ ခရုရိုး စသည့် မူလတန်းကြိုကျောင်း ငါးကျောင်းမှ ကလေးငယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ပြိုင်ပွဲဝင်ကြမည့် ကလေးများအတွက် ဆုများကိုလည်း ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# စာကြည့်တိုက်၌ ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုခြင်းနှင့် စာအုပ်ငှားရမ်းမှု တိုးတက်များပြားလာ

**တွံတေး ဖေဖော်ဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုမှု၊ ငှားရမ်းမှုနှင့် စာကြည့်တိုက်ကို အားကိုးအသုံးပြုမှုများ ယခင်ကထက် ပိုမိုတိုးတက်များပြားလာလျက်ရှိကြောင်း မြို့နယ်ပြည်သူ့စာကြည့်တိုက် တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၅ ရက်တွင် ပြောသည်။



ကျောင်းသား ကျောင်းသူများအနေဖြင့် ပြည်သူ့စာကြည့်တိုက်တွင် နံနက်ပိုင်း ကျောင်းတက်ချိန်နှင့် ညနေပိုင်း ကျောင်းဆင်းချိန်များတွင် စာလာဖတ်ခြင်း၊ စာအုပ်လာငှားခြင်းများ အရင်ကထက် ပို၍များကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုခြင်းအလေ့အထများ တိုးတက်လာစေရန်၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စာကြည့်တိုက်ကို ပိုမိုရင်းနှီးမှုရရှိစေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိပြီး ဗဟုသုတများ တိုးတက်လာစေရန်အတွက် စာပေရေချမ်းစင်များနှင့် စာကြည့်တိုက်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **မျိုးလှိုင် (တွံတေး)**

## ဘားအံတိုင်းရင်းဆေးရုံကြီး၌ ဆင်းရဲနွမ်းပါးသောသူများ အခမဲ့လာရောက်ဆေးဝါး ကုသနိုင်

**ဘားအံ ဖေဖော်ဝါရီ ၇**

ဘားအံတိုင်းရင်းဆေးရုံကြီးတွင် ဆင်းရဲနွမ်းပါးသောသူများ၊ ရဟန်းသံဃာများနှင့် ငွေကြေးအခက်အခဲရှိသောသူများကို အခမဲ့ဆေးဝါကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံအုပ် ဒေါ်ကြည်ကြည်ဌေးက ပြောသည်။

အဆိုပါ တိုင်းရင်းဆေးရုံမှ ဒူးနာ၊ ခါးနာ၊ အဆစ်အမြစ်ကိုက်၊ အရိုးအကြောနှင့် အခြားသော ရောဂါများ ကုသပေးလျက်ရှိကြောင်း၊ ဌာနမှချပေးသည့် ဆေးဝါးများဖြင့် ကုသပေးလျက်ရှိကြောင်း၊ အလှူရှင်များထံမှ ရရှိသည့်အလှူငွေနှင့် ဝယ်ယူပြီး ကုသပေးသည့်အပြင် သမားတော်များ ဖော်စပ်ပေးသည့် ဆေးဝါးများနှင့်လည်း ကုသပေးလျက်ရှိကြောင်း ၎င်းက ပြောသည်။

ယင်းတိုင်းရင်းဆေးရုံကြီးသည် ယခင်က ၁၆ ခုတင်ဆံ့ဆေးရုံဖြစ်ပြီး ၂၀၁၆ - ၂၀၁၇ တွင် ဝန်ထမ်းများ ပိုမိုခန့်အပ်၍ တိုင်းရင်းဆေးရုံကြီးကို ခုတင် ၅၀ ဆံ့ ဆေးရုံကြီးအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ဆေးရုံသို့ လာရောက်ကုသသူ ၈၇၅ ဦးရှိကာ ၂၀၁၈ ခုနှစ်ဇန်နဝါရီလအတွင်း ပြင်ပလူနာ ၁၃၉ ဦး၊ အတွင်းလူနာ ၃၃ ဦးတို့ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

"ဒူးနာခါးနာ၊ အဆစ်အမြစ်ကိုက်၊ အရိုးအကြောရောဂါတွေဟာ အခြားဆေးဝါးတွေနဲ့ ကုသလို့မပျောက်ဘူး၊ သက်သာတာပဲရှိတယ်၊ ဒီရောဂါတွေကို ပျောက်ကင်းဖို့အတွက် မြန်မာတိုင်းရင်းဆေးဝါးတွေနဲ့ ကုသမှသာ ပျောက်ကင်းမှာ ဖြစ်တယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ဆေးရုံအတွက် လိုအပ်သော တိုင်းရင်းဆေးဝါးများအလွယ်တကူရရှိစေရန်နှင့် ပြည်တွင်းပြည်ပသို့လည်း ပရဆေးပင်များ ထုတ်လုပ်ရောင်းချနိုင်ရန်အတွက် ဘားအံမြို့ စက်မှုဇုန်မြေနေရာတွင် ပရဆေးပင်ဆိုင်ရာ သင်တန်းကျောင်းနှင့် ပရဆေးပျိုး ဥယျာဉ်ကို ဆောင်ရွက်နေပြီး ယင်းနေရာ၌ ပရဆေးပင် ၁၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

**မင်းရာဇာ**

# ဒီမော့ဆိုမြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းစေရန် လမ်းပြုပြင်မှုများဆောင်ရွက်

**ဒီမော့ဆို ဖေဖော်ဝါရီ ၇**

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ်အတွင်းရှိ ဒီမော့ဆို-ဒေါသြေးခူ-ဘောလခဲလမ်း၏ မိုင်တိုင်(၃၃/၃)နှင့် မိုင်တိုင်(၃၅/၃)အကြားမှ အတက်အဆင်းမတ်စောက်သည့် နေရာများတွင် လမ်းအန္တရာယ်ကင်းရှင်းစေရန်အတွက် လမ်းအူကြောင်း နှိမ့်ချခြင်းနှင့် လမ်းအကျယ်ချဲ့ထွင်ခြင်းလုပ်ငန်းများကို မြို့နယ်လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဲရယ်သိန်းအောင်နှင့် မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ ဖေဖော်ဝါရီ ၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

လမ်းပြုပြင်မှုများ ဆောင်ရွက်နေသည့်နေရာသည် မူလက လမ်းအတက်အဆင်းမတ်စောက်သည့်အပြင် အကွေ့အကောက် များပြားလျက်ရှိသဖြင့် ခရီးသွားပြည်သူများအနေဖြင့် အန္တရာယ်မရှိစေရေးအတွက် လမ်းအတက်အဆင်း မတ်စောက်သည့်နေရာများကို လမ်းအူကြောင်းနှိမ့်ချ၍ ပြေပြစ်အောင် ဆောင်ရွက်ခြင်းခြင်းနှင့် လမ်းအကျယ်ကို ၃၄ ပေအထိ ချဲ့ထွင်ခြင်း လုပ်ငန်းများကို နိုင်ငံတော်မှခွင့်ပြုငွေ ကျပ်သန်း ၅၄၀ အသုံးပြု၍ ဒီမော့ဆိုမြို့နယ် လမ်းဦးစီးဌာနက တာဝန်ယူပြီး ပြုပြင်မှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကမ္ဘာ့ကင်ဆာရောဂါ တိုက်ဖျက်ရေးနေ့ မန္တလေး၌ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၇ -** ကင်ဆာရောဂါဌာန (အထွေထွေဆေးရုံကြီး၊ မန္တလေး)နှင့် ဆေးကုမ္ပဏီများ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ကင်ဆာရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနားနှင့် ကင်ဆာရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို မန္တလေးချမ်းအေးသာစံမြို့နယ် မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)၌ ဖေဖော်ဝါရီ ၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ကမ္ဘာ့ကင်ဆာရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ အမှာစကားပြောကြားသည်။ ဆက်လက်၍ ကမ္ဘာ့ကင်ဆာရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဒေါက်တာ ဒေါ်အေးအေးနိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ကင်ဆာရောဂါကုဌာနက ဒေါက်တာကျော်စွာလင်းက ကမ္ဘာ့ကင်ဆာရောဂါ တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ် I Can အကြောင်းကို လည်းကောင်း၊ အထူးကုဆရာဝန်ကြီး ဒေါက်တာအိဇင်မြင့်က ရင်သားကင်ဆာအကြောင်း၊ အထူးကုဆရာဝန်ကြီး ဒေါက်တာမိုးမိုးလှိုင်က ဦးခေါင်းနှင့် လည်ချောင်းဆိုင်ရာ ကင်ဆာအကြောင်း၊ အထူးကုဆရာဝန်ကြီး ဒေါက်တာစိုးသီဟက သားအိမ်ခေါင်းကင်ဆာအကြောင်း၊ အထူးကုဆရာဝန်ကြီး ဒေါက်တာကျော်စွာလင်းက အဆုတ်ကင်ဆာရောဂါအကြောင်းအားလည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ မကွေးတိုင်းဒေသကြီး၊ မြင်ကွန်းနှင့်ကမ်းနီမြစ်ရေတင်စီမံကိန်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများအား ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီ(AFD) အထောက်အပံ့အိတ်ဖွင့်တင်ဒါစနစ် (EURO) (Exclusive of all taxes and duties) ဖြင့်ဝယ်ယူလိုကြောင်းကြော်ငြာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Electric Motor-Driven Water Pump Complete Set for Myin Kun (PS-I&II) | 4 Sets |
| (ခ) | Electric Motor-Driven Water Pump Complete Set for Kanni | 4 Sets |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၂-၂၀၁၈
**တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၃-၃-၂၀၁၈ မွန်းတည့် ၁၂:၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)**
**ဖြည့်တင်းရေးဌာနခွဲ-၂**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၃၁၂၉၅၊ ၀၆၇-၃၄၃၁၃၀၈**

## အိတ်ပိတ်တင်ဒါ (Close Tender) ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ္ပတ်ကျေးရွာ၊ အမှတ် (၄) လမ်းမကြီးအနီး Myanmar Distillery Co.,Ltd မှ အောက်ဖော်ပြပါ လုပ်ငန်းများအတွက် အိတ်ပိတ်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

* ဝန်ထမ်းဖယ်ရီကြို/ပို့ လုပ်ငန်း(လပေး-နှစ်ချုပ်စနစ်)
* ပန်းဥယျာဉ်နှင့်မြက်ခင်းစိုက်ပျိုးရေးလုပ်ငန်း(လပေး-နှစ်ချုပ်စနစ်)
* လုံခြုံရေးကုမ္ပဏီငှားရမ်းခြင်း(လပေး-နှစ်ချုပ်စနစ်)

၁။ တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်ရက်မှစ၍ ၂၈-၂-၂၀၁၈ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်တင်သွင်းနိုင်ပါသည်။
၂။ တင်ဒါတွင် တင်ဒါဝင်ရောက်သူ၏ လိပ်စာနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ် ပြည့်စုံစွာဖော်ပြရန်။ ကုမ္ပဏီ/စက်ရုံမှ တင်ဒါဖွင့်မည့်ရက်အား (၃)ရက်ကြိုတင် အကြောင်းကြားပါမည်။

တင်ဒါလျှောက်လွှာအားစက်ရုံတွင်အခမဲ့ထုတ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ မေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၂၅၉၀၆၄၊ ၀၉-၇၆၈၆၆၈၁၀၆၈၊ ၀၉-၂၅၄၃၅၁၈၀၂၊ ၀၉-၇၉၂၉၉၃၆၈၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂**

ဦးမြင့်နိုင် **နှင့်** ၁။ဒေါ်ဆုမီကျော်
(၄င်း၏အထွေထွေ ၂။ဒေါ်စိုးစိုးဝင်း
ကိုယ်စားလှယ်စာရသူ ဦးမြင့်ဇော်)
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ်(၁၀၉)နေ ဒေါ်ဆုမီကျော်၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၈ လမ်း၊ အမှတ်(၃၈)နေ ဒေါ်စိုးစိုးဝင်း (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက တရားလိုပိုင်ဆိုင်သော တိုက်ခန်းများအတွင်း ဝင်ရောက်နေထိုင်သူ တရားပြိုင်များအား ဖယ်ရှားပေးစေလိုမှုနှင့် တိုက်ခန်းလက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဇင်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကော့သောင်းခရိုင်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၃**

ဦးစလိ(ခ)ဦးမြင့်ဦး **နှင့်** ဦးစံဝင်း ပါ(၆၆)ဦး
**တရားလို** **တရားပြိုင်များ**

ကော့သောင်းမြို့၊ ဘန်းကချွန်ကျေးရွာအုပ်စု၊ ၁၈ မိုင်ကျေးရွာနေ အမှတ်စဉ် ၂၆ တရားပြိုင် ဦးတင်ထွန်း၊ ၃၅ တရားပြိုင် ဒေါ်အေး၊ (၄၁) တရားပြိုင် ဦးချစ်ခိုင်၊ (၄၃)တရားပြိုင် ဦးမောင်ညို(ယခုနေရပ်လိပ်စာမသိသူများ)နှင့် ကော့သောင်းမြို့၊ ဘန်းကချွန်ကျေးရွာအုပ်စု၊ ခရေမြိုင်ရပ်ကွက်နေအမှတ်စဉ်(၂၃)တရားပြိုင် ဦးဂျပန်(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ ဦးစလိ(ခ)ဦးမြင့်ဦးက ဥယျာဉ်ခြံမြေနှင့် နွားစားကျက်မြေအတွင်း ကျူးကျော်ဝင်ရောက်ဖျက်ဆီးသူအား ဖယ်ရှားထွက်ခွာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၆ရက် (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလိုအဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲထွဋ်အောင်)**
**ဒုတိယခရိုင်တရားသူကြီး**
**ကော့သောင်းခရိုင်တရားရုံး**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံများကို ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) တွင်ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**ရုံးအကူ/စာပို့(ဝင်ပေါက်)ရာထူးနေရာများအတွက်**
**ရွေးချယ်ခံရသူများစာရင်းထုတ်ပြန်ခြင်း**
**(၁၃၇၉ခုနှစ် တပို့တွဲလပြည့်ကျော် ၈ရက်)**
**(၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၈ ရက်)**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ် (၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀)ရရှိသော ရုံးအကူ/စာပို့(ဝင်ပေါက်)ရာထူးနေရာများအတွက် အရည်အချင်းစစ်ရေးဖြေအောင်မြင်သူများအား ၃၁-၁-၂၀၁၈ရက်တွင် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းများပြုလုပ်ခဲ့ပြီး ရွေးချယ်ခံရသူ ၃၀ဦး၏ ခုံအမှတ်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

၃၊ ၁၃၊ ၃၂၊ ၆၁၊ ၆၂၊ ၆၈၊ ၇၂၊ ၈၁၊ ၁၀၅၊ ၁၃၂၊ ၁၃၆၊ ၂၂၃၊ ၂၃၀၊ ၂၆၇၊ ၂၇၅၊ ၂၈၀၊ ၃၁၉၊ ၃၂၀၊ ၃၅၁၊ ၃၅၂၊ ၄၁၂၊ ၄၁၉၊ ၄၄၂၊ ၄၄၅၊ ၅၂၉၊ ၅၃၀၊ ၅၃၂၊ ၅၆၃၊ ၅၈၈၊ ၆၁၀။

၂။ အဆိုပါရွေးချယ်ခံရသူများသည် ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် (၄၆) နေပြည်တော်(ရုံးချုပ်)သို့အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၉-၂-၂၀၁၈ရက် ရုံးချိန်အတွင်း အချိန်မီသတင်းပေးပို့ရမည်ဖြစ်ပါသည်-
(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း/မိတ္တူ)
(ခ) အိမ်ထောင်စုလူဦးရေစာရင်း (မူရင်း/မိတ္တူ)

**ပြည်တွင်းအခွန်များဦးစီးဌာန**

swisscontact

## ချိပ်ပိတ်တင်ဒါ(Sealed Tender)ခေါ်ယူခြင်း

Swisscontactအဖွဲ့အစည်းသည် လုပ်ငန်းခွင်နှင့် သက်မွေးသင်တန်းကျောင်း ပေါင်းစပ်သင်ကြားရေး ရှေ့ပြေးစီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းလျက်ရှိပါသည်။ အဆိုပါ ရှေ့ပြေးစီမံကိန်းတွင် လယ်ယာသုံးစက်ပစ္စည်း ကျွမ်းကျင်စက်ပြင်ဆရာသင်တန်းပါဝင်ပြီး၊ ၄င်းသင်တန်းအတွက် လိုအပ်သည့်သင်တန်းသုံးပစ္စည်းများ ပံ့ပိုးပေးနိုင်ရန် ချိပ်ပိတ်တင်ဒါစနစ် (Sealed Tender)ဖြင့်ဝယ်ယူလိုပါသောကြောင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်အချက်အလက်များပါဝင်သောတင်ဒါဖောင်များကို အောက်ဖော်ပြပါလိပ်စာတွင် ယနေ့မှစ၍ ရုံးချိန်အတွင်း နံနက် ၉:၀၀နာရီမှ ညနေ ၄:၃၀နာရီ လာရောက်စုံစမ်းပြီး အခမဲ့ရယူနိုင်ပါသည်။

**အမှတ် ၃/ဂျေ၊ ကန်သာယာအိမ်ရာဝင်း၊ မင်းကျောင်းလမ်း၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ၃ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၉၇၄၄၅၇၊၀၉-၉၇၄၈၂၅၅၇၄။**

**တင်ဒါတင်သွင်းခြင်းသည် ၁၉-၂-၂၀၁၈ရက် ညနေ ၄:၃၀နာရီ နောက်ဆုံးထား၍ တင်ဒါစာအိတ်များကို အထက်ဖော်ပြပါရုံးသို့ လာရောက်တင်သွင်းနိုင်ပါသည်။**

## ဖခင်အမည်မှန်

ပွင့်ဖြူမြို့နယ်၊ ဥယျာဉ်ကျစ်အုပ်စု၊ သစ်ချိုကုန်းကျေးရွာ(အမက)ကျောင်း စတုတ္ထတန်းမှ မအေးသီရိအောင်၏ ဖခင်အမည်မှန်မှာ ဦးသောင်းရင် ၈/ပဖန(နိုင်)၀၃၄၅၀၄ ဖြစ်ပါကြောင်း။ **ဦးသောင်းရင်**

## ဖခင်အမည်မှန်

ပွင့်ဖြူမြို့နယ်၊ အထက (ရောက်တော)ကျောင်း ဆဋ္ဌမတန်း (ဂ) မှ မစုနဒီ၏ ဖခင်အမည်မှန်မှာ ဦးဇော်အေးချို၈/ပဖန(နိုင်)၀၃၁၃၉၅ ဖြစ်ပါကြောင်း။ **ဦးဇော်အေးချို**

## ဦးသာထက်(ဘ)ဦးသိန်းမြင့် ၁၄/ပသန(နိုင်)၁၆၉၃၆၃နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ညည-၁၈/၄၆ နေ ဒေါ်သင်းသင်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာပါသည်။

ပုသိမ်မြို့၊ တက်ဆိပ်လမ်း၊ အိမ်အမှတ်(၄၂၀)နေ ဦးသာထက်နှင့် ကျွန်ုပ်၏အမှုသည် ဒေါ်သင်းသင်းအေးတို့သည် ၂၆-၄-၂၀၁၆ရက်တွင် လက်ထပ်ပေါင်းသင်းခဲ့ပြီး သမီးမရွှေရည်လင်း ၁နှစ်၂လ ကိုမွေးဖွားခဲ့ပါသည်။ ရွှေရည်လင်းအမည်ဖြင့် ဆန်ပွဲရုံလုပ်ငန်းလုပ်ကိုင်ခဲ့ပြီး ဦးသာထက်မှာဆန်များကို နယ်တွင်ဆင်းဝယ်ရင်းနှင့် မမြတ်နှင်းဆီနှင့် ငြိစွန်းခဲ့ကြောင်း သိရှိရပါသည်။ ၃၁-၃-၂၀၁၇ရက်တွင် ဦးသာထက်နှင့် မမြတ်နှင်းဆီ(မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) (ရေနံချောင်း)တို့သည် ရေနံချောင်းမြို့နယ်၊ ပင်းဝကျွန်းကျေးရွာ ဦးအေးဂျင်း-ဒေါ်တင်အေးတို့၏ နေအိမ်တွင်မင်္ဂလာဆောင်ပြီး ပေါင်းသင်းခဲ့ပါသည်။ ကျွန်ုပ်၏အမှုသည်မှ ၄င်းတို့ လက်ထပ်ပေါင်းသင်းသည်ကို ၂၄-၁-၂၀၁၈ရက်တွင် သိရှိခဲ့ပြီး ၂၉-၁-၂၀၁၈ ရက်တွင် ရေနံချောင်းသို့လိုက်သွားရာ ဦးသာထက်၏မိခင်နှင့်အစ်မ ဒေါ်မီးမီးတို့မှ တောင်း ရမ်းလက်ထပ်ပေးခဲ့ကြောင်းသိရှိရပါသည်။ ထို့ကြောင့် ဦးသာထက်နှင့် ပတ်သက်သော ငွေကြေးကိစ္စရပ်များကို ကျွန်ုပ်၏အမှုသည် ဒေါ်သင်းသင်းအေးမှ ဖြေရှင်းပေးမည်မဟုတ်ဘဲ သက်ဆိုင်ပတ်သက်သူများသည် ဦးသာထက်နှင့်သာ ဖြေရှင်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။ ထို့ပြင် ဦးသာထက်ရယူသွားသော ဆန်ဖိုးအကြွေးနှင့်ဆုကြေးငွေကျပ်(၄၃၉၀၀၀၀၀/-)(လေးရာသုံးဆယ့်ကိုးသိန်းကျပ်တိတိ) နှင့်ဗန်းမော် ဆန်ဖိုးငွေများကို ၁၀ရက်အတွင်း လာရောက်ဖြေရှင်းပေးပါရန် ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်သင်းသင်းအေး**
**၉/မနတ(နိုင်)၁၀၃၀၁၇**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမြင့်**
**H.G.P, LL.B, Dip in Business Law**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၂၃)**
**တံခွန်တိုင်၊ ကမ္ဘဝါတန်းရပ်ကွက်**
**ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၀၂၅၄၀၀၆၀၊၀၉-၇၇၁၃၄၃၄၈၀**

## မန္တလေးစက်မှုလက်မှုသိပ္ပံ(ရန်ကုန်)လူမှုရေးအသင်း နှစ်ပတ်လည်အစည်းအဝေး(စတုတ္ထအကြိမ်)ဖိတ်ကြားခြင်း

မန္တလေးစက်မှုလက်မှုသိပ္ပံ(ရန်ကုန်) လူမှုရေးအသင်း၏ နှစ်ပတ်လည်အစည်းအဝေး(စတုတ္ထအကြိမ်)ကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသည့် ဆရာ၊ ကျောင်းသား၊ ကျောင်းသူများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၁-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)
**အချိန်** - မွန်းတည့် ၁၂:၀၀နာရီမှ ၁၄:၀၀နာရီထိ
**နေရာ** - M3 Food Center၊ ရွှေဂုံတိုင်လမ်း၊ ရန်ကုန်မြို့

**(အမှုဆောင်အဖွဲ့)**
**မန္တလေးစက်မှုလက်မှုသိပ္ပံ(ရန်ကုန်)လူမှုရေးအသင်း**

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့၊ ကျွမ်းရွှေဝါရပ်ကွက်၊ တပင်ရွှေထီးလမ်းနေ ဦးသန်းမောင်၏သား ဦးချစ်ငွေ ၅/ဖပန(နိုင်)၀၀၃၈၅၇နှင့် ဦးသန်းငွေသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးချစ်ငွေ(ခ)ဦးသန်းငွေ**

## အမည်ပြောင်း

ဦးဇော်မြင့်ဝင်း၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ရွာစည်ရွာသား၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း၊ တတိယတန်းမှ မပပဝင်းအား မအိဖြိုးကျော်ဟု ပြောင်းလဲခေါ်ပါရန်။
**မအိဖြိုးကျော်**

**ဥတုရာသီ တောကိုမှီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**အကောက်ခွန်ဦးစီးဌာန**
**အကောက်ခွန်မှူးရာထူး ဖြေဆိုခွင့်ရရှိသူများစာရင်းထုတ်ပြန်ခြင်း**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်**
**၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ခံစားခွင့်ရရှိသော အကောက်ခွန်မှူးရာထူးသို့ ဖြေဆိုခွင့်ရရှိသူများ၏ စာရင်းအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

| စဉ် | ခုံနံပါတ် | အမည် | မှတ်ပုံတင်အမှတ် | အဘအမည် |
|---|---|---|---|---|
| ၁ | ၁ | မောင်ကောင်းသန့်ဇင် | ၇/ရတန(နိုင်)၁၁၁၄၈၂ | ဦးခင်ဇော် |
| ၂ | ၂ | မခင်သူဇာထွန်း | ၁၂/ကခက(နိုင်)၀၈၅၈၄၀ | ဦးသိန်းဇော်လတ် |
| ၃ | ၃ | မောင်ဇော်မျိုးအောင် | ၁၄/ဖပန(နိုင်)၁၈၇၇၄၅ | ဦးဇော်လင်း(ခ) ဦးအောင်ဇော်လင်း |
| ၄ | ၄ | မောင်ရန်ကျော်မျိုးမြင့် | ၁၂/မရက(နိုင်)၁၅၄၅၉၇ | ဦးမျိုးမြင့် |
| ၅ | ၅ | မောင်ရဲလွင်ဖြိုး | ၁၂/တမန(နိုင်)၁၁၆၇၀၇ | ဦးခင်မောင်ထွေး |
| ၆ | ၆ | မောင်ဟိန်းလင်းကျော် | ၇/ပတတ(နိုင်)၁၁၃၁၉၇ | ဦးသိန်းနိုင် |
| ၇ | ၇ | မနီနီဝင်းရွှေ | ၁၀/ပမန(နိုင်)၁၈၉၃၀၃ | ဦးမောင်အေး |
| ၈ | ၈ | မညွန့်ညွန့်ဆွေ | ၈/မကန(နိုင်)၂၁၇၇၈၁ | ဦးညွန့်ဟန် |
| ၉ | ၉ | မောင်ရဲချစ်နိုင် | ၁၂/အလန(နိုင်)၀၄၈၀၁၅ | ဦးသန်းရွှေ |
| ၁၀ | ၁၀ | မဆုမြတ်ဝေ | ၁၄/ပသန(နိုင်)၂၂၈၅၂၁ | ဦးထွန်းဝေ |
| ၁၁ | ၁၁ | မယုနန္ဒာအောင် | ၁၁/ရဗန(နိုင်)၀၆၄၈၃၈ | ဦးခင်အေး |
| ၁၂ | ၁၂ | မောင်ထက်ကျော် | ၁၄/မမန(နိုင်)၂၁၇၄၇၀ | ဦးတင့်လွင် |
| ၁၃ | ၁၃ | မမေသဲနုအောင် | ၉/ပမန(နိုင်)၂၂၂၆၈၈ | ဦးသိန်းညွန့် |
| ၁၄ | ၁၄ | မဝင်းချယ်ရီအောင် | ၉/မဟမ(နိုင်)၀၂၉၆၅၄ | ဦးမောင်မောင်ဝင်း |
| ၁၅ | ၁၅ | မဖူးပွင့်ဝေ | ၅/ကလတ(နိုင်)၀၉၈၈၃၆ | ဦးချစ်ကြည် |
| ၁၆ | ၁၆ | မောင်သူရနိုင် | ၇/ပခန(နိုင်)၃၂၅၄၇၃ | ဦးခင်မောင်ဝင်း |
| ၁၇ | ၁၇ | မစိုးမိုးစံ | ၇/ပခန(နိုင်)၂၉၇၁၄၁ | ဦးလှညွန့် |
| ၁၈ | ၁၈ | မောင်မျိုးသက်နိုင် | ၁၃/ရစန(နိုင်)၀၈၄၄၃၄ | ဦးကျော်စိန် |
| ၁၉ | ၁၉ | မောင်လွင်မောင်မောင် | ၁၂/တမန(နိုင်)၁၁၅၄၄၇ | ဦးမောင်မောင်လေး |
| ၂၀ | ၂၀ | မောင်တင့်နိုင်ထွန်း | ၉/ကဆန(နိုင်)၁၄၆၀၂၄ | ဦးဝင်းမြင့် |
| ၂၁ | ၂၁ | မမေသဇင်ထွန်း | ၉/ပကခ(နိုင်)၀၁၄၄၃၉ | ဦးထွန်းထွန်းဦး |
| ၂၂ | ၂၂ | မခင်ကျော့ခိုင် | ၁၂/မဘန(နိုင်)၁၃၄၂၄၄ | ဦးစိုးမိုးအောင် |
| ၂၃ | ၂၃ | မထက်ထက်လင်းကျော် | ၁၂/ဒဂဆ(နိုင်)၀၀၈၄၇၄ | ဦးထင်လင်းကျော် |
| ၂၄ | ၂၄ | မယုမိုးမြင့်ထက်သာ | ၁၀/မလမ(နိုင်)၂၃၇၉၉၀ | ဦးကျင်သိန်း |
| ၂၅ | ၂၅ | မောင်စိုင်းနေအောင် | ၁၃/လရန(နိုင်)၁၃၂၆၀၃ | ဦးနေဝင်း |
| ၂၆ | ၂၆ | မောင်ဖွဲ့ထက်အောင် | ၁၂/အလန(နိုင်)၀၄၅၉၅၃ | ဦးသန်းဦး |
| ၂၇ | ၂၇ | မောင်ဝေဇော်ထက်ဝင်း | ၉/သစန(နိုင်)၁၅၆၈၃၉ | ဦးမောင်ဝင်း |
| ၂၈ | ၂၈ | မနွယ်နီဝင်း | ၇/ပတန(နိုင်)၁၃၃၉၉၃ | ဦးလှမြင့် |
| ၂၉ | ၂၉ | မပိုးအိကျော် | ၅/ဝလန(နိုင်)၁၅၆၉၂၁ | ဦးအေးကျော် |
| ၃၀ | ၃၀ | မောင်အောင်မြတ်စိုး | ၁၁/မဥန(နိုင်)၀၈၅၄၃၆ | ဦးကျော်စိုးလွင် |
| ၃၁ | ၃၁ | မောင်အောင်အောင် | ၁၄/မအပ(နိုင်)၂၄၄၂၂၄ | ဦးလှကြည် |
| ၃၂ | ၃၂ | မသူသူတင် | ၈/ပခက(နိုင်)၂၅၀၆၈၀ | ဦးညီညီ |
| ၃၃ | ၃၃ | မချိုအိအိခက် | ၁၂/ဥကတ(နိုင်)၁၇၃၀၆၆ | ဦးသာထွန်း |
| ၃၄ | ၃၄ | မမိသဲ | ၁၃/ကတန(နိုင်)၁၅၀၇၂၂ | ဦးချီးရို |
| ၃၅ | ၃၅ | မခင်မေသန်း | ၉/ကဆန(နိုင်)၁၆၇၀၇၀ | ဦးသန်းမောင် |
| ၃၆ | ၃၆ | မောင်မင်းမျိုးကိုကို | ၁၀/လမန(နိုင်)၀၀၆၀၉၉ | ဦးသောင်းထိုက် |
| ၃၇ | ၃၇ | မောင်ထက်ပြည့်စုံ | ၁၄/အမတ(နိုင်)၀၂၂၁၈၆ | ဦးသက်နိုင်ဦး |
| ၃၈ | ၃၈ | မောင်အောင်လွင်ဦး | ၅/ဖပန(နိုင်)၀၇၅၄၄၃ | ဦးသောင်းလွင် |
| ၃၉ | ၃၉ | မအေးမြတ်မွန် | ၈/မသန(နိုင်)၁၀၄၆၁၁ | ဦးခင်မောင်အေး |
| ၄၀ | ၄၀ | မောင်သူရပြည့်စုံ | ၈/ပဖန(နိုင်)၁၁၆၇၀၄ | ဦးဝင်းသိန်း |

၂။ ရေးဖြေဆန်းစစ်စာမေးပွဲအား ၄၉လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်ရှိ အကောက်ခွန်သင်တန်းကျောင်း၊ ရန်ကုန်မြို့တွင် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| စဉ် | နေ့ရက် | အချိန်/နာရီ | ဘာသာရပ် |
|---|---|---|---|
| (က) | ၁၇-၂-၂၀၁၈ရက် | နံနက် ၉ နာရီ မှ ၁၁နာရီအထိ | အထွေထွေဗဟုသုတ |
| (ခ) | ၁၇-၂-၂၀၁၈ရက် | မွန်းလွဲ ၁ နာရီ မှ ညနေ ၃ နာရီအထိ | အင်္ဂလိပ်စာ |

၃။ ဆန်းစစ်စာမေးပွဲဖြေဆိုခွင့်ရရှိသူများသည် ၁၆-၂-၂၀၁၈ရက် နံနက် ၁၀နာရီတွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)သို့ ကိုယ်တိုင်လာရောက်သတင်းပို့ရမည်။

**အကောက်ခွန်ဦးစီးဌာန**

# 1000 သိန်းခန့်ရှိရုံဖြင့်

ပြည်လမ်းမမှ ခြေလှမ်း (၄၀၀) ခန့်သာကွာပြီး
မြေ (၂) ကောပေါ်ဆောက်ထားသော
စမ်းချောင်းလမ်းပေါ်ရှိ အဆင့်မြင့်ကွန်ဒိုကြီး
1056 Sq-ft Car Parking ပါ
1MBR, 1BR ကို ဝယ်နေနိုင်ပြီ

**80%**
**ဆောက်ပြီး**
**Nov 2018**
**Key အပ်**



2020 ခုနှစ်တွင် သိန်း 2700 ဖြစ်မည့်ကွန်ဒိုကို သိန်း 2000 ခန့်ဖြင့်ရောင်းမည်

## သိန်း 2700 မဖြစ်လျှင် ငွေပြန်အမ်းမည်

1000 သိန်းကို (၁၀) လပေးပြီးလျှင် သော့အပ်မည်

ကျန် 1000 သိန်းကို (၁၅) နှစ် Home Loan ဖြင့်ငွေချေနိုင်သည်

(၂) ရက်တည်းသာရောင်းမည် 17, 18 Feb 2018 နံနက် (၉) နာရီမှ ညနေ (၇) နာရီအထိ

၁၀၄၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်တွင် ရောင်းချသွားမည်ဖြစ်ပါသည် 01-2304833 09-31939999

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းထင်
**ညွန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ငါးလုပ်ငန်းဦးစီးဌာန**
**အသက်(၈၆)နှစ်**

မြန်မာနိုင်ငံ၏ငါးလုပ်ငန်းများဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ခဲ့သူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည့် ပညာရှင်ကြီးဖြစ်သူ ငါးလုပ်ငန်းဦးစီးဌာန၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဆရာကြီး ဦးဝင်းထင် အသက်(၈၆)နှစ် ကွယ်လွန်သည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး ကောင်းရာသုဂတိသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစံသိန်း
**က-ပ-ရ မော်တော်ယာဉ်မှူး(ငြိမ်း)**
**အသက်(၈၃)နှစ်**

အမှတ်(၁၄၇၅/ခ)၊ ရွှေပြည်သာ(ထ-၁၆)ရပ်ကွက်၊ သီတာ(၈)လမ်း၊ ရွှေပြည်သာမြို့နယ်နေ ဦးကျော်ကျော် [မြန်နေဂျာ(မန္တလေးရုံးခွဲ/ဖြူးစိုက်ပျိုးရေး) မြတ်အိန္ဒြေကုမ္ပဏီ]၏ဖခင် ဦးစံသိန်းသည် ၅-၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာ**
**ဒါရိုက်တာအဖွဲ့နှင့် ကုမ္ပဏီဝန်ထမ်းများ**
**မြတ်အိန္ဒြေကုမ္ပဏီ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြကျင်(ခ)တိန်မီဟုန် (မော်ဘီ)
**အသက်(၉၀)**

အထက(၄)အလုံမြို့နယ်၊ ကျောင်းသား/ကျောင်းသူဟောင်းများအသင်း (ဥက္ကဋ္ဌ) ဦးမြင့်သိန်း(ခ)တန်ကြုံလင်(WESTERN PARK RESTAURANT GROUP)၏မိခင်ကြီးသည် ၇-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အထက(၄)အလုံ**
**ကျောင်းသား/ကျောင်းသူဟောင်းများအသင်း**

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်တင်ဝင်း (ငွေခြင်းလုံး၊ ဟသ်ာတ)
**အသက်(၉၀)**

သူငယ်ချင်း ဦးမောင်အုန်း(81th batch, Mech:, RIT)-ဒေါ်အေးအေးကြိုင်(80th batch.B.Ed)တို့၏မိခင် ဒေါ်တင်ဝင်းသည် ၂-၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**75-81 RIT Welfare Group မှ ALL Major သူငယ်ချင်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးသိန်းမြင့် B.E (Mining)
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ကျောက်မျက်ရတနာ**
**အသက်(၆၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်ထိန်ဝင်းလမ်းနေ ဒေါ်မိမိလွင်၏ခင်ပွန်း ဦးသိန်းမြင့်(81th batch, Mining; RIT)သည် ၁-၂-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**75-81 RIT Welfare Group မှ ALL Major သူငယ်ချင်းများ**

### ဦးရဲစိုးထွန်း အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ လေဆိပ်လမ်းသွယ်(၁)၊ ဆယ်မိုင်ကုန်း၊ စော်ဘွားကြီးကုန်း၊ အမှတ် ၄၅နေ(ဦးသာတင့်-ဒေါ်တင်အုန်းမေ)၊ မင်းဘူးမြို့နယ်နေ (ဦးအေး-ဒေါ်လှကြည်)တို့၏မြေး၊ (ဦးသန်းထွန်း)-ဒေါ်သန်းသန်းတင့်တို့၏သား၊ ဦးငြိမ်းချမ်းထွန်း(Cisco)-ဒေါ်မြရည်ညိုတို့၏အစ်ကို၊ ဒေါက်တာစိုးတင့်(ညွှန်ကြားရေးမှူး၊ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန)-ဒေါ်စန်းစန်းထွန်း(စက်မှုဝန်ကြီးဌာန၊ ငြိမ်း)၊ ဒေါ်ငွေငွေတင့်(တိုင်းရင်းဆေးဝါးစက်ရုံ)၊ ဒေါ်နွယ်နွယ်တင့်(အထက-၈၊ အင်းစိန်)တို့၏တူသည် ၆-၂-၂၀၁၈ရက် ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၂-၂၀၁၈ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### မောင်ကောင်းမြတ်ကျော်လင်း(ခ)ဖိုးခွား
**အလုပ်သင်ဆရာဝန်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်**
**အသက်(၂၂)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အဝေရာလမ်း၊ အမှတ်(၃၂-A)နေ ဦးကျော်လင်း(အင်ဂျင်နီယာချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ဝင်းဝင်းတို့၏သား၊မကျော်ကျော်နန္ဒာ၏မောင်သည် ၇-၂-၂၀၁၈ရက် ညနေ ၅း၁၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၈ရက် (သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အဝေရာလမ်း၊ အမှတ်(၃၂-A)နေ ဦးကျော်လင်း(အင်ဂျင်နီယာချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ဝင်းဝင်းတို့၏သား မောင်ကောင်းမြတ်ကျော်လင်း(ခ)ဖိုးခွားသည် ၇-၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲပါသည်။

**တံတားအထူးအဖွဲ့(၁၁)**
**ဒု-ညွှန်ကြားရေးမှူး၊ မြို့ပြနှင့်ဝန်ထမ်းများ**
**တံတားဦးစီးဌာန**

### ဖြည့်စွက်ဖတ်ရှုပါရန်

၇-၂-၂၀၁၈ရက်ထုတ် ဟာဂျီအဗ္ဗဒူရာမန်(ခ)ဦးအေးမောင် အသက်(၁၀၃)နှစ်၏နာရေးကြော်ငြာတွင် သမီးနှင့်သမက်ဖြစ်သူ ဦးအေးဖေ - ဒေါ်လှလှအေး အမည်ကျန်ရစ်ခဲ့ပါသဖြင့် ပြန်လည်ဖြည့်စွက်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဖြည့်စွက်ဖတ်ရှုပါရန်

၅-၂-၂၀၁၈ရက်ထုတ် မြန်မာ့အလင်း စာ-၃၁ပါ ဗိုလ်မှူးသန်းထွန်း (ငြိမ်း) အသက်(၅၁)နှစ်၏ နာရေးကြော်ငြာတွင် ပြင်ဦးလွင်မြို့(ခုတင်-၇၀၀)တပ်မတော်ဆေးရုံမှ ဆရာဝန်၊ဆရာမ၊ ဝန်ထမ်းများအားကျေးဇူးတင်ရှိပါကြောင်း ဖြည့်စွက်ဖတ်ရှုပါရန်။

### ဒေါ်မအေးခိုင်
**မြောက်ဦး-ကျောက်တော်**
**အသက်(၇၉)နှစ်**

ကျောက်တော်မြို့၊ မြို့သစ်ရပ်ကွက်၊ ငြိမ်းချမ်းရေးလမ်းနေ ဦးမောင်သာကျော်၏ဇနီး၊ ဦးဦးထွန်းရွှေ-ဒေါ်မသန်းဝင်း၊ (ဦးသန်းလှိုင်)-ဒေါ်ခင်စောရွှေ၊ဦးမောင်ဝင်းစိုး-ဒေါ်မသန်းအေး၊ ဦးမောင်တင်ထွန်းတို့၏မိခင်၊ ဦးဖိုးသာ(စစ်တွေ)၏ညီမ၊ (ဒေါ်မအေးကျိုင်)၊ (ဦးလှစိန်အောင်)၊ ဒေါ်မအေးဖြူ၊ (ဦးခင်မောင်)တို့၏အစ်မ၊ မြေးခြောက်ယောက်တို့၏ အဘောင်ရှင်သည် ၇-၂-၂၀၁၈ရက် နံနက် ၄း၂၀နာရီတွင်ကွယ်လွန်သွားပါ၍ ၈-၂-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ကျောက်တော်မြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဒေါ်လှလှ (တောင်ငူ)
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ တောင်ငူလမ်း၊ အမှတ် ၅၀၆နေ (ဦးဘိုးသိန်း-ဒေါ်မငယ်)တို့၏သမီး၊ ဦးစိန်မောင်၏ညီမ၊ ဦးဖုန်းမြင့်-ဒေါ်ခင်ကြည်တို့၏အစ်မ၊ ဦးမောင်စိုး-ဒေါ်မြင့်မြင့်ဝင်းတို့၏အဒေါ်၊ (ဦးအုန်းမြင့်)၏ဇနီး၊ဦးစိုးပိုင်(မြို့တော်/စည်ပင်)-ဒေါ်ခင်မိမိကျော်(စီးပွား/ကူးသန်း)တို့၏မိခင်၊မောင်ပြည့်ဖြိုးကျော်၊မလင်းလက်စိုးကျော်တို့၏အဘွားသည် ၇-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စောတင် (ရွှေဘို)
**အသက်(၉၈)နှစ်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း-ဒေါ်စန်းစန်းအေးတို့၏မိခင်ကြီး ဒေါ်စောတင်(ရွှေဘို) အသက်(၉၈)နှစ်သည် ၅-၂-၂၀၁၈ရက် ည ၈း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**ငွေကြေးမူဝါဒရေးရာနှင့်ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်မြကျင်(ခ)တိန်မီဟုန်
**ပန်းရိုးမဖိနပ်(မော်ဘီ)**
**အသက်(၉၀)**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁)ရပ်ကွက်၊ ၁၇လမ်း၊ အမှတ် ၂၈နေ (တန်ခဲပိုး)၏ဇနီး၊ ဒေါ်အေးသိန်း-(ဦးထွန်းစိန်)(အေးပုံနှိပ်တိုက်)၊ ဒေါ်မြင့်မြင့်ရီ-ဦးချစ်စိန်၊ ဦးမြင့်သိန်း(ခ)တန်ကြုံလင်(M.D Western Park Restaurant Group)-ဒေါ်ဘင်ဟာ၊ (ဒေါ်စန်းစန်းရီ-ဦးရန်ကြည်)၊ ဦးမြသိန်း(ခ)တန်ကြုံစွန်-ဒေါ်ခင်ချိုချို၊ (ဦးထွန်းသိန်း)-ဒေါ်မာလာနွယ်(ခ)ဒေါ်ဘေဘီ၊ (ဦးစံသိန်း)-ဒေါ်သန်းသန်းဆင့်၊ (ဒေါ်စန်းစန်းဝင်း)တို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၇-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်မြကျင်(ခ)တိန်မီဟုန် (မော်ဘီ)
**ပန်းရိုးမဖိနပ်ဆိုင်**
**အသက်(၉၀)**

မန်နေဂျင်းဒါရိုက်တာ ဦးမြင့်သိန်း REVA CO., Ltd နှင့် ဒေါ်ဘင်ဟာတို့၏မိခင်ကြီး ဒေါ်မြကျင်(ခ)တိန်မီဟုန်သည် ၇-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်မို့မို့ခိုင်၊ ဒေါ်တင်လတ်အောင်၊**
**ဒေါ်နီနီဝင်း၊ ဒေါ်နီနီလှိုင်၊**
**ဦးနိုင်ဝင်းဆွေ-ဒေါ်တင်သိုက်ဝင်း၊**
**ဒေါ်စုစုချစ်(Western Park)**

### ဒေါ်ခင်လှလှ အသက်(၈၂)နှစ်
**Mary Soe Yin [Miss University (1959-1960)]**

ရန်ကုန်မြို့၊ သံလွင်လမ်း၊ နွေဦးမာလာဥယျာဉ်၊ အမှတ် ၁၀၈နေ Capt. ဦးသိန်းလွင်၏ချစ်လှစွာသောဇနီး၊ ဦးအောင်မျိုးဦး(ATC Supply 1993, Co., Ltd.)-ဒေါ်နီလာလွင်(စိန်နွဲ့နှောင်း)၊ ဒေါ်စံပယ်လွင်၊ ဦးကျော်မိုးနိုင်-ဒေါ်ခေမာလွင်(U.S.A)၊ ဒေါက်တာဦးစန်းထွဋ်သီဟ(M.D)-ဒေါ်သစ္စာလွင်(U.S.A)၊ Capt. ဦးကျော်အောင်လွင်-ဒေါ်ရွှေရည်ထိုက်(GMLC)တို့၏ချစ်လှစွာသောမိခင်၊ မောင် Keith လွင်သီဟ(U.S.A)၊ မောင်သုတကျော်အောင်လွင်(DSY)၊ မောင်ဇောတကျော်အောင်လွင်(DSY)တို့၏အဘွားသည် ၇-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၈ရက် (သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ် ၁၀၈၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်လှလှ အသက်(၈၂)နှစ်
**Mary Soe Yin [Miss University (1959-1960)]**

ရန်ကုန်မြို့နေ (ဦးစိုးရင်-ဒေါ်စိန်လှိုင်)တို့၏သမီး၊ (မြို့မဖခင်ကြီး ဦးဘလွင်-မြို့မမိခင်ကြီး ဒေါ်သန်းညွန့်)တို့၏ချွေးမ၊ Capt.ဦးသိန်းလွင်၏ချစ်လှစွာသောဇနီး၊ (ဦးကျင်သိန်း)-ဒေါ်ကျင်သိန်း၊ [ပါမောက္ခချုပ် ဒေါက်တာဦးအောင်သန်း(သွား/ဆေး)-ဒေါ်ခင်မေအေး]၊ (ဒေါ်နုနု)၊ ဦးသိန်းဆွေ-(ဒေါ်မြမြအေး)၊ (ဦးတင်ဦး)-ဒေါ်ရီရီဦး၊(ဦးတင်သိန်း)-ဒေါ်သန်းသန်းအေး(U.S.A)၊ (ဒေါက်တာမျိုးမင်း)-ဒေါ်ထားရီ၊ (ဦးစိုးမင်း)-ဒေါ်ညွန့်ရီ၊ (ဒေါ်ညွန့်ရီ)၊ (ဒေါက်တာဦးရွှေတင်)(နှလုံးအထူးကု)-ဒေါက်တာဒေါ်မြတ်ထွေး၊ (ဗိုလ်ကြီးစိုးပိုင်)-ဒေါ်မေနှင်းအောင်တို့၏ညီမ/အစ်မသည် ၇-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၈ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၁၀၈ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါ်သန်းသန်းဝင်း(ခ) Margret Hla Aung
**စိန့်မိုက်ကယ်လ်ကျောင်းသူဟောင်း**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ခိုင်ရွှေဝါ(၂)လမ်း၊ အမှတ် ၁၁၂၇နေ (ဦးလှအောင်-ဒေါ်ငယ်)တို့၏သမီး၊ (ဦးစိန်-ဒေါ်ပုလဲယဉ်)တို့၏ချွေးမ၊ (ဦးအောင်ခင်)၏ဇနီး၊ (ဦးတင်ထွန်း)-ဒေါ်ဝသုန်မိုး၊ ဦးရဲမြတ်ခေါင်-ဒေါ်ဦးဦးမာ၊ ဦးအောင်အောင်ဇော်-ဒေါ်ယုမြတ်နိုင်တို့၏ချစ်လှစွာသောမိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၅-၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၉း၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၆-၂-၂၀၁၈ရက်တွင် မျက်ကြည်လွှာနှင့်ခန္ဓာကိုယ်အား မျက်စိဆေးရုံနှင့် ဆေးတက္ကသိုလ်(၂)သို့ လှူဒါန်းပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
### ဟာဂျီအဗ္ဗဒူရာမန်(ခ)ဦးအေးမောင်
**အသက်(၁၀၃)နှစ်**

ညောင်လေးပင်မြို့နေ (ဦးအလီ-ဒေါ်အေး)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ၁၀၁လမ်း၊ အမှတ် ၁၀၅ (မြေညီ)နေ (ဒေါ်ရန်)၏ခင်ပွန်း၊ (ဦးလှညွန့်)-ဒေါ်မြမြအေး၊ ဦးအေးဖေ-ဒေါ်လှလှအေး၊ (ဦးအလီဘိုင်-ဒေါ်တင်တင်အေး)၊ ဦးမြင့်ထွန်း-ဒေါ်သန်းသန်းအေး၊ ဦးအေးမောင်-ဒေါ်နွယ်နီအေး၊ (ဦးရဲထွန်းအေး)၊ (ဦးတင်သိန်း)-ဒေါ်ယမင်းအေး၊ ဦးထွန်းထွန်းအေး-ဒေါ်မြင့်မြင့်ခိုင်၊ ဦးထွန်းရွှေ-ဒေါ်ခင်မာအေး၊ ဦးတင်အောင်အေး-ဒေါ်လှလှဝင်းတို့၏ဖခင်၊ မြေး ၂၅ယောက်၊ မြစ် ၁၈ယောက်၊ တီ နှစ်ယောက်တို့၏အဘိုးသည် ၆-၂-၂၀၁၈ရက် ညနေ ၆း၀၆နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၇-၂-၂၀၁၈ရက် ဇာဟိုရ်အပြီး ရေဝေးစွန္နီကဘရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်အုန်း
**အသက်(၉၀)**

သူငယ်ချင်း တင်တင်သူ၏ဖခင်ကြီးသည် ၃-၂-၂၀၁၈ရက်(စနေနေ့) ည ၉း၄၇နာရီတွင်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၉ခုနှစ် စီးပွားရေးတက္ကသိုလ်**
**ဘွဲ့ရသူငယ်ချင်းများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်စီစီ
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ပန်းလှိုင်လမ်း၊ အမှတ် ၂၃(သုံးလွှာ)နေ (ဦးစံလင်း-ဒေါ်သန်း)တို့၏သမီး၊ (ဦးကျော်ခိုင်-ဒေါ်နီ)၊ (ဦးလှဘော်)-ဒေါ်ငွေရီ၊ ဦးမောင်အောင်-ဒေါ်မာမာရီတို့၏ညီမ၊ ဦးစိန်ဝင်း-ဒေါ်မြင့်တို့၏အစ်မ၊ ဦးခင်မောင်ဝင်း-ဒေါ်တင်မြင့်၊ ဦးဝင်းနိုင်-ဒေါ်သန်းသန်းထိုက်၊ ဦးသန်းလွင်-ဒေါ်စုစုမြင့်တို့၏မိခင်၊ တူ/တူမ ၁၅ယောက်တို့၏အဒေါ်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၇-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀နာရီတွင် အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းအိမ်ရာ၊ အခန်း ၂၁ နေအိမ်၌ကွယ်လွန်သွားပါ၍ ၉-၂-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ပန်းလှိုင်လမ်းနှင့် ခရိုင်ရုံးမှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ကြည်ကြည်မြ
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ ငွေကြာရံရိပ်သာ၊ အမှတ် ၈နေ [ဦးထွန်းရွှေ (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အိုးအိမ်ဦးစီးဌာန)]၏ ချစ်လှစွာသောဇနီး ဒုဗိုလ်မှူးကြီးဆန်းမောင်(တပ်မတော်ရေ-ငြိမ်း)-ဒေါ်ချယ်ရီထွန်း၊ (ဦးထွန်းလှမင်း)-ဒေါ်နီလာထွန်းတို့၏ချစ်လှစွာသောမိခင်ကြီး မနန္ဒာအောင်၊ မောင်ကျော်ဖြိုးမောင်တို့၏ ချစ်လှစွာသောအဘွားသည် ၃-၂-၂၀၁၈ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တက္ကသိုလ်များလှေလှော်အသင်းသားဟောင်းများအသင်း**
**(YUBC-OMA)**

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ညွန့်ရီ
**အသက်(၈၅)နှစ်**

ဝင်းအထူးကုဆေးခန်း၊ ဓာတ်ခွဲခန်းဌာနမှူး ဦးသန်းအောင်၏မိခင်ကြီးဖြစ်သူ ဒေါ်ညွန့်ရီသည် ၆-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဦးခင်မောင်ဝင်း(အသည်းအထူးကုဆရာဝန်ကြီး)-**
**ဒေါက်တာဒေါ်ခင်လေးရီ**

### ကိုအောင်မြတ်သူ(ခ)ဖိုးသဲ(ခ)ကာကာ
**အသက်(၃၅)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ ဇေယျသုခလမ်း၊ အခန်း ၅၊ အမှတ် ၂၃၆နေ ဦးအောင်ဝင်း(Uniteam Marine Ltd.)-ဒေါ်ခင်ဆွေဦး[Ministry of Hotel and Tourism (MTT) Information Counter]တို့၏သား၊ (ဦးဟန်သိန်း)-ဒေါ်ခင်ညွန့်၊ (ဦးငွေမောင်)-ဒေါ်ကျင်လှိုင်တို့၏မြေး၊ ဒေါ်ငွေငွေညွန့်(သိမ်ဖြူသဘော်ကျင်း၊ ရုံးအုပ်၊ ငြိမ်း)၊ ဒေါ်နီနီဟန်၊ (ဦးမျိုးဟန်)၊ ဒေါ်ခင်ခင်ဟန်၊ ဦးတင်ထွန်း-ဒေါ်အေးသန်းဦး၊ ဒေါ်မြမြဦး(အား/ကာသိပ္ပံ)၊ ဒေါ်လင်းလင်းဦး၊ ဒေါ်သင်းသင်းဦးတို့၏တူ၊ ဦးဖြိုးကိုကိုအောင်(Uniteam Marine Ltd.)၊ ဒေါ်ဖြိုးသူဇာဟန်(အထက-၃၊ဒဂုံဆိပ်ကမ်း)၊ ဦးပြည့်စုံအောင်(Uniteam Marine Ltd.)၊ ဒေါ်ဝင့်ရည်အောင်(အထက-၃၊ ဒဂုံဆိပ်ကမ်း)၊မအေးချမ်းပြည့်၊ ဦးညွန့်ဝင်းလွင်(အား/ကာသိပ္ပံ၊ နည်းပြနည်းစနစ်မှူး)၊ ဒေါ်မေဇင်ထွန်း၊ ကိုကျော်ဇင်ဟိန်း(ORB Design)၊ ကိုထက်ဝေယံ(ချယ်ရီဦး)၊ မဟန်ဇာလီရှိန်၊ မဇာခြည်မောင်မောင်၊ မောင်ပြည့်စုံအောင်တို့၏ညီ/အစ်ကိုသည် ၆-၂-၂၀၁၈ရက် ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၈ရက် နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မတူပီနှင့် မင်းတပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မင်းတပ်မြို့မဈေးသစ် တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**ကန်ပက်လက် ဖေဖော်ဝါရီ ၇**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ချင်းပြည်နယ် မတူပီမြို့၌ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယမန်နေ့ နံနက်ပိုင်းတွင် မတူပီ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး အလျားပေ ၁၅၀၊ အနံ ၅၆ ပေနှင့် အမြင့် ၂၈ ပေရှိ တိုးချဲ့လူနာဆောင်နှစ်ဆောင် တည်ဆောက်ပြီးစီးမှု၊ အလျား ၁၀၄ ပေ၊ အနံ ၄၃ ပေရှိ ရှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာနှင့် အလျား ၁၀၄ ပေ၊ အနံ ၅၃ ပေရှိ လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ ခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်စွာလွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဆေးရုံညွှန့်သည်တော် မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုကာ ဆေးကုသမှုခံယူနေကြသူများအား ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် မတူပီ- မင်းတပ်လမ်းရှိ လမ်းဦးစီးရိပ်သာသို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ မင်းတပ်မြို့ မင်းတပ်တက္ကသိုလ် တည်ဆောက်မည့်မြေနေရာအားကြည့်ရှုရာ ယာယီရှင်းလင်းဆောင်၌ ချင်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းတို့က ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက မင်းတပ်တက္ကသိုလ်နှင့် မင်းတပ်မြို့ သောက်သုံးရေလုံလောက်စွာရရှိစေရန် စီမံထားစေလိုပါကြောင်း၊ မောင်းချောင်းရေကို မင်းတပ်မြို့သို့ သွယ်ယူနိုင်ရေးအတွက် ပညာရှင်များဖြင့်

*စာမျက်နှာ ၅ ကော်လံ ၁* ❋

## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့် ကတ်ပြား ထုတ်ယူခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

၂၀၁၈ ခုနှစ် မတ် ၇ ရက်မှ မတ် ၁၆ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့် တောင်းထားကြသော ကျောင်းသား ကျောင်းသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက် တနင်္လာနေ့မှစ၍ ထုတ်ယူကြရမည်။

အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်း(ခွဲ)နှင့်(တွဲဖက်) အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို မိမိတို့ ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရမည်။

**ကြေညာထား**

ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှ ထုတ်ယူကြရမည်ဖြစ်ကြောင်း ကြေညာထားသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## KBZ Bank Women's League ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၇) တတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ သစ္စာအားမာန်အသင်းက တက္ကသိုလ်အသင်းကို ခြောက်ဂိုးပြတ် အနိုင်ရခဲ့သည်။



ရာသီဝက် ချန်ပီယံဆုအတွက် အရေးပါသည့်ပွဲ ဖြစ်သောကြောင့် သစ္စာအားမာန်အသင်းသည် အနိုင်သုံးမှတ်အပြင် ဂိုးပြတ် အနိုင်ရရန် ကြိုးပမ်းခဲ့သော်လည်း ခြောက်ဂိုးဖြင့်သာ အနိုင်ရခဲ့သည်။ ထို့ကြောင့် သစ္စာအားမာန်အသင်းသည် ရာသီဝက် ချန်ပီယံဆုအတွက် ယနေ့ကစားမည့် လက်ရှိချန်ပီယံ မြဝတီအသင်း၏ ဂိုးရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ သစ္စာအားမာန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့သော်လည်း ဂိုးရလိုစိတ်များနေသည့်အပြင် တက္ကသိုလ်အသင်း ခံစစ်အမှားမရှိခဲ့သောကြောင့် ဂိုးရနည်းခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၈၊ ၄၃၊ ၇၁ မိနစ်တွင် နီလာဝင်း၊ ၁၁ မိနစ်တွင် နော်အားလိုဝါးဖော၊ မိနစ် ၃၀ တွင် ခင်မိုမိုထွန်း၊ ၅၅ မိနစ်တွင် ဂျူလိုင်ကျော်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၇) တတိယနေ့ကို ဖေဖော်ဝါရီ ၈ ရက် **(ယနေ့)**ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဂန္ဓမာအသင်းနှင့် လက်ရှိချန်ပီယံ မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

**ပထဝီဝင် ဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ ၊ ၁၇ ၊ ၁၈ တွင် ဖော်ပြထားပါသည်။

